# မိုးကြိုး

The Lightning သတင်းစဉ်



## ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

*( ၁၅-၁-၉၉ )ရက်နေ့တွင် စတင်တည်ထောင်သည်* မြန်မာသက္ကရာဇ် ၁၃၆၃ ခုနှစ် ခရစ်နှစ် ၂၀၀၁ ခုနှစ် အမှတ်(၂၁)

## ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အန်အဲလ်ဒီအား အာဏာလွှဲပေးသင့် ဗိုလ်မှူးအောင်အဖွဲ့မှ သခင်သိန်းဖေ ပြောဆို



နအဖစစ်အုပ်စုအနေဖြင့် အမျိုးသားညီလာခံပြုလုပ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပြဋ္ဌာန်းမည်ဆိုပါက အချိန်ကြာသည့်အပြင် နိုင်ငံရေးအငြင်းပွားမှုများ ဖြစ်လာနိုင်သည့်အတွက် ဗိုလ်ချုပ်အောင်ဆန်းလက်ထက်က ရေးဆွဲခဲ့သည့် ၁၉၄၇ ခုနှစ်ဖွဲ့စည်းပုံနှင့် အမျိုး သားဒီမိုကရေစီအဖွဲ့ချုပ်အား အမြန် ဆုံး အာဏာလွှဲပေးသင့်သည်ဟု မိမိ အနေဖြင့်ယူဆကြောင်း ဗိုလ်မှူးအောင်နှင့် နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်(၂၃)ဦးအဖွဲ့ဝင်များထဲမှ သခင် သိန်းဖေ က လွတ်လပ်သောအာရှအသံ မြန်မာပိုင်းအစီအစဉ်နှင့် ဇူလိုင်လ (၂) ရက်နေ့ တွေ့ဆုံရာ၌ ပြောဆိုခဲ့သည်။

ထို့ပြင် ဗိုလ်မှူးအောင်နှင့် နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်(၂၃)ဦးတို့က ကမ္ဘာ့ငြိမ်းချမ်းရေးနိုဗဲလ်ဆုရှင်၊ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဌ ဦးအောင်ရွှေနှင့် ဒု-ဥက္ကဌ ဦးတင်ဦးတို့အား အကျယ်ချုပ် ချထားခြင်းမှ အမြန်ဆုံးလွှတ်ပေးရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ဇွန်လ(၂၀)ရက် နေ့စွဲဖြင့် ပန်ကြားလွှာတစောင် ပေးပို့ခဲ့ကြောင်း သိရသည်။

ထို ပန်ကြားလွှာထဲတွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် နအဖစစ်အုပ်စုတို့ယခုလို တွေ့ဆုံဆွေးနွေးမှုဖြစ်ပေါ်ခဲ့ရခြင်းသည် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးအောင်နှင့် နိုင်ငံရေးလုပ်ဖော် ကိုင်ဖက်များ၏ နအဖစစ်အုပ်စုအား အကြိမ်ကြိမ် မေတ္တာရပ်ခံခဲ့မှုရလာဒ် ဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

ထို့ပြင် "တို့ပြန်တယ်ရယ်လို့ တိတိကျကျတော့ မတွေ့ရပါဘူး။ သို့သော် အဲဒီနောက်ဆုံး တွေ့ဆုံဆွေးနွေးရေးဖြစ်လာပြီးတဲ့နောက် ကိုးကြိမ်-ဆယ်ကြိမ်လောက် အကြံဉာဏ် ပေးတော့မှတွေ့တာကိုး။ရာဇာလီ အစ္စမိုင်းလာလို့ပဲ တွေ့တယ်လို့ ဆိုဆိုပေါ့လေ။ ကျနော်တို့ကလည်း ကျနော်တို့ တိုက်တွန်းလို့ တွေ့တာဆိုတော့ အဲဒါ ဝမ်းသာတာပါပဲ။ တွေ့ပြီးရင် အဖြေတော့ ကျနော်တို့က ရလိမ့်မယ်ထင်တယ်လေ။ ကျနော်တို့ကလည်း ဒါကို မြန်မြန်ထွက်ပါစေလို့ မျှော်လင့်နေကြတာပဲ" ဟု ဗိုလ်မှူးအောင်နှင့် နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များ (၂၃)ဦး အဖွဲ့ဝင်များထဲမှ သခင်သိန်းဖေက လွတ်လပ်သောအာရှအသံနှင့်တွေ့ဆုံရာတွင်ပြောဆိုသွားခဲ့သည်။ ❖

## တပ်မတော်၏ အခန်းကဏ္ဍအခြေခံဥပဒေတွင် အထူးအလေးထား အသိအမှတ်ပြုရန် မည်သည့်ပြစ်မှုဆိုင်ရာဥပဒေမှ နောက်ကြောင်းပြန်အာဏာသက်ရောက်မှု မရှိစေရန်

### နအဖစစ်အုပ်စုနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ တတိယအကြိမ်တွေ့ဆုံညှိနှိုင်းမှုတွင်ပါရှိ



နအဖစစ်အုပ်စုနှင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်တို့ တတိယ အကြိမ်တွေ့ဆုံညှိနှိုင်းကြရာတွင် နအဖစစ်အုပ်စုမှ ရည်ရွယ်ထားရှိသော အခြေခံဥပဒေ(ကြမ်း)ကိုသာ အဓိက ထားဆွေးနွေးညှိ နှိုင်းကြကြောင်း နအဖစစ်အုပ်စုအတွင်းရေးမှူး(၁) ဒု-ဗိုလ်ချုပ်ကြီး ခင်ညွန့်မှ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ တင်ပြသော အစီရင်ခံစာ အရသိရှိရသည်။

**ပြည်ထောင်စုနိုင်ငံတော်**

ထို အခြေခံ ဥပဒေ (ကြမ်း)ထဲတွင် နိုင်ငံတော်၏ပုံစံကို ဖက်ဒရယ် ပြည်ထောင်စုဟုမသုံးဘဲ အဆင့်အတန်းတူညီပြီး ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ရှိသည့် ပြည်နယ်(၁၄)ခုက ပြည်ထောင်စုအဖွဲ့ဝင်များအဖြစ်ပါဝင် ရန်ဟု ဖော်ပြထားကြောင်း တွေ့ရသည်။



ထို့ပြင် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် ပြည်ထောင်စုကြီးနှင့် မခွဲခွာစတမ်း ထာဝရ မြဲမြံစွာဖွဲ့စည်းထားရန်၊ နိုင်ငံအဖြစ် ထူထောင်သွားမည်ဖြစ်သဖြင့် နိုင်ငံတော် အကြီးအကဲသည် သမတဖြစ်သင့်သည့်အပြင် ရပ်ပြသဘောမျိုး မဟုတ်သည့်ယိုဖိုနွှတ်ရှိသော အကြီး အကဲမျိုးဖြစ်သင့်ကြောင်း၊

**တပ်မတော်**

တပ်မတော်သည် ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထားပြီး အဓိကအားဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ကိုထမ်းဆောင်နေသော အမျိုးသားအင်အားတရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားရေး အစဉ်အလာရှိသည့် တပ်မတော်၏ အခန်းကဏ္ဍကို အထူးအလေးထား အသိအမှတ်ပြုရန်နှင့် အခြေခံဥပဒေတွင်မူတရပ်အနေဖြင့်ပါဝင်သင့်သည့် အပြင် အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် နိုင်ငံတော်၏ ဥပဒေပြုမှုအပိုင်းနှင့် အုပ်ချုပ်မှုအပိုင်းတို့၌ ထိုက်သင့်သောနေရာမှသင့်လျော်သလို ပါဝင်သင့်ကြောင်း တင်ပြထားသည်။

**အနောက်တိုင်းဒီမိုကရေစီ မကျင့်သုံးရန် ရှောင်ရှားရန်**

ဂုဏ်သိက္ခာရှိသော ပါတီစုံစနစ်ကိုကျင့်သုံးပြီး အနောက်တိုင်း နိုင်ငံများ၏ ဒီမိုကရေစီစနစ်ကိုမကျင့်သုံးဖို့ ရှောင်ရှားဖို့လိုကြောင်း။

**လွှတ်တော်နှစ်ရပ်**

အထက်လွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ဟူ၍ လွှတ်တော်နှစ်ရပ်ထားရှိရေးသည် အခြေခံဥပဒေရေးရာအယူအဆ သဘောတရားများနှင့်လည်း ကိုက်ညီကြောင်း၊ ပြည်ထောင်စုနိုင်ငံတော်၏အဖွဲ့ဝင် ပြည်နယ်အသီးသီးတွင်လည်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် မူအရ လွှတ်တော်များထားရှိသင့်ကြောင်း ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်တခုသည် ထိုက်တန်သည့်လုပ်ပိုင်ခွင့်များ၊ တာဝန်များပေးအပ်ရန် အခြေခံဥပဒေတွင်အခိုင်အမာပြဋ္ဌာန်းသင့်ကြောင်း။

**မည်သည့်ပြစ်မှုဆိုင်ရာဥပဒေမှ နောက်ကြောင်းပြန် အာဏာသက်ရောက်ခြင်းမရှိစေရ**

စစ်မှန်သော ဒီမိုကရေစီလူနေမှုစနစ်ကို တရားဥပဒေရှုထောင့်မှ ကာကွယ်စောင့်ရှောက်ရမည့် အချက်များပါသင့်ပြီး ဥပဒေနှင့်အညီ လွတ်လပ်သောတရားစီရင်ရေး ဖြစ်သင့်ကြောင်း၊ ဥပဒေတားမြစ်ချက်မှအပ ပြည်သူလူထု ရှေ့မှောက်တွင် တရားစီရင်သော တရားစီရင်ရေးဖြစ်သင့်ပြီး ခုခံချေပခွင့်နှင့် ဥပဒေအရ အယူခံပိုင်ခွင့်များ ရှိသင့်ကြောင်း၊လွတ်လပ်သောအချုပ်အခြာအာဏာကိုထိပါးစေမည့်နိုင်ငံလုံးဆိုင်ရာအရေးပေါ်အခြေအနေများ ဖြစ်ပေါ်လာပါကတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်သင့်ကြောင်း အခြေခံဥပဒေအာဏာတည်သောနေ့ မတိုင်မီက နိုင်ငံတော်အာဏာကို တာဝန်ယူဆောင်ရွက်နေသောအစိုးရ၏လုပ်ငန်းများသည်အခြေခံဥပဒေအရဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းမှတ် ယူရန်တို့ပါရှိကြောင်း(၃၀-၃-၂၀၀၁) ရက်စွဲပါစာအမှတ်-၁၀၄ နယဖ/အတရအထူးစည်းဝေး-၁၂/၀၁-အတရ/ရကဗ ဖြင့် ဒု-ဗိုလ်ချုပ်ကြီးခင်ညွန့်က ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံတင်ပြသော အစီရင်ခံချက်အရသိရှိရပါသည်။

❖❖❖

## ၅၄ နှစ်မြောက် အာဇာနည်နေ့အခမ်းအနားနှင့် ပတ်သက်၍ NLD (CEC) ဦးလွင်နှင့် RFA တို့၏ တွေ့ဆုံမေးမြန်းချက်။



ဦးလွင်(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)

**RFA**။ ။ ဒီနှစ်အာဇာနည်နေ့ကို NLD ခေါင်းဆောင်ပိုင်းတွေတက်ရောက်ခဲ့တယ်လို့သိရပါတယ်။ဟုတ်ပါသလား။ ဒေါ်အောင်ဆန်းစုကြည်ရော မတက်ရောက်ဘူးလို့ သိရပါတယ်။ ဘာဖြစ်လို့ပါလဲ။

**ဦးလွင်**။ ။ ဒေါ်အောင်ဆန်းစုကြည်က အကျယ်ချုပ်ချထားခံရတဲ့အတွက် မလာနိုင်ဘူး။

**RFA**။ ။ ဦးတင်ဦးနဲ့ ဦးအောင်ရွှေက လာခွင့်မရလို့မလာတာလား။ ဒါမှမဟုတ် သူတို့သဘောအရ မလာတာလား။

**ဦးလွင်**။ ။ သူတို့ကလည်း အထိန်းသိမ်းခံနေရတာပဲ။ ဒေါ်အောင်ဆန်းစုကြည်လို ........။

စာမျက်နှာ(၆)သို့⇔

## သတင်းစာဆရာစာရေးဆရာမစမ်းစမ်းနွဲ့(သာယာဝတီ)နှင့် အဖွဲ့ချုပ်ဝင် ၁၀ ဦးတို့ပြန်လည်လွှတ်မြောက်



ဆရာမစမ်းစမ်းနွဲ့(သာယာဝတီ)

၁၉၉၄ ဩဂုတ်လကတည်းက နအဖစစ်အကျဉ်းထောင်အတွင်း အကျဉ်းကျခံနေရသော မြန်မာနိုင်ငံစာပေလောကတွင်ထင်ပေါ်ကျော်ကြားလှသည့် စာရေးဆရာ၊ သတင်းစာဆရာမစမ်းစမ်းနွဲ့(သာယာဝတီ)သည် အခြားနိုင်ငံရေးအကျဉ်းသား ၁၀ ဦးတို့နှင့်အတူ ဇူလိုင်လ ၁၈ ရက်နေ့ညနေပိုင်းတွင် ပြန်လည်

●စာမျက်နှာ(၇)ကော်လံ(၁)သို့⇔



မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

# မင်းဆိုးကို မိုးကြိုးပစ်ပြီ

## အယ်ဒီတာ့အာဘော်

### တော်လှန်သည့် တိုင်းချစ်ပြည်ချစ်စိတ်ဓါတ်ကိုစိုက်ထူကြ ဖောက်ပြန်သည့် နအဖ စစ်အုပ်စု၏ မဟာလူမျိုးကြီးဝါဒအားဆန့်ကျင်တိုက်ဖျက်ကြ

ယခုတလော မီဒီယာများက "ထိုင်း – ဗမာ" အရေးကိုစစ်ဖြစ်ပွား တော့မည့်အလား ရေးသားပြောဆိုကြသည်ကို တွေ့နေကြားနေရသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် နအဖ စစ်အုပ်စုက NLD ခေါင်းဆောင်နှင့် ကျိတ်ပြီး ဆွေးနွေးနေသည့် အချိန်လည်းဖြစ်သည်။ ဤကျိတ်ဝိုင်းတွင် ကာယကံရှင် နှစ်ဘက်တို့၏ အခြေအနေကို သုံးသပ်ပါက စစ်အုပ်စုသည် ဘက်ပေါင်းစုံ အကျပ်အတည်း နှင့် တွေ့ကြုံနေရသည့် အချိန်အခါဖြစ်သည်။ ဤသော့ချက်ကျသည့် နိုင်ငံရေး အကျပ်အတည်းကို ဖြေရှင်းရန် NLD ခေါင်းဆောင်နှင့် အတွင်းကျိတ် စကားပြောပွဲ လုပ်နေကြသည်။ ဤစကားပြောပွဲကို ပြည်သူများက မျှော်တလင့်လင့် စောင့်စား နေကြသည်။ ဤစကားပြောပွဲမှာ (၈)လကျော်ကြာမြင့်ခဲ့ပြီးဖြစ်သော်လည်း မည်သည့်အဖြေမျှ ထွက်လာခြင်းမရှိသေးချေ။ အလွန်ပင် စိတ်မရှည်စရာ ကောင်းပေသည်။

"ထိုင်း – ဗမာ"အရေးတွင် နှစ်ဘက်စလုံးမှ မူးယစ်ဆေးဝါးကိစ္စကို အကြောင်းပြလျက်ရှိသည်။ ဤကဲ့သို့ ဖြစ်ရသည့် အရေးထဲတွင် အင်အားကြီး နိုင်ငံများ၏ မီဒီယာများက ဆွပေး၊ဖွပေးလျက်ရှိနေသည်ကို တွေ့ရပြန်သည်။ စိတ်မအေးစရာဖြစ်သည်။ အမှန်မှာ မူးယစ်ဆေးဝါး နယ်ကျော်မှုကိစ္စမျိုးဖြင့် နှစ်နိုင်ငံအကြား စစ်ပွဲကြီးဖြစ်လာရသည့်အထိ မဖြစ်သင့်ပေ။ ဤဖြစ်ရပ်တွင် ဗမာပြည်ပြည်သူများက ဤအခြေအနေကို လုံးဝဆန့်ကျင်လျက်ရှိသည်။ ပြည်သူ များကို အမှန်တကယ် ကိုယ်စားပြုသည့် ပြည်ချစ်ဒီမိုကရေစီ အစိုးရတရပ် ပေါ်ပေါက်လာပါက ဤပြဿနာကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်မည်ဖြစ်သည်။

တိုင်းပြည်တိုင်းတွင် မိမိအမျိုးသား အကျိုးစီးပွား ရှိပေသည်။ သို့သော် အမျိုးသားအကျိုးစီးပွားကို ပြဌာန်းပိုင်ခွင့် ရှိသူများမှာ အစိုးရ များဖြစ်ကြသည်။ ယခုကျနော်တို့တိုင်းပြည်တွင် စစ်အုပ်သည် မိမိစစ်အုပ်စု အကျိုးစီးပွားကို အမျိုးသားအကျိုးစီးပွားအဖြစ် ပြုလုပ် လျက်ရှိသည်။ ဤကဲ့သို့ ပြုလုပ်ခြင်းကြောင့် ကျွန်ုပ်တို့ တိုင်းပြည်အတွက် လွန်စွာမှ အန္တရာယ်ရှိပေသည်။ ယနေ့အချိန်တွင် ကျွန်ုပ်တို့တိုင်းပြည်၏ စစ်မှန်သော အကျိုးစီးပွားမှာ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးနှင့် စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး၊တန်းတူသွေးစည်းသော ပြည်ထောင်စုစစ်စစ် ထူထောင်ရေးပင်ဖြစ်သည်။ မူးယစ်ဆေးဝါး ပြဿနာကို အထက်ပါ အမျိုးသားအကျိုးစီးပွားအောက်တွင် အလွယ်တကူ ဖြေရှင်းနိုင်မည်ဟု ယုံကြည်သည်။ ထိုင်း–ဗမာ စစ်ပွဲဖြင့် ဖြေရှင်းရမည့် ကိစ္စမဟုတ်ပေ။

ထိုင်း–ဗမာအရေးသည် ခါတော်မီ ဖန်တီးထားသည့် အရေးဖြစ်သည်။ စတင်ဖန်တီးကြသူများမှာ NLD နှင့် နအဖတို့ အပေးအယူလုပ် စေ့စပ်သွားပါက ၎င်းတို့၏ တက်လမ်းပိတ်မည်ကို စိုးရိမ်နေသည့် စစ်အာဏာရှင်ထိပ်ပိုင်း ဗိုလ်ချုပ်အချို့တို့ဖြစ်သည်။ ထွက်လာချင်သူများဖြစ်ကြသည်။ ပွင့်ပွင့်လင်းလင်း ပြောရလျှင် NLD နှင့် နအဖ တို့ ဒီမိုကရေစီအခြေခံ ချသွားနိုင်ခဲ့လျှင် အဆိုပါစစ်အာဏာရှင်ထိပ်ပိုင်းဗိုလ်ချုပ်အချို့အနေဖြင့် စစ်အစိုးရ တက်လုပ်ရန် အခွင့်အလမ်း ပိတ်သွားမည်ကို စိုးရိမ်နေကြသည်။ တချိန်တည်းတွင် ယနေ့ ဗမာပြည်ပြဿနာကို ပြဿနာမကြီး ကြီးအောင် ချဲ့နေကြသည့် ပြင်ပအင်အားစုများလည်း ရှိသည်။ နယ်စပ်ဒေသတွင်လည်း "ဘိန်းစစ်ပွဲ"က တငွေ့ငွေ့ တောက်လောင်လျက်ရှိသည်။ ယင်းကြောင့် လူမျိုးပေါင်းစုံ ဗမာပြည်သူများအဖို့ ဤပြဿနာနှင့် အထူးသတိရှိကြရမည်။ အချိန်မရွေးဖောက်ပြန်သည့် စစ်ပွဲကြီး ဖြစ်လာနိုင်သည်။ ဤကဲ့သို့ ဖြစ်ပွားလာပါက တိုင်းပြည်အတွက် အကျိုးမဲ့စေမည်သာဖြစ်သည်။ ဤစစ်ပွဲမျိုးကို တော်လှန်သည့် တိုင်းချစ် ပြည်ချစ်စိတ်ဓါတ်ရှိသူများ လုံးဝမတိုက်သင့်ပေ။ အကယ်၍ တိုင်းပြည်အကျိုး အမှန်တကယ်ဖြစ်စေမည့် စစ်ပွဲမျိုးဖြစ်ပါက မည်မျှပင် အင်အားကြီးမားသည့် ရန်သူဖြစ်ပါစေ၊ တော်လှန်သည့် တိုင်းချစ်ပြည်ချစ် စိတ်ဓါတ် အပြည့်အဝဖြင့် ကျွန်ုပ်တို့ တိုက်ခိုက်သွားမည်ဖြစ်သည်။

NLD အား အပြီးအပိုင် ဖျက်သိမ်းတော့မည်ဟု မမျှော်လင့်သော သတင်းရပ်ကွက်တခုမှ ထွက်လာနေသည်။ ဤသတင်းမှာ ကောလဟာလ သတင်းမဟုတ်ကြောင်း ပြသလျက်ရှိသည်။ တစည ဥက္ကဌ ဗိုလ်သာကျော်မှ နအဖ သဘာပတိ ဗိုလ်သန်းရွှေထံသို့ ပေးစာတွင် ဤသတင်းကို အတိအလင်း အတည်ပြုထားသည်ကို တွေ့ရသည်။ ဤကဲ့သို့သော ဖောက်ပြန်သည့်လုပ်ရပ်ကို စစ်အာဏာရှင် ထိပ်ပိုင်း ဗိုလ်ချုပ်အချို့အနေဖြင့် ပြုလုပ်နိုင်လာစရာ အကြောင်း ရှိသည်။

ယခုစစ်အုပ်စု၏ ထိုင်းနိုင်ငံနှင့် ဖြစ်ပွားလျက်ရှိသည့် "စကားစစ်ထိုးပွဲ" သည် စစ်အစိုးရမှ အသားလွတ် ဘဝင်မြင့်ပြီး ပြုလုပ်လိုက်သည့် မဟာလူမျိုးကြီး ဝါဒီများ၏ လုပ်ရပ်ပင်ဖြစ်သည်။ ဤလုပ်ရပ်ကြောင့် တိုင်းပြည် ဒုက္ခရောက်သွားနိုင်သည်။ ဤ ကဲ့သို့ ဖြစ်လာပါက တစညပါတီ စိုးရိမ်သကဲ့သို့ တပ်မတော် ပြိုကွဲရုံ ကိစ္စနှင့် မပြီးချေ။ တိုင်းပြည် ပြိုကွဲမည့် အန္တရာယ်ကြီး ကပ်ပါလာလိမ့်မည်။ ဤကဲ့သို့ ဖြစ်စေနိုင်သည့် မည်သည့်လုပ်ရပ်မျိုးကိုမဆို ကျွန်ုပ်တို့ ပြည်သူများသည် တော်လှန်သော တိုင်းချစ်၊ပြည်ချစ်စိတ်ဓါတ်ဖြင့် ဖောက်ပြန်သည့် နအဖ စစ်အုပ်စု၏ မဟာလူမျိုးကြီး ဝါဒအား ပြတ်ပြတ်သားသား ဆန့်ကျင်တိုက်ဖျက်ကြရန် အလေးအနက် ရေးသားတိုက်တွန်း အပ်ပါသည်။

# မူးယစ်ဆေးဝါးနှင့် မြန်မာပြည်

**ဇလပ်ဖြူ**

မြန်မာနိုင်ငံတွင်းမှာ မူးယစ်ဆေးဝါးပြဿနာတွေ ကြီးမားနေပြီး လူသားတရပ်လုံးအတွက်လည်း အန္တရာယ်ရှိနေပြီဆိုတာ သေချာနေပါပြီ။ လွတ်မြောက်နယ်မြေကထုတ်တဲ့ သတင်းစာတွေမှာလည်း မြန်မာပြည်တွင်းက မူးယစ်ဆေးဝါးသတင်းတွေကို လစဉ်လိုလို ဖတ်ရှုနေရပါတယ်။ တနေ့က ဂျပန်နိုင်ငံကထုတ်တဲ့VOICE of BURMA သတင်းစဉ်ကို ဖတ်ရင်း ကျမကိုယ်တိုင် ကြုံတွေ့ခဲ့ရတဲ့ တောင်ပေါ်ဆေးရုံက အဖြစ်အပျက်တခုကို သတိရလိုက်မိပါတယ်။

ချင်းပြည်နယ်ရဲ့ဆောင်းဆိုတာ အင်မတန်မှပဲ အေးလှပါတယ်။လျှပ်စစ်မီးဆိုတာကလည်း မနက်ဆို နာရီဝက် ညဆို နာရီဝက်သာရတော့ ဒီလိုဝေးလံတဲ့ဒေသတွေမှာ မီးသွေးကိုပဲအားပြုပြီး သုံးကြရတာပါ။ ဒီလိုနဲ့ ချမ်းလွန်းလို့ အိပ်မရတဲ့ဆောင်းတညမှာ ကျမနေတဲ့အဆောင်ကို လူတစုရောက်လာပါတယ်။ အခန်းထဲမှာရော အခန်းအပြင်မှာပါ မီးရောင်မရှိတော့ လာရောက်တဲ့သူ ဘယ်သူ ဘယ်ဝါဆိုတာလည်း မမြင်နိုင်ပါဘူး။ ဒီလိုအချိန်မှာပဲ "ဒေါက်တာ....ဒေါက်တာ.... ကျနော်တို့ပါ"တဲ့။ ညလည်း (၉)နာရီလောက် ရှိနေပြီ။ ဘယ်သူ ဘယ်ဝါပြန်မေးရင်း မျက်မှန်းတန်းမိနေတဲ့ ကျူရှင်ဆရာက သူ့နာမည်ကို ခေါ်ပြောလာပါတယ်။ ဒါနဲ့ ကျမလည်း တံခါးဖွင့်ပေးလိုက်ပါတယ်။ ဒီမှာ ကျမသိတဲ့လူဆိုလို့ အဲဒီ ကျူရှင်ဆရာတယောက်သာ ပါပြီး ကျန်သူ(၇)ယောက်ကိုတော့ လုံးဝ မသိပါဘူး။

အဲဒီ အဖွဲ့မှာပါတဲ့ ခရိုင်ဥပဒေအရာရှိဆိုသူက ကျမကို စကား စဆိုပါတယ်။ "ဒေါက်တာ မနက်ဖန်မနက် (၁၀)နာရီ တရားရုံးရုံးချိန်းရှိပါတယ်" တဲ့။(ဒါ ဆရာဝန်တယောက်ကို တရားရုံးတော်က နှုတ်သမ္မာန်စာ ဆင့်ခေါ်မှု နည်းသစ်ပါပဲ) "ဒေါက်တာ ထွက်ရမယ့်အမှုက မူးယစ်မှုပါ ။ ဒီအမှုက ကျနော်တို့မြို့နယ်အမှု မဟုတ်ဘဲ ချင်းပြည်နယ် တီးတိန်ကအမှု ဖြစ်နေပါတယ်။ သူ့လက်ထဲမှာလည်း တီးတိန်ဆရာဝန်ရဲ့သူ့ကိုယ်စားသက်သေထွက်ပေးဖို့ အကူအညီတောင်းစာနဲ့ ဆေးစာထင်မြင်ချက် ပါလာပါတယ်"

တကယ်တမ်း ဥပဒေကြောင်းအရဆိုရင် သမ္မာန်စာဆိုတာ ရုံးကိစ္စဖြစ်တဲ့အတွက် ဌာနချင်းသာ ဆက်သွယ်ရမှာဖြစ်ပြီး ဆေးစာထင်မြင်ချက်ဟာလည်း တရားရုံးမှာရှိနေရမှာ ဖြစ်ပါတယ်။အခုအခါမှာတော့ ဒါတွေအားလုံးကို တရားခံများရဲ့ ဆွေမျိုးသားချင်းများကတဆင့် သယ်ဆောင်လာကြပါတယ်။

ဆေးပညာသည်များ ကျင့်ဝတ်အရ တီးတိန်ဆရာဝန်ရဲ့ အကူအညီတောင်းခံမှုကို ကျမလက်ခံနိုင်ပါတယ်။ ဒါပေမယ့် ဒီအမှုနဲ့ပတ်သက်ပြီး တီးတိန်ဆရာဝန်ရဲ့ ထင်မြင်ချက်ကို ကျမအနေနဲ့ ထွက်ဆိုမပေးနိုင်ပါ။ ထိုအခါ ဥပဒေအရာရှိက ပြောပေးဖို့ဆိုလာပြန်ပါတယ်။

အမှုက ဒီလိုပါ။ အိန္ဒိယ–မြန်မာနယ်စပ်က အမ်ဖက်တမင်း(သို့မဟုတ်) မြင်းဆေးခေါ် စိတ်ကြွဆေးပြားများ ကုန်ကူးသန်းမှု ဖြစ်ပါတယ်။ တရားခံ(၂)ဦးဟာ နယ်စပ်မှ တီးတိန်ကို ကားကြုံနဲ့ ပါလာသူတွေဖြစ်ပါတယ်။ကားပေါ်မှာ ခရီးသည်(၈)ဦးပါရှိပြီး ကားမောင်းသူအပါအဝင် စုစုပေါင်း(၁၁)ဦး ဖြစ်ပါတယ်။ နယ်စပ်တနေရာအရောက် ထောက်လှမ်းရေးကရှာဖွေတော့ သယ်လာတဲ့ ဆေးပြားများကိုတွေ့ရှိပြီး မူးယစ်ဆေးဝါးမှုနဲ့ အားလုံးကို ဖမ်းဆီးလိုက်ပါတော့တယ်။ အဲဒီနောက် တီးတိန်ဆေးရုံကိုပို့ပြီး မူးယစ်ဆေးဝါး သုံးစွဲမှု ရှိ မရှိ တာဝန်ကျဆရာဝန်ကို စစ်ခိုင်းပါတယ်။

အားလုံးထဲမှာ (၉)ယောက်က မူးယစ်ဆေးဝါး အမှန်တကယ်ကုန်ကူးသူတွေဖြစ်တယ်။ဒါပေမယ့် သက်ဆိုင်ရာကိုလိုက်ပြီး ပြေလည်အောင် ဖြေရှင်းတဲ့အခါ ကောင်စစ်ဝန်ရဲ့အဖြေလွှာမှာ"မူးယစ်ဆေးဝါး ရှာဖွေတွေ့ရှိခြင်း မရှိပါ"လို့ ပြန်ကြားလာပါတယ်။ အခုအမှုဖြစ်သူ(၂)ဦးကတော့ ရိုးသားတဲ့ ခရီးကြုံများဖြစ်ပြီး အမှန်တကယ် ကုန်ကူးသူ(၉)ဦးလို လိုက်လံ ဆောင်ရွက်တာမျိုးမလုပ်တဲ့အတွက် ကောင်စစ်ဝန်ရုံးက "အဆိုပါ ပုဂ္ဂိုလ်(၂)ဦး၏ ဆီးနှင့်သွေးတို့တွင် မူးယစ်ဆေးဝါး တွေ့ရှိရကြောင်း"မှတ်ချက်ပါလာပါတော့တယ်။ ဒီလို မျိုးဇာတ်လမ်းတွေမှာ ဘယ်သူမှန်တယ် ဘယ်သူမှားတယ် ဆိုတာကို ကာယကံရှင်တွေသာ အသိဆုံးဖြစ်မှာပါ။ဒါပေမယ့် ခေတုဗေဒ စစ်ဆေးချက်အဖြေလွှာကိုမှုတည်ပြီး ထင်မြင်ချက်ပေးရတဲ့ ကျမတို့လိုဆရာဝန်တွေမှာ ဒီလိုမျိုးနှလုံးနာဖွယ်ရာ ဇာတ်လမ်းတွေကြောင့် များစွာ စိတ်မသက် မသာ ဖြစ်ရပါတယ်။

ဒါပေမယ့် တရားခံ(၂)ဦးရဲ့ဆွေမျိုးသားချင်းတွေက ဘယ်လို ဆောင်ရွက်လိုက်သလဲမသိ။ ဆရာဝန်ရဲ့ ဆေးမှတ်တမ်းထဲမှာ ခေတုဗေဒကောင်စစ်ဝန် ၏ ဆေးစစ်ချက်တွင် မူးယစ်ဆေးဝါး (Morphine)တွေ့ရှိရခြင်းမှာ ကျွန်ုပ်ဆရာဝန်က ကိုမက်သာဇင်ဆေးဝါးတိုက်ကျွေး၍ ဆေးကုသမှုကြောင့် ဟု ရေးသားထားပါတယ်။ ဒီနည်းနဲ့ တရားခံ(၂)ဦးကို လွတ်မြောက်စေလိုကြပါတယ်။

ကျမတို့ဆရာဝန်တွေဆိုတာ မူးယစ်ဆေးဝါးမှုနဲ့ရောက်လာတဲ့ လူနာတွေကို မူးယစ်ဆေးဝါးပါရှိတဲ့ ဆေးများပေးပြီး ဆေးကုသဖို့ လိုအပ်လာတဲ့အခါ ဦးစွာပထမ သွေး၊ဆီးတို့ကိုနမူနာယူထားပြီး သက်ဆိုင်ရာဆရာဝန်ကြီး(သို့မဟုတ်) ဆေးရုံအုပ်ထံကနေ ခွင့်ပြုချက်ယူ ဒါမှမဟုတ် အသိပေးပြီးမှသာ သုံးခွင့်ရှိကြပါတယ်။

အဆိုပါ တီးတိန်ဆရာဝန်ဆိုသူကလည်း စာရေးသူနဲ့ကျောင်းနေဖက်ဖြစ်ပြီး အင်မတန်ရိုးသားကြိုးစားတဲ့သူတယောက်ဖြစ်လို့ သူကိုယ်တိုင်လည်း စည်းကမ်းများ လိုက်နာမယ်ဆိုတာ သေချာလှပါတယ်။

ဒါ့အပြင် ဆေးစာမှာပါရှိတဲ့ "၎င်း လူနာသည် ချောင်းဆိုးရင်ကြပ် သတိလစ်ကာရောက်ရှိလာပြီး ကိုမက်သာဇင်ခေါ် ချောင်းဆိုးပျောက်ဆေး တိုက်ကျွေးရာမှ သက်သာကောင်းမွန်သဖြင့် နောက်တနေ့ ဆေးရုံမှ ဆင်းသည်"ဆိုတဲ့စာပိုဒ်ဟာ လုံးဝ အဓိပ္ပါယ်မရှိတဲ့အတွက် ဆရာဝန်တယောက် ရေးတဲ့စာ မဟုတ်နိုင်ပါဘူး။

သတိလစ်လူနာတယောက်ကို ကွန်မက်သာဇင် တိုက်ကျွေးရာမှ ပျောက်ကင်းသည်ဟု မည်သည့် ဆေးစာတွင်မှ မပါရှိပါ။ ဒါကြောင့် အဆိုပါ ကိုမက်သာဇင်ကြောင့် သွေးနှင့်ဆီးတွင် မော်ဖင်း(Morphine)တွေ့ရှိနိုင်ကြောင်းမှာ ပိုပြီးယုတ္တိမတန်တော့ပါ။

ကိုမက်သာဇင်တွင် ကိုဒင်း (Codeine)သာပါဝင်ပြီး အကယ်၍ ဖြစ်နိုင်ခဲ့ပင်လျှင် ကိုဒင်းသာ ဖြစ်နိုင်ဖွယ်ရာရှိပါတယ်။အဲဒါကြောင့် အင်မတန်ရိုးသားတဲ့ ကျမသူငယ်ချင်း တီးတိန်ဆရာဝန်အတွက် ကျမမှာ စိတ်မကောင်းကြီးစွာဖြစ်ရပါတယ်။

အဲဒီလို အသိတွေကြောင့်လည်း ဆေးပညာအသိနဲ့ ဖီလာဆန့်ကျင်တဲ့ မိမိတို့ဆရာဝန်ကျင့်ဝတ်ကို ဖောက်ဖျက်တဲ့ အဆိုပါဆေးစာကို ကျမအနေနဲ့ သက်သေမထွက်ဆိုနိုင်ကြောင်း ငြင်းဆန်ခဲ့ပါတယ်။

ဒီအခါမှာ ဥပဒေအရာရှိဆိုသူက ၎င်းတို့ တာဝန်သိတတ်ကြောင်း ပြောဆိုပြီး အသင့်ယူလာတဲ့ငွေတွေကို ပေးပါတယ်။ကျမလို မိဘများ၊ဆရာသမားများရဲ့ဆိုဆုံးမမှုကို ခံယူဖူးသူတယောက်အနေနဲ့ သူတပါးထံမှ တံစိုးလက်ဆောင်ယူငင်ပြီး ဒီလို ကျင့်ဝတ်ဖောက်ဖျက်ရသည့်အမှုကို မဆောင်ရွက်နိုင်ကြောင်းနှင့် ရုံးတော်မှ ဆင့်ခေါ်စာရောက်လာပါက ရုံးသို့လာမည်ဖြစ်ကြောင်း ပြောပြီး ပြန်လွှတ်လိုက်ပါတယ်။

နောက်တနေ့ အဲဒီအမှုကို သက်သေထွက်ဆိုပေးဖို့ ခရိုင်ဆရာဝန်ကြီးမှတဆင့် ရုံးတော်မှဆင့်ခေါ်လာတဲ့အတွက် ကျမ သက်သေထွက်ဆိုပေးခဲ့ရပါတယ်။

ဒါပေမယ့် ရုံးတော်မှာ ကျမ ကျမ်းကျိန်ဆိုတဲ့အခါ သူငယ်ချင်းရဲ့ ဆေးစာမှာပါရှိတဲ့လက်မှတ်ကို ကျမ မမှတ်မိကြောင်းထွက်ဆိုပေမယ့် မည်သူမျှအရေးမစိုက်ဘဲ ခေတုဗေဒကောင်စစ်ဝန်ရဲ့ထင်မြင်ချက်အပေါ် မှီပြီးရေးသားထားတဲ့ဆရာဝန်ဆေးစာကို ကျမကိုယ်စား ရှေ့နေက ဖတ်ဆိုတင်သွင်းလိုက်ပါတော့တယ်။

အဲဒီနောက် ကျမကို တစုံတရာ မေးမြန်းခြင်းမရှိဘဲ သက်သေထွက်ဆိုပေးခဲ့သည့်အတွက် ကျေးဇူးတင်ပါကြောင်းပြောဆိုပြီး ပြီးပါပြီဟုဆိုကာ ကျမအား ရုံးတော်မှထွက်ခွင့်ပေးလိုက်ပါတယ်။

ကျမလည်း ဥပဒေလက်တလုံးခြားလုပ်ပြီးထင်ရာစိုင်းတတ်တဲ့ တရားရုံးကနေ အူကြောင်ကြောင်နဲ့ ထွက်လာခဲ့ရပါတယ်။

စိတ်ထဲမှာတော့ ဒီလိုသာအာဏာပိုင်တွေရဲ့အကူအညီနဲ့ မူးယစ်ဆေးဝါးရောင်းဝယ်သူတွေ ထင်သလိုစိတ်တိုင်းကျလုပ်ခွင့်ရနေမယ်ဆိုရင် တွေးဝံ့စရာမရှိတဲ့ ကျမတို့အမိမြန်မာပြည်အတွက် ရင်လေးနေမိပါတော့တယ်။

❖



BINA
Burma Independent News Agency
မြန်မာနိုင်ငံ
လွတ်လပ်သည့်သတင်းအေဂျင်စီမှ
ထုတ်ဝေဖြန့်ချိသည်။

အယ်ဒီတာ
ကိုပုည
P.O. Box (91)
Mae Sod, 63110
Tak, Thailand.
binamojo@cscoms.com

# ကမ္ဘာ့ငြိမ်းချမ်းရေးနိုဗဲလ်ဆုရှင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် ဂျာမဏီနိုင်ငံမှ ပေးအပ်သောဆု ရရှိ



ဂျာမဏီနိုင်ငံအခြေစိုက် နိုင်ငံတကာနိုင်ငံရေးနှင့် ယဉ်ကျေးမှုများ လွတ်လပ်စွာ ပေါင်းစည်းရေးဆိုင်ရာ ဆုပေးရေးအဖွဲ့ကြီး College United Nations၏ ၂၀၀၁ခုနှစ် အတွက် ပေးအပ်သည့်ဆုအား မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား ချီးမြှင့်လိုက်ကြောင်း သိရသည်။

ကမ္ဘာ့နိုင်ငံများအကြား အပြန်အလှန်မှီခိုအားထားမှုများ တိုးမြှင့်လာရေးအတွက် College United Nations အဖွဲ့ကြီးသည် ထင်ရှားပြတ်သားသော ဖေါ်ထုတ်ပြသမှုတခု ဖြစ်ကြောင်း၊ အားလုံး ကြုံတွေ့နေရသည့် ရှုပ်ထွေးနက်နဲသောပြဿနာများကို ကမ္ဘာနှင့်အဝှမ်း ကြိုးကြပ်နေရမှုများအတွက် ရောင်ပြန်ဟပ်ခြင်းဖြစ်ကြောင်း၊ ထို့ပြင် ကုလသမဂ္ဂ၏ ငြိမ်းချမ်းရေးနှင့် ယဉ်ကျေးမှုအစီအစဉ်အတွက် လူမျိုးစုများကြားယဉ်ကျေးမှုနှင့် နိုင်ငံ အချင်းချင်းအကြားနားလည်မှုတို့ တိုးတက်လာစေရန် ပန်ကြားမှုတရပ် အဖြစ်လည်း အဓိပ္ပါယ်ထွက်ဆိုနိုင်ကြောင်း ဆုပေးရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်ထဲတွင် ဖေါ်ပြပါရှိသည်။

၁၉၉၂ ခုနှစ်မှ၁၉၉၇ခုနှစ်အထိ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်အဖြစ်တာဝန်ယူခဲ့သောဘူးထရို့စ်ဂါလီက အဆိုပါအဖွဲ့၏ စာချွန်လွှာတွင် လက်မှတ်ရေးထိုးပေးထားပြီး ဒေါ်အောင်ဆန်းစုကြည်သည် ဤဆုကို ရရှိသူများအနက် ပထမဆုံးအမျိုးသမီး ဖြစ်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေးဆောင်ရွက်မှုများ၊ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေး တိုက်ပွဲဝင်မှုများအတွက် ယခုလို ဆုချီးမြှင့်လိုက်ခြင်းဖြစ်ကြောင်းလည်း သိရသည်။

ဂျာမဏီနိုင်ငံအခြေစိုက် မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားသူ ဦးနွယ်အောင် က "College United Nations ဆုကို ဂျာမဏီနိုင်ငံတောင်ပိုင်းရှိ လန်းဆုဒ်မြို့တော်က ချီးမြှင့်တာဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကတော့ အမျိုးသမီးအနေနဲ့ ပထမဆုံးရတဲ့ဆု ဖြစ်ပါတယ်။ ဒီဆုကို ၁၉၉၉ ခုနှစ်က ပိုလန်နိုင်ငံ သမတကို ချီးမြှင့်ခဲ့ပါတယ်။ မနှစ်က ဟန်ဂေရီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး အဖြစ်သော်လည်းကောင်း၊ ဝန်ကြီးချုပ်အဖြစ်သော်လည်းကောင်း ဆောင်ရွက်ခဲ့သူ မစ္စတာ ဟွန်းကို ချီးမြှင့်ခဲ့ပါတယ်။ အခုဆိုရင် ဒေါ်အောင်ဆန်းစုကြည်ကို ချီးမြှင့်တာ တတိယအကြိမ် ဖြစ်ပါတယ်"ဟုဇွန်လ(၁၄)ရက်နေ့က လွတ်လပ်သောအာရှအသံနှင့် တွေ့ဆုံခန်းတွင် ပြောဆိုခဲ့ပါသည်။

❖

# ဒု-ဗိုလ်ချုပ်ကြီး ခင်ညွန့် ရဟတ်ယာဉ် ပျက်ကျကာနီး အခြေအနေနှင့်ကြုံ



ယခုနှစ် ဇွန်လဆန်းပိုင်းက ရေဝတီတိုင်းခရီးစဉ်အဖြစ် ထွက်ခွာလာခဲ့သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒု-ဗိုလ်ချုပ်ကြီး ခင်ညွန့် လိုက်ပါလာသည့် ရဟတ်ယာဉ်သည် ပျက်ကျကာနီး အခြေအနေနှင့် ကြုံတွေ့ခဲ့ရကြောင်း စစ်တပ်နှင့်နီးစပ်သော အသိုင်းအဝိုင်းများ၏ ပြောဆိုနေမှုများအရ သိရသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလ (၁၉) ရက်နေ့က နအဖစစ်အုပ်စု အတွင်းရေးမှူး(၂) ဒု-ဗိုလ်ချုပ်ကြီး တင်ဦးနှင့် အဖွဲ့ဝင်များလိုက်ပါလာသည့် ရဟတ်ယာဉ် ဘားအံမြို့၊တရုတ်လှကျေးရွာအနီး ပျက်ကျခဲ့ရသောအကြောင်းရင်းကို ယခုထိ တိကျစွာ စုံစမ်းဖေါ်ထုတ်ခြင်း မရှိသေးသော်လည်း ယခုတကြိမ် ဒု-ဗိုလ်ချုပ်ကြီး ခင်ညွန့် လိုက်ပါလာသည့်ရဟတ်ယာဉ် ပျက်ကျကာနီး အခြေအနေနှင့် ကြုံတွေ့ခဲ့ရသည်မှာ အင်ဂျင်စက်ချို့ယွင်းခဲ့ရခြင်းဖြစ်သည်ဟု ပြောဆိုသံများ ကြားရသည်။

အတည်ပြုချက် ရယူနိုင်ခြင်း မရှိသေးသော်လည်း ကာကွယ်ရေးဦးစီးချုပ်(လေ)ဒု-ဗိုလ်ချုပ်ကြီး ကျော်သန်း ရာထူးမှ ထုတ်ပယ်ခံရခြင်းမှာ ယခု ရဟတ်ယာဉ်ပျက်ကျမလို ဖြစ်ခဲ့ရမှုနှင့် ဆက်စပ်ပတ်သက်နေကြောင်း သတင်းများက ဆိုသည်။ ❖

# တရားဝင်အာဏာရရှိရန် ကြိုးပမ်းကြံစည်နေသော စစ်ခေါင်းဆောင်များ

**ဒေါက်တာ ခင်စိန်**

**၂၇၊ဇွန်လ ၂၀၀၁ (ဗုဒ္ဓဟူးနေ့)ထုတ် ဘန်ကောက်ပို့စ်သတင်းစာပါ ဒိုမီနစ် ဖှစ်တင်၏ Junta Leadership seeks Power with Legitimacy ဆောင်းပါးကို ဘာသာပြန်သည်**

မြန်မာစစ်အာဏာပိုင်တို့သည် နအဖ၏ပုံရိပ် ကမ္ဘာ့အလယ်တွင် ထင်ရှားပေါ်လွင်လာစေရန် ရည်ရွယ်လျက် အတိုက်အခံဒီမိုကရေစီအင်အားစုတို့ကို အလျှော့ပေးကမ်းလှမ်းပြီး တွေ့ဆုံဆွေးနွေးလျက်ရှိသည်။ သို့သော် သုတေသီတို့၏ လေ့လာချက်အရ နအဖသည် အခိုင်အမာကုပ်တွယ်ထားသော သူ၏"အာဏာသံခွာ"ကို အပြီးတိုင်စွန့်လွှတ်လိုသည့်ဆန္ဒ အမှန်တကယ် မရှိပါ။

နအဖ၏ အဓိကရည်ရွယ်ချက်သည် မြန်မာနိုင်ငံ၌ ကမ္ဘာကတရားဝင်အသိအမှတ်ပြုသည့်အစိုးရတရပ် ပေါ်ပေါက်အောင်ဖန်တီးပြီး ဖြစ်ပေါ်လာသည့် ယင်းအစိုးရသစ်တွင် စစ်တပ်သည် အစိုးရ၏ အချက်အချာကျသော အာဏာများကို ဆက်လက်ထိမ်းသိမ်းရယူထားရေးပင်ဖြစ်သည်။ သူတို့ပါဝင်သည့်အစိုးရကို ကမ္ဘာက တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုမှုကို သူတို့ အထူးလိုလားလျက်ရှိသည်။

လွန်ခဲ့သည့်နှစ် အောက်တိုဘာလမှ စတင်ပြုလုပ်ခဲ့သော တွေ့ဆုံဆွေးနွေးနေမှုကို နိုင်ငံတကာမိသားစုမှ နွေးထွေးစွာ ကြိုဆိုလျက်ရှိသည်။ သို့ပင်ဖြစ်စေကာမူ ယခုနှစ် စောစောပိုင်းတွင် ဆွေးနွေးမှု တုံ့ဆိုင်းရပ်တန့်နေသဖြင့် နိုင်ငံတကာမှ အထူးစိုးရိမ် ပူပန်ခဲ့ရသည်။ သို့သော် သုတေသီများ၏ သုံးသပ်ချက်အရ မကြာမီက သွားရောက်ခဲ့သည့် ကုလသမဂ္ဂ အထူး သံတမန်"ရာဇာလီ"၏ ဒုတိယအကြိမ် ရန်ကုန်ခရီးစဉ်အပြီးတွင် တွေ့ဆုံဆွေးနွေးမှု၌ တိုးတက်မှုလက္ခဏာများ တွေ့မြင်လာရသည်။ စစ်အုပ်စုမှ နိုင်ငံရေးအကျဉ်းသားများကို ပြန်လွှတ်ပေးလိုက်ခြင်း ရန်ကုန်တိုင်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံး(၂၀)ကို ပြန်လည် ဖွင့်လှစ်ခွင့်ပေးလိုက်ခြင်းတို့သည် စစ်အုပ်စုတို့၏ အတိုက်အခံတို့အပေါ်ထားရှိသည့် တင်းမာသည့်သဘောထားများ ပျော့ပြောင်းလာသည့် လက္ခဏာများပင် ဖြစ်သည်။

ဘန်ကောက်၌ အနောက်တိုင်း သံတမန်တဦး၏ ပြန်လည်ပြောကြားချက်အရ"ရာဇာလီ"က"နိုင်ငံတကာမိသားစုအနေဖြင့် တွေ့ဆုံဆွေး နွေးနေမှုအပေါ် ဆက်လက် စိတ်ရှည်သည်းခံနိုင်စွမ်းမရှိတော့ကြောင်း၊တွေ့ဆုံ ဆွေးနွေးမှု အဆက်မပြတ်ပြုလုပ်နေကြောင်းနှင့် ဆွေးနွေးမှု၏ တိုးတက်မှုလက္ခဏာအထောက်အထားများ ကမ္ဘာကိုပြသဖို့ အချိန်တန်ပြီ"ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

တကမ္ဘာလုံးကကြိုဆိုသော နအဖနှင့် ဒေါ်အောင်ဆန်းစုကြည်တို့၏ တွေ့ဆုံဆွေးနွေးမှုသည် လပေါင်း များစွာကြာမြင့်လာသော်လည်း နှစ်ဘက်စလုံးမှ အသံတိတ်ဆိတ်နေပြီး တိုးတက်ဖြစ်ထွန်းမှုတစုံတရာ ဘာမှ မကြားသိရသည့်အတွက် ကမ္ဘာ့ပြည်သူများ အနေဖြင့်အံ့အားသင့်ရကြောင်း၊ အဆုံးမပါသည့်သင်္ကြန်အမြောက်လို လေသံသာပစ်ပြီး အနှစ်မရှိသည့် ဆွေးနွေးပွဲဟု ကမ္ဘာက သံသယတွေပွားရကြောင်း၊ အဆိုပါ အနောက်တိုင်း သံတမန်က ပြောကြားခဲ့ပါသည်။

"မစ္စတာ ရာဇာလီ" ရန်ကုန်မှ ပြန်လာပြီး (၄)နှစ်အတွင်းအရပ်သားအစိုးရသို့ ကူးပြောင်းတော့မည်ဟု ကြားသိရပါသည်။သို့သော် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ညှဉ်းဝေဟာများ၌ ထိမ်းသိမ်းထားသည် ဆိုပြီး ပါတီဝင်များအား ဖမ်းဆီးအကျဉ်းချထားမှုများကြောင့် အလွန် စိတ်ပျက်လက်ပျက်ဖြစ်လျက်ရှိသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်ပင်လျှင် သူ၏နေအိမ်၌ အကျဉ်းချထားခြင်း ခံနေရသည်မှာ လွန်ခဲ့သည့်နှစ် အောက်တိုဘာလမှစပြီး ယနေ့ထိတိုင် ဖြစ်သည်။

"အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့"Amnest International မှ ထုတ်ပြန်သော သတင်းများအရ မြန်မာနိုင်ငံ၌ ထောင်သွင်းအကျဉ်းချခြင်းခံနေကြရသော နိုင်ငံရေးအကျဉ်းသားပေါင်း(၁၈၅၀)ရှိကြောင်း သိရသည်။

မြန်မာ့အရေး စောင့်ကြည့်လေ့လာသူများ၏ပြောကြားချက်အရ တွေ့ဆုံဆွေးနွေးမှုတွင်

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်း ရေးဆွဲရေးအတွက် အစည်းအဝေးတခု ပြန်လည်ပြုလုပ်ရေး၊

၂။ အနာဂတ်နိုင်ငံရေးတွင် တပ်မတော်ပါဝင်နိုင်မှု အာမခံချက်ရရှိရေး၊

၃။ အတိတ်မှ စစ်ဗိုလ်ချုပ်များ ကျူးလွန်ခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှုများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးရေး၊

၄။ အနာဂတ်နိုင်ငံရေးတွင် ဒေါ်အောင်ဆန်းစုကြည် မပါဝင်ရေး တို့ပါရှိကြောင်း သိရသည်။

သို့သော် သုတေသီတို့၏ သုံးသပ်ချက်အရ အာဏာခွဲဝေမှုနှင့် ပတ်သက်၍လည်းကောင်း၊ ရေရှည်ဖြေရှင်းရမည့် နိုင်ငံရေးပြဿနာများအတွက်လည်းကောင်း၊ခိုင်လုံသည့် သဘောတူညီချက်မရရှိဘဲ အတိုက်အခံတို့ အနေဖြင့် ဆက်လက်ဆွေးနွေးနိုင်မည် မဟုတ်။

ထိုင်းနိုင်ငံ၊ဘန်ကောက်မြို့ ချူလာလောင်ကွန်းတက္ကသိုလ်မှ ကထိကတဦးဖြစ်သူ "ချိုယာချွတ် ချူလာသီရိဝမ်" က "မကြာသေးမီက တိုးတက်မှုလက္ခဏာတွေ ရှိခဲ့ပါ တယ်။ဒါပေမယ့် ပြည်တွင်းနိုင်ငံရေးကိစ္စတွေမှာ တိုးတက်မှုရှိတာ ကျနော် မတွေ့ရဘူး"ဟု ပြောကြားခဲ့သည်။

နအဖစစ်အုပ်စုသည် သူ့အတွက် နိုင်ငံရေးအုတ်မြစ် အခြေခိုင်အောင် တည်ဆောက်ပြီးအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်များအားအင်အားချိနဲ့အောင် လုပ်ဆောင် နိုင်ခဲ့သည်။ မကြာသေးမီက မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းများသို့ ပြောကြားခဲ့သည့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ မိန့်ခွန်းတွင် "စစ်မှုထမ်း ဟောင်းများအနေဖြင့် အနာဂတ် မြန်မာနိုင်ငံ၏ နိုင်ငံရေးတွင် တက်ကြွစွာပါဝင်ဆောင်ရွက်နိုင်ရန် ပြင်ဆင်ထားကြ"ဟူသည့်မိန့်ခွန်းသည် နောင်လာမည့်ရွေးကောက်ပွဲအသစ်တွင် စစ်တပ်အနေဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်ရန် ကြိုတင်ပြင်ဆင်မှုပင် ဖြစ်သည်။

ဘန်ကောက်အခြေစိုက် လူ့အခွင့်အရေးလေ့လာရေးအဖွဲ့များ၏ "ဖိုရမ်အေးရှား"မှ သုတေသီ "ဆုနေပါဆတ်"က"စစ်အုပ်စု၏ လုပ်ဆောင်ချက်များသည်နအဖအတွက် လက်ငင်းအကျိုးအမြတ်ကိုသာ ကြည့်ပြီးပြုလုပ်သည့် ရုပ်ပြနိုင်ငံရေး လုပ်ဆောင်ချက်များသာဖြစ်သည်။ စစ်မှုထမ်းဟောင်းများကို ပြန်လည်စုစည်း၍ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်စေခြင်းဖြင့် နိုင်ငံရေး၌ စစ်တပ်၏အခန်းကဏ္ဍ ဆက်လက် ရှင်သန်စေပြီး လူငယ်လှုပ်ရှားမှုများတွင် အစိုးရအဖွဲ့လူကြီးများ၏ သားသမီးများ ပါဝင်ဆောင်ရွက်စေခြင်းဖြင့် နိုင်ငံရေးတွင် စစ်မျိုးဆက်တို့ ဆက်လက်ထိမ်းသိမ်းရယူထားရန် ဖြစ်သည်ဟု ပြောကြားခဲ့သည်။

"ဆုနေပါဆတ်"က ဆက်လက်၍ "တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခြင်းသည် စစ်အုပ်စုအတွက် ကမ္ဘာ့အလယ်တွင် မျက်နှာသာရစေပြီး ထိုမျက်နှာသာရမှုကိုအကြောင်းပြုပြီး တွေ့ဆုံဆွေးနွေးရာတွင် နအဖက အသာစီးရယူထားလိမ့်မည်ဖြစ်သည်"ဟု ပြောကြားခဲ့သည်။

ယခုနှစ် အစောပိုင်းက မလေးရှားဝန်ကြီးချုပ် 'မဟာသီယာ မိုဟာမက်'က စစ်တပ်ကအချို့နေရာများကို ဆက်လက် ထိမ်းသိမ်းရယူထားမည် ဖြစ်ကြောင်း အရိပ်အမြွက်ပြောကြားခဲ့သည့်အပြင် အနာဂတ်မြန်မာနိုင်ငံ ရွေးကောက်ပွဲ၌ စစ်တပ်၏ဩဇာအာဏာ လျှော့ပါးသွားလိမ့်မည်မဟုတ်ဟု ဆိုသည်။မဟာသီယာ၏ အကြံပေးချက်တွင် မြန်မာနိုင်ငံသည် အနောက်တိုင်း ပုံစံ ပါလီမန်ဒီမိုကရေစီစနစ်ထက် 'အရှေ့တောင်အာရှနိုင်ငံရေးပုံစံ'ဖြင့် သွားသင့်ကြောင်း၊ သို့သော် နိုင်ငံရေး တိုးတက်ပြောင်းလဲမှုဖြစ်ပေါ်ဖို့ အချိန်ကာလသည် စစ်အုပ်စုအတွင်းအာဏာလွန်ဆွဲမှုအခြေအနေပေါ် မူတည်သည်ဟု ဆိုသည်။

စစ်ထောက်လှမ်းရေးအကြီးအကဲ ဒု-ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် နအဖ ဒု-ဥက္ကဋ္ဌနှင့် တပ်မတော်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး မောင်အေးတို့၏ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနေရာကို အစားထိုးရယူရန်အားပြိုင်မှုသည် နှစ်များစွာကြာမြင့်ဦးမည်။ ဗိုလ်ချုပ်ကြီး မောင်အေး၏မဟာမိတ် နအဖ အတွင်းရေးမှူး(၂)ဒု-ဗိုလ်ချုပ်ကြီး တင်ဦး ဖေဖေါ်ဝါရီလက ရဟတ်ယာဉ်ပျက်ကျ သေဆုံးပြီးနောက် ဒု-ဗိုလ်ချုပ်ကြီးခင်ညွန့် သည် စစ်တပ်၏ အဓိကရာထူးနေရာ အတော်များများကို အစားထိုးခန့်အပ်ခဲ့သဖြင့် ယင်းတို့နှစ်ဦး၏ အားပြိုင်မှုတွင် ဒု-ဗိုလ်ချုပ်ကြီးခင်ညွန့်ကအသာစီးရနေသည်။ ထို့အပြင် ဒု-ဗိုလ် ချုပ်ကြီး ခင်ညွန့်ကို အပြောင်းအလဲ လုပ်ရန် လိုလားသူ၊ ဒေါ်အောင်ဆန်းစု ကြည်နှင့် နအဖ တွေ့ဆုံဆွေးနွေးမှုကို ထောက်ခံသူဟု ရှုမြင်ပြီး ဒု-ဗိုလ်ချုပ်ကြီးမောင်အေးကိုမူတွေ့ဆုံဆွေးနွေးမှုကိုမလိုလားသူ၊ စစ်တပ်မှအာဏာကို ဆက်လက်ထိမ်းသိမ်းရယူထားလိုသည့် သဘောထားတင်းမာသူအဖြစ် သုတေသီတို့က သုံးသပ်ကြသည်။ သံတမန်အသိုင်းအဝိုင်း၏သုံးသပ်ချက်အရဒု-ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတကာနှင့် ဆက်ဆံရေးကို အလေးအနက်ထားလိုသူအဖြစ် သုံးသပ်ကြသည်။

"ဖိုရမ်အေးရှား"မှ'ဆုနေ'က ပြောသည်မှာဒု-ဗိုလ်ချုပ်ကြီးခင်ညွန့်သည်ကမ္ဘောဒီယားဝန်ကြီးချုပ်'ဟွန်ဆန်'ကဲ့သို့ကြိုးပမ်းကောင်းကြိုးပမ်းလိမ့်မည်။ 'ဟွန်ဆန်'သည်နိုင်ငံတကာမှအသိအမှတ်ပြုသည့်(၁၉၉၈)ခုနှစ်ရွေးကောက်ပွဲတွင်အတိုက်အခံပါတီများကိုခြိမ်းခြောက်မှုများပြုလုပ်ခဲ့လင့်ကစားရွေးကောက်ပွဲ၌အနိုင်ရရှိခဲ့သည်။

အလားတူပင် ဒု-ဗိုလ်ချုပ်ကြီး ခင်ညွန့်သည်လည်း 'ဟွန်ဆန်'ကဲ့သို့ ဖြစ်အောင် ကြိုးပမ်းမည်ဆိုပါက ရေရှည်မဟာဗျူဟာကြီးနှစ်ခု ချမှတ်ရပေလိမ့်မည်။

၁။ နအဖစစ်အုပ်စုအတွင်း ဩဇာအာဏာ ထိန်းထားနိုင်ရေး

၂။ကမ္ဘာက အသိအမှတ်ပြုလာသည့် 'တရားဝင် အစိုးရတရပ်' "Legitimate Government" ပေါ်ပေါက်လာရေးဟူသည့် ဗျူဟာကြီးနှစ်ခု ဖြစ်သည်။

သို့ဆိုလျှင် အသွင်ကူးပြောင်းလာမည့် မြန်မာ့နိုင်ငံရေးဇာတ်ခုံသစ်တွင် နိုင်ငံရေးအခင်းအကျင်းသစ်ဖြင့် "မျက်နှာသစ် အာဏာရှင်စနစ်"ကို ဆက်၍မြင်ရပေဦးမည်။

❖

# ပင်စင်ရံပုံငွေကို မြန်မာနိုင်ငံတွင်း ရင်နှီးမှုမပြုလုပ်ရန် အမေရိကန် ဥပဒေပြုလွှတ်တော်အမတ်များ စီစဉ်နေ

အမေရိကန်ပြည်ထောင်စု မက်ဆာချူးဆက်ပြည်နယ်၏ ပင်စင်ရံပုံငွေ ဒေါ်လာ(၃၀)ဘီလီယံအား ပြည်နယ်ကုမ္ပဏီများကမြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာတွင် အသုံးမပြုမိစေရန်တားမြစ်သည့် ဥပဒေကြမ်းတရပ်အား အမေရိကန်ဥပဒေပြုလွှတ်တော်အမတ်များက တင်သွင်းရန် စီစဉ်နေကြောင်း ဘော်စတွန်မှလာသော သတင်းတရပ်ကို လွတ်လပ်သော အာရှအသံက ကိုးကားထုတ်လွှင့်သွားသည်။

မက်ဆာချူးဆက်ပြည်နယ်မှ ထုတ်ပြန်ခဲ့ဖူးသောThe Burma Law အမည်ရှိ ပြည်တွင်းကုမ္ပဏီများမြန်မာနိုင်ငံအတွင်းရင်းနှီးမြှုပ်နှံခြင်းကို တားမြစ်ပိတ်ပင်သည့် ပြည်နယ်ဥပဒေကို အမေရိကန်တရားလွှတ်တော်ချုပ်က ပြီးခဲ့သည့်နှစ်ကရုပ်သိမ်းရန် အမိန့်ချမှတ်ခဲ့ပြီး၊ တနှစ်အကြာ ယခု ဥပဒေကြမ်းကိုတင်သွင်းရန် ပြည်နယ်လွှတ်တော်အမတ်များက စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။

ထိုအတွက် မက်ဆာချူးဆက်ပြည်နယ်၏ ဘဏ်ရင်းနှီးမြှုပ်နှံငွေများကို ပြင်းပြင်းထန်ထန်ထိခိုက်မှာမဟုတ်၊ အကြောင်းမှာ မြန်မာနိုင်ငံအတွင်းရှိ ရက်စက်ကြမ်းကြုတ်မှုရှိနေသော စစ်အုပ်စုနှင့်ယခုထိ လုပ်ငန်း လုပ်ကိုင်နေသေးသော ကုမ္ပဏီတချို့ရှိနေသေးသည့်အတွက်ကြောင့်ဟု ဥပဒေကြမ်း တင်သွင်းရေး ကမကထပြုလုပ်သူ ဘော်စတွန်ဒီမိုကရက် လွှတ်တော်အမတ် Mr.Byron Rushingက ပြောဆိုသည်။

ယခုမူကြမ်းသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်လည်း ကိုက်ညီသည့်အပြင် ရုံးတော်ကဆုံးဖြတ်ချက်များနှင့်လည်း အနည်းငယ် လိုက်လျောညီထွေရှိသည်ကိုတွေ့ရကြောင်း ဥပဒေမူကြမ်း ထောက်ခံသူများက ပြောဆိုသည်။

သို့သော်လည်း The Burma Law ဆိုသည့် မြန်မာနိုင်ငံဆိုင်ရာဥပဒေအား ရုပ်သိမ်းပေးရန် တရားရုံးချုပ်ကို ဦးတိုက်လျှောက်ထားခဲ့သော ဝါရှင်တန်ဒီစီ အခြေစိုက် အမျိုးသားနိုင်ငံခြားကုန်သွယ်ရေးကောင်စီကမူ ယခုဥပဒေကြမ်းကိုလည်း သဘောမတူကြောင်း ဘော်စတွန်မှရရှိသောသတင်းတွင် ဆက်လက်ဖော်ပြထားသည်ဟု လွတ်လပ်သောအာရှအသံကထုတ်လွှင့်ခဲ့ပါသည်။



ကျနော်တို့ ဂရဲဘဝခံစားနေရတုန်းက
ဒေါ်အောင်ဆန်းစုကြည်ဟာ ကျနော်တို့နဲ့အတူ ရှိနေပါတယ်။
အခု ကျနော်တို့ ဂရဲဘဝက လွတ်မြောက်လာပါပြီ၊
သူမကို မေ့ထားလို့ မဖြစ်ပါဘူး

CCCCCCCCCCCCCCCCCCC

# ဒေါ်အောင်ဆန်းစုကြည်နှင့် သွေးစည်းညီညွတ်မှုရှိ အရှေ့တီမောခေါင်းဆောင် ထုတ်ဖော်ပြောဆို

အရှေ့တီမော လွတ်လပ်ရေးခေါင်းဆောင် ဇာနနားနား ဂက်စ်မားအိုးက အရှေ့တီမောနိုင်ငံသည်မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် သွေးစည်းညီညွတ်မှုရှိကြောင်း၊ ဒီလီမြို့၌ ကျင်းပသော ပြီးခဲ့သည့် ဇွန်လ(၂၀)ရက်နေ့က ကျရောက်သည့် ၎င်း၏မွေးနေ့ပွဲ အခမ်းအနားတွင် ထုတ်ဖော်ကြေညာခဲ့သည်။

ဒီမိုကရေစီရရှိရေးတိုက်ပွဲအတွက် မနားမနေကြိုးပမ်းနေသော ဒေါ်အောင်ဆန်းစုကြည်သည် အရှေ့တီမောပြည်သူတို့နှင့်အတူ ခိုင်မာသောသွေးစည်းညီညွတ်မှုရှိနေသည်ကို လူတိုင်း သိပ် မသိကြသေးကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်၏ အရှေ့တီမောနိုင်ငံသားတို့အပေါ် သဘောထားကို မိမိအနေနှင့် ကျေးဇူးတင်တုံ့ပြန်သော သွေးစည်းညီညွတ်မှုကိုပြသရန် တာဝန်ရှိကြောင်း၊ ဒေါ်အောင်ဆန်းစုကြည် ၏ မဆုတ်မနစ်ကြိုးပမ်းမှုကိုလည်း အားပေးလျှက်ရှိနေကြောင်း အဆိုပါ မွေးနေ့ပွဲ အခမ်းအနားတွင် ထုတ်ဖော်ပြောဆိုခဲ့သည်။

အရှေ့တီမောလွတ်လပ်ရေးခေါင်းဆောင် ဇာနနားနား ဂက်စ်မားအိုးသည် Friends of Burma အမည်ရှိ မြန်မာပြည်ဒီမိုကရေစီရေးလှုံ့ဆော်မည့်အဖွဲ့ကို ဒီလီမြို့တွင် ဖွင့်လှစ်ပေးခဲ့ပြီး ၎င်း၏ ဇနီးဖြစ်သူ Mrs. Kirsty Gusmao ကို ဦးဆောင်စေခဲ့သည်။အဖွဲ့ရုံး၏ တည်နေရာကို ဒီလီမြို့ရှိ လူသိများထင်ရှားသော မစ္စတာ ဇာနနားနား ဂက်စ်မားအိုး၏ စာဖတ်ခန်းတွင် ဖွင့်လှစ်ထားပါသည်။

"ကျနော်တို့ ဂရဲဘဝ ခံစားနေရတုန်းက ဒေါ်အောင်ဆန်းစုကြည်ဟာ ကျနော်တို့နဲ့အတူ ရှိနေပါတယ်။ အခု ကျနော်တို့ ဂရဲဘဝက လွတ်မြောက်လာပါပြီ သူမကို မေ့ထားလို့ မဖြစ်ပါဘူး"ဟု ဇာနနားနား ဂက်စ်မားအိုးက အဆိုပါ မွေးနေ့ပွဲအခမ်းအနားတွင် ပြောဆိုပါသေးသည်။

❖

# နိုင်ငံရေးအကျဉ်းသားများအားလုံး ပြန်လွှတ်ပေး

## နအဖစစ်အုပ်စုအပေါ်အိုင်အဲလ်အို၏အရေးယူမှု ၂၀၀၃ ခုနှစ် နှစ်လယ်ပိုင်းထိပြောင်းလဲဖွယ်မရှိ

၁၁၊ ဇွန် (ဂျီနီဗာ)

အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်က နအဖ စစ်အုပ်စုအပေါ် အရေးယူမှုများအား၂၀၀၃ ခုနှစ် နှစ်လယ်ပိုင်းအထိ ပြောင်းလဲဖွယ်မရှိကြောင်း အိုင်အဲလ်အို၏ ဥပဒေရေးရာ အဆင့်မြင့်ပုဂ္ဂိုလ်တဦးက ပြောဆိုသည်။

ဇွန်လ တတိယပတ်အတွင်းက ဆွစ်ဇာလန်နိုင်ငံ၊ဂျီနီဗာမြို့၌ ကျင်းပခဲ့သော အိုင်အဲလ်အို၏ ညီလာခံကလည်း အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံနှင့်ဆက်ဆံမှုအား ပြန်လည်သုံးသပ်ရန် တောင်းဆိုမှုကို လွန်ခဲ့သည့်နှစ် ဆုံးဖြတ်ချက်များအတိုင်း မပြောင်းလဲဟု တညီတညွတ်တည်းဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အိုင်အဲလ်အို၏ ဇွန်လ(၁၁)ရက်နေ့က ဆုံးဖြတ်ချက်သည် အဖွဲ့ဝင်နိုင်ငံများအား ကုန်သွယ်ရေးဆိုင်ရာ ပြစ်ဒဏ်ခတ်အရေးယူမှုများ တင်းကျပ်စွာဆောင်ရွက်လာနိုင်သည့် တိုက်တွန်းချက်များပါဝင်သည်ဟု သိရသည်။

နအဖစစ်အုပ်စုက အိုင်အဲလ်အိုမှ အရေးယူမှုများမပြုလုပ်ရန် တောင်းဆိုသော်လည်း အိုင်အဲလ်အိုကမူ မြန်မာနိုင်ငံအတွင်း အဓမ္မလုပ်အားစေခိုင်းမှုများ ရပ်တန့်သွားရေးအတွက် တိုးမြှင့်လုပ်ဆောင်ရန် ရက်သတ္တ(၃)ပတ်ကြာ စစ်ဆေးမှုပြုလုပ်မည့် ကိုယ်စားလှယ်အဖွဲ့ စေလွှတ်မည်ဖြစ်သည်။

အဆိုပါကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံအတွင်းသာမက ထိုင်း–မြန်မာနယ်စပ်သို့သွားရောက်ပြီး ဒုက္ခသည်များအား အဓမ္မစေခိုင်းမှုများနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမေးမြန်းမှုတို့ပြုလုပ်မည်ဖြစ်ကြောင်း ဘီဘီစီသတင်းအရ သိရသည်။

ယခု ကျင်းပပြီးစီးသွားသော အိုင်အဲလ်အို ညီလာခံဆုံးဖြတ်ချက်ထဲတွင် မြန်မာနိုင်ငံသို့ကိုယ်စားလှယ်တဖွဲ့နှစ်ဖွဲ့စေလွှတ်ရုံဖြင့် လုံလောက်မှုမရှိကြောင်း၊ ရန်ကုန်မြို့၌ အမြဲတမ်းအခြေစိုက်ရုံး ဖွင့်လှစ်ထားရှိပါမှ အဓမ္မလုပ်အားစေခိုင်းမှုများ ပပျောက်ရေးအတွက် အာဏာပိုင်များက အမှန်တကယ်ဆောင်ရွက်မှုပြုသည် မပြုသည်ကို ထိရောက်စွာ စောင့်ကြည့်နိုင်မည်ဖြစ်ကြောင်း ပါရှိသည်။

ထို့ပြင် အဓမ္မလုပ်အားစေခိုင်းမှုကျူးလွန်သူများကို နအဖ အာဏာပိုင်များက အမှန်တကယ်အရေးယူအပြစ်ပေးခြင်းရှိ မရှိသည် အမှန်တကယ်စစ်ဆေးမှုပင်ဖြစ်ကြောင်း အိုင်အဲလ်အိုက ပြောဆိုသည်။

နအဖစစ်အုပ်စု၏ တပ်ဖွဲ့ဝင်များသည် ကတုတ်ကျင်းများတူးခြင်း၊ စစ်တပ်ဆိုင်ရာ အဆောက်အဦးများ ဆောက်လုပ်ခြင်းတို့၌ အဓမ္မ လုပ်အားစေခိုင်းမှုများရှိကြောင်း ထိုသို့စေခိုင်းမှုများကိုငြင်းဆန်ပါက ဖမ်းဆီးရိုက်နှက်ခြင်းများပြုလုပ်နေသည်ဟု အမေရိကန်အခြေစိုက် လူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့ကလည်း ယင်းတို့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ရန်ကုန်ရှိ နအဖစစ်အုပ်စု အာဏာပိုင်များကမူ အဆိုပါအစီရင်ခံစာအား ပြင်းထန်စွာတုံ့ပြန်ဝေဖန်ပြီး မြန်မာနိုင်ငံအတွင်း၌ အဓမ္မလုပ်အား စေခိုင်းမှုများကို၂၀၀၀ ခုနှစ် အောက်တိုဘာလမှစတင်၍ တရားဝင် တားမြစ်ပိတ်ပင်ထားပြီးပြီဟု ပြောဆိုသည်။

သို့သော်လည်း အဆိုပါ လူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေး ကိုယ်စားလှယ်များကမူ မွန်၊ကရင်၊ရခိုင်၊ ပဲခူးနှင့် ရန်ကုန်မြို့တို့သို့ဝင်ရောက်ပြီး ၂၀၀၁ ခုနှစ် ဖေဖော်ဝါရီလမှ မေလအတွင်း အဓမ္မလုပ်အားစေခိုင်းမှုများအား သက်သေအထောက်အထားများဖြင့် ရယူနိုင်ခဲ့ကြကြောင်း သိရှိရသည်။

❖

⇔နှစ်နိုင်ငံလက်နက်အပြိုင်တပ်ဆင်မှု

ထိုကဲ့သို့ရုရှားနိုင်ငံလုပ်အသံထက် မြန်သော MIG-29 အမျိုးအစား တိုက်လေယာဉ်ပျံများအားဝယ်ယူခဲ့ခြင်းအပေါ်လက်တုံ့ပြန်သောအနေဖြင့်ထိုင်း တော်ဝင်လေတပ်မတော်ကလည်း F-16 တိုက်လေယာဉ်များ တွင်တပ်ဆင်အသုံးပြုတပ်ဆင်အသုံးပြုသည့် အမေရိကန်လုပ်ဝေဟင်မှဝေဟင် ပစ်ဒုံးကျည် AIM-30 အမျိုးအစားများအားအားဖြည့်ဝယ်ယူခဲ့ကြောင်းသိရသည်။

ထိုင်းမြန်မာနှစ်နိုင်ငံလက်နက်တပ်ဆင်မှုနှင့်ပတ်သက်၍အမေရိကန်အစိုးရကရှုမြင်သုံးသပ်ရာတွင်ဒေသတွင်း လက်နက်တပ်ဆင်မှုများများပြားလာအောင် လှုံ့ဆော်သကဲ့သို့ဖြစ်စေပြီး၊ ဒေသတွင်းတည်ငြိမ်နေမှုကိုလည်းပျက်ပြားစေနိုင်ကြောင်းဖြင့်သိရသည်။

Mitchell Mc Connell ကဆက်လက်ပြောကြားရာတွင်ထိုင်းနှင့် အမေရိကန်တို့ အနေဖြင့် အရှေ့တောင်အာရှ၏ စည်းလုံးညီညွတ်မှုကိုပျက်ပြားစေနိုင်ကြောင်း၊ဤသို့လုပ်ဆောင်ချက် များအပေါ်၌လည်း စိုးရိမ်သင့်ကြောင်း ထည့်သွင်းပြောကြားသွားခဲ့သည်။

မြန်မာအစိုးရအနေဖြင့်ယခင်က တရုတ်နိုင်ငံလုပ် 42 Chengdu, F-7M နှင့် Nanchang A-5C ဂျက်တိုက်လေယာဉ်များကိုသာ အားထားမှီခိုခဲ့ရရာမကြာမီကဖြစ်ပေါ်ခဲ့သော ထိုင်းမြန်မာ နယ်စပ် အရေးတင်းမာမှုများကြောင့်ယခုကဲ့သို့လေတပ် စွမ်းရည်ကိုအဆောတလျင် ပြင်ဆင်ခဲ့ပုံရကြောင်းဖြင့် သုံးသပ်သူများက ဆိုသည်။

ထိုကိစ္စနှင့်ပတ်သက်၍ ထိုင်းဒုတိယကာကွယ်ရေးဦးစီးချုပ်က ပြောကြားရာတွင်မြန်မာတို့အနေဖြင့် ယခုကဲ့သို့ ရုရှားလုပ် ဂျက်တိုက်လေယာဉ်များဝယ်ယူခြင်းအပေါ် မိမိတို့အနေဖြင့်စိုးရိမ်ဖွယ်ရာမရှိကြောင်း၊မြန်မာနိုင်ငံသည်တရုတ်နှင့် အိန္ဒိယကဲ့သို့သောအင်အားကြီးနိုင်ငံများနှင့် နယ်နိမိတ်ခြင်းထိစပ်နေသည့်အားလျော်စွာထိုသို့ပြုမူသင့်ပါကြောင်း ပြောကြားခဲ့သော်လည်းမြန်မာ့ဒီမိုကရေစီရေးလိုလားသူအင်အားစုများကမူယခုကဲ့သို့တိုင်းပြည်လူထု ဆင်းရဲချတ်ခြုံကျနေသည့်ကာလအတွင်း အမေရိကန်ဒေါ်လာသန်း ၄၀ ကိုလက်ငင်းပေးချေပြီးကျန်ငွေများအားမြန်မာ့သယံဇာတပစ္စည်းများနှင့်ထိုးဆပ်ကြွေးချေယူရမည့်အရေးသည်ရင်လေးဘွယ်ရာဖြစ်ပါကြောင်းမြန်မာ့တပ်မတော်အနေဖြင့် ခေတ်မီတပ်မတော်တရပ်ဖြစ်လာရန်တည်ဆောက်လိုသည် ကိုနားလည်နိုင်သော်လည်း၊ ယခုလိုအခါသမယ၌ စစ်အာဏာရှင်တို့အနေဖြင့်တန်ဘိုးကြီးမြင့်လွန်းလှသည့်စစ်လက်နက်ပစ္စည်းများကိုဝယ်ယူခဲ့သည်မှာ စဉ်းစားဘွယ်ရာဖြစ်နေကြောင်းဖြင့် ရှုမြင်သုံးသပ်ကြကြောင်းသိရသည်။

✡

# သုံးပွင့်ဆိုင်ဆွေးနွေးပွဲနှင့်ပတ်သက်၍မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားကြိုးပမ်းနေသော အင်အားစုများ၏ သဘောထားအမြင်ကောက်နုတ်ချက်

ပြီးခဲ့သည့်အောက်တိုဘာလမှစ၍ ယနေ့အချိန်အထိတိုင်အောင် ဆက်လက်ပြုလုပ်နေဆဲဖြစ်သည့် မြန်မာဒီမိုကရေစီရေးခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် နအဖစစ်အစိုးရတို့၏ တွေ့ဆုံဆွေးနွေးမှုအပေါ်အခြေခံသည့် မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားကြိုးပမ်းနေသည့် အဖွဲ့အစည်းအသီးသီးတို့၏ သုံးသပ်ထားမှုများကို အခြေခံ၍"သုံးပွင့်ဆိုင်ဆွေးနွေးပွဲ"နှင့်ပတ်သက်သော သဘောထားအမြင်များကို စုစည်းကာ ကောက်နုတ်ဖော်ပြလိုက်ပါသည်။

ပဒိုမန်းရှာ(ကရင်အမျိုးသားအစည်းအရုံးအထွေထွေအတွင်းရေးမှူး)ကပြောဆိုရာမှာ–

"ဒီနေ့ဒေါ်စုနဲ့နအဖတို့ တွေ့ဆုံနေတဲ့ကိစ္စကတော့ ကျနော်တို့အနေနဲ့ ဒါလုံးလုံးမတွေ့ကြတာနဲ့စာရင်တော့ ကောင်းတယ်လို့ကျနော်တို့မြင်တယ်။ သို့သော်လည်းဘဲ ဒေါ်စုကိုထိမ်းသိမ်းထားတဲ့ အခြေအနေအောက်မှာ ခုလိုတွေ့ဆုံတာ နောက်တော့ NLD ခေါင်းဆောင်တွေကို ဦးတင်ဦးတို့လို၊ ဦးအောင်ရွှေတို့လိုခုထက်ထိ ဆက်ပြီးတော့ထိန်းသိမ်းထားတာတွေ ဆက်ထိန်းထားတဲ့အခြေအနေအောက်မှာ နောက်ပြီးတော့ NLD အဖွဲ့အစည်းကိုလည်းဘဲ လွတ်လွတ်လပ်လပ်စည်းရုံးလှုပ်ရှားမှု့ ဘာမှမပေးပဲနဲ့ အခုလိုပိတ်နေတာ တွေဟာ ဒါကောင်းတဲ့ကိစ္စမဟုတ်ဘူးလို့ဘဲ ကျနော်တို့မြင်တယ်။ ဒါမှမဟုတ်တကယ်လို့တွေ့တယ် ဆိုလို့ရှိရင်တော့ဒေါ်စု ပြောနေခဲ့သလို တကယ့် (Meaningfull Dialouge) ပေါ့။ အဲဒီအနေအထားရောက်အောင် တော့ ကျနော်တို့တွေ့ဖို့သင့်ပါတယ်။ အဲလိုမဟုတ်ပဲနဲ့ အခုလိုဆုံတာ မျိုးကတော့ ဒါဘာမှကျေနပ်လောက် တဲ့ကိစ္စမဟုတ်ဘူးလို့ ကျနော်တို့ မြင်တယ်"။

မွန်ပြည်သစ်ပါတီ (ပါတီဗဟိုကော်မတီအဖွဲ့ဝင်တဦး)ကပြောရာမှာ"ဒေါ်စုနဲ့ နအဖ ဆွေးနွေးခဲ့တာတနှစ်နီးပါး ရှိပါတယ်။ ဒါပေမဲ့ ဒီမိုကရေစီရော၊ အမျိုးသားအားလုံးကိုယ်စားပြုတဲ့ ဒါမှမဟုတ်ကိုယ်ပိုင်လွှဲပြောင်းပေး ဖို့ ဒီစကားလုံးမျိုး ကျနော်မကြားဘူး။ ပြောလည်း

စာမျက်နှာ(၆)ကော်လံ(၄)သို့⇔



ယူဂိုဆလားဗီးယားအာဏာ ရှင်ဟောင်း ဆလိုဗိုဒမ် မီလိုဆီဗစ်အား နိုင်ငံတကာခုံရုံးတွင် စစ်ဆေးနေပြီဖြစ်ရာ ထိုသတင်းကို ဖတ်ရှုကြရသူအပေါင်းက မြန်မာနိုင်ငံ၏ စစ်အာဏာရှင်ချုပ်မှူးကြီး ဗိုလ်ချုပ်ကြီးဟောင်းနေဝင်းသည်လည်း ထိုလမ်း ထိုစခန်းသို့မြန်းရချိန်နီးလာပြီဖြစ်ကြောင်း ပြောဆိုနေကြသည်။

## နိုင်ငံခြားငွေ လဲလှယ်နေသူ မခင်အေး ထောင်(၇)နှစ် ကျသွားပြီ

ရန်ကုန်မြို့ မြေနီကုန်းလမ်းဆုံ အနီး ဂမုန်းပွင့်စတိုးဆိုင်နှင့် မျက်စောင်းထိုးတွင်ဖွင့်လှစ်ထားသည့် စတိုးဆိုင်ပိုင်ရှင်ဖြစ်သူ တရားမဝင် နိုင်ငံခြားငွေလဲလှယ်ရာတွင် နာမည်ကြီးသူမခင်အေးအား ထောင်ဒဏ်(၇) နှစ်ချမှတ်လိုက်ကြောင်း သိရသည်။

နအဖစစ်အုပ်စုက မြန်မာ ကျပ်ငွေတန်ဖိုး အလွန်အမင်းကျဆင်းရမှုသည် ငွေကြေးကစားသူများကြောင့်ဟု စွပ်စွဲကာ တရားမဝင်ငွေလဲလှယ်မှုလုပ်ကိုင်နေသူများအား ပြီးခဲ့သည့်မေလမှ စတင်ဖမ်းဆီးခဲ့သည်။ သို့ရာတွင် ဖမ်းဆီးထားသူ (၆၆)ဦးထဲမှ မခင်အေး တယောက်တည်းကိုသာ နိုင်ငံတော် အရေးပေါ်ကာကွယ်ရေး ဥပဒေပုဒ်မ ၅(ည)ဖြင့် ပြီးခဲ့သည့် ဇွန်လက ထောင်(၇)နှစ်ချလိုက်ပြီး ကျန်လူအားလုံးကို ပြန်လွှတ်လိုက်သည်ဟု မဇ္ဈိမသတင်းဌာနကလည်း ဆိုသည်။

မခင်အေးသည် စတိုးဆိုင်နှင့် ခရီးသွားလာရေးလုပ်ငန်းများကို လုပ်ကိုင်နေသူဖြစ်ပြီး ငွေလဲလှယ်မှုလုပ်ငန်းကိုမူ ၁၉၉၁ ခုနှစ်မှ စတင်လုပ်ကိုင်ခဲ့ရာ တရားမဝင်သော်လည်း လူတိုင်းအလွယ်တကူလဲလှယ်နိုင်သည့်အပြင် နိုင်ငံခြားသံရုံးဝန်ထမ်းများလည်း ဆက်သွယ်လဲလှယ်မှုရှိကြောင်း သိရသည်။

သို့ရာတွင် ငွေကြေးပမာဏ ကြီးကြီး မားမားကို ရန်ကုန်မြို့ ရွှေဘုံသာလမ်း(မဂိုလမ်း)၌ အခြေတစိုက် တရားမဝင် လဲလှယ်လုပ်ကိုင်နေသူများ ဖမ်းဆီးခြင်းမခံရဘဲ မခင်အေးတယောက်တည်းကိုသာ ထောင်ဒဏ်အပြစ်ပေး အရေးယူလိုက်သဖြင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားငွေ လဲလှယ်သူများ လောကအတွင်း ထူးဆန်းအံ့သြနေကြကြောင်း သတင်းများကဆိုသည်။

❖

## မေဖလားဝါး ကျော်ဝင်းနှင့် ယုဇန ဦးဌေးမြင့် နအဖနှင့်ပေါင်းမှ ထောင်းထောင်းကြေရ

ယခု လောလောဆယ်ကာလအတွင်း နအဖစစ်အုပ်စုနှင့် လည်ပင်းဖက်စီးပွားရေးလုပ်ရင်း အထိနာသွားကြသူတို့မှာ မေဖလားဝါးကျော်ဝင်းနှင့် ယုဇန ဦးဌေးမြင့်တို့နှစ်ဦးဖြစ်ကြောင်း သိရသည်။

ယင်းတို့နှစ်ဦးသည် အိမ်ယာ ခြံမြေလုပ်ငန်း၊ တာချီလိတ် လေယာဉ်ပြေးလမ်း သုံးထပ်သားလုပ်ငန်းများတွင် အဓိက အရှုံးပေါ်ခဲ့သည့်အပြင် ဘဏ်များတွင် ATM System အတွက် အများအပြားရင်းနှီးမြှုပ်နှံခဲ့ရသော်လည်း နာမည်သာကြီးပြီး အကျိုးအမြတ် မကာမိကြဟု သိရသည်။

ရရှိသောသတင်းများအရ ဒေဝါလီခံတော့မည့် ယုဇနဦးဌေးမြင့်အား နအဖစစ်အုပ်စု အတွင်းရေးမှူး(၁) ဒု–ဗိုလ်ချုပ်ကြီး ခင်ညွန့်က လော်စစ်ဟန်ထံမှ ကျပ်သန်း(တထောင်)ကို တကျပ်၊ပြား(၇၀) အတိုးနှုန်းဖြင့် ချေးယူပြီးပေးခဲ့ကြောင်း၊ ထို့ပြင် ရေနက်ကွင်း နေရာကောင်းများကိုလည်း ဒု–ဗိုလ်ချုပ်ကြီး ခင်ညွန့်က ယုဇန ဦးဌေးမြင့်အား လုပ်ကိုင်ခွင့်ချပေးခဲ့ကြောင်း သိရသည်။

❖

## ကျပ်သန်းတထောင်တန်အိမ် သိန်းနှစ်ဆယ်ဖြင့် ပေးလိုက်

ရန်ကုန်မြို့ ပြည်လမ်းနှင့် အေဒီလမ်းထောင့် လူငယ်အင်းလျားလေး စခန်းနှင့် မျက်နှာချင်းဆိုင်တွင်ရှိသော ကာလတန်ဖိုး ကျပ်သိန်း(၈၀၀၀နှင့် ၁၀၀၀၀)ကြားတန်သည့်အိမ်အား ပြီးခဲ့သည့် ဖေဖော်ဝါရီလ(၁၉)ရက်နေ့က ဘားအံမြို့ တရုတ်လှကျေးရွာအနီး ရဟတ်ယာဉ်ပျက်ကျရာတွင် သေဆုံးသွားသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၂) ဒု–ဗိုလ်ချုပ်ကြီး တင်ဦး၏ဇနီးအား နအဖစစ်အုပ်စုက မြန်မာကျပ်ငွေ သိန်း(၂၀)ဖြင့် ပေးလိုက်ကြောင်း သိရသည်။

နအဖစစ်အုပ်စု၏ အပြုအမူသည် ကွယ်လွန်သူ ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ မိသားစုအား စစ်အုပ်စုမှ စာနာထောက်ထားသောအစီအစဉ်တရပ်ကဲ့သို့သေသပ်လှသော်လည်းအဆိုပါ အိမ်မှာဘာသာတရားယုံကြည်မှု အယူအဆအရထိခိုက်သည်ဟုလူပြောသူပြောများပြီးမည်သူမျှမနေချင်သော နာမည်ဆိုးထွက်နေသည့်အိမ်ဖြစ်ကြောင်း သိရသည်။

❖

လွတ်လပ်စွာ ထုတ်ဖော်ရေးသား ပြောဆိုခွင့်သည်
လူသားတိုင်း၏ မွေးရာပါ အခွင့်အရေး ဖြစ်သည်

# စစ်ဖိနပ်အောက်မှ မြန်မာစာနယ်ဇင်းလောက(၁)

**မောင်ဇေယျာသက်နီ**

**အမှတ်(၂၀)မှ အဆက်**

အမိန့်ထုတ်တော့သည်။ ထိုမျှသာ မကသေး။ သတင်းထောက်၊ သတင်းစာဆရာများသည်လည်း မှတ်ပုံတင်ခွင့်ပြုချက်ရပြီးမှသာ ခရီးသွားခွင့်၊ အစိုးရရုံးများ၊ ဝန်ကြီးဌာနများသို့ သွားရောက် သတင်းယူခွင့်ပြုမည်ဟုလည်း အမိန့် ထုတ်ပြန်လိုက်သေးသည်။ အပေါ်သွား အလေးသွားလျှင်ပင် ကြိုတင်ခွင့်ပြုချက် တောင်းရတော့မလိုပင်။ "ဘယ်မှာလဲ စာနယ်ဇင်း လွတ်လပ်ခွင့်"ဟူ၍ ဗိုလ်မှူးကြီး စောမြင့်ကို အထွန့်တက်မိလျှင် ကိုရွှေမင်းသား ဒေါသမာန်တက်ကာ "ထောင်နန်းမြန်း" ရမည်လား မသိခဲ့။

ဗြိတိသျှအစိုးရ အုပ်ချုပ်စဉ်တုန်းက စာနယ်ဇင်းလွတ်လပ်ခွင့် အတန်အသင့် ရှိခဲ့ဖူးသည်။ သတင်းထောက်များ၊ သတင်းစာဆရာများ ခရီးထွက်ရာတွင် မှတ်ပုံတင်ခွင့်ပြုချက် မလိုအပ်ဖူးခဲ့။ မိမိ သွားချင်သည့်နေရာ သွား၍ သတင်းယူနိုင်သည်။ အစိုးရရုံးများ ဆိုလျှင်လည်း ဥဒဟိုဝင်ထွက်ခွင့် ရှိခဲ့သည်။ (ဗိုလ်နေဝင်းခေါင်းဆောင်သော မဆလ စစ်အစိုးရလက်ထက်မှစ၍ ယနေ့ ၁၉၉၉ခုနှစ် နအဖစစ်အုပ်စုလက်ထက်အထိ ခွင့်ပြုချက်မရပါက မည်သည့်အစိုးရရုံးကိုမျှ သွားခွင့်မရတော့ပေ။) ထို့အပြင် ၁၉၆၂ခုနှစ်ထဲမှာပင် ပုံနှိပ်ထုတ်ဝေရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြန်သေးသည်။ ထိုဥပဒေအရ ပုံနှိပ် ထုတ်ဝေရေးလုပ်ငန်းအားလုံး တနှစ်တကြိမ် မှတ်ပုံတင်ရမည်။ ခွင့်ပြုချက် မရလျှင် ထိုနှစ်အတွက် လုပ်ငန်းအားလုံး ရပ်ဆိုင်းထားပေရော့။ခွင့်ပြုချက် ရမည် မရမည်မှာလည်း မရေရာ မသေချာလှ။

ဤသည်ထက် ပို၍ဆိုးဝါးသည်မှာ သတင်းနှင့်ပြန်ကြားရေးဝန်ကြီးဌာနသည် စာပေဆင်ဆာဘုတ်အဖွဲ့ (ဝါ) စာပေစိစစ်ရေးအဖွဲ့ကို ဖန်တီးကာ သတင်းလုပ်ငန်းအားလုံးကို ထိုအဖွဲ့မှ တည်းဖြတ်ပစ်ခြင်းပင်။ စာပေစိစစ်ရေးအဖွဲ့သည် ပုံနှိပ်ထုတ်ဝေသော စာနယ်ဇင်းများကို မျက်လုံးဒေါက်ထောက် ဖတ်ရှုစိစစ်ပြီး မဆလပါတီ၏ မူဝါဒနှင့်ငြိစွန်းသော စာအားလုံးကို ဖြတ်တောက်ခိုင်းတော့သည်။(နောင် ၁၀နှစ်ကြာသောအခါ ၁၉၇၂ ခုနှစ်မှစ၍ ဝတ္ထုစာအုပ်၊ ကဗျာစာအုပ်၊ ပြဇာတ်စာအုပ် စသည့် ရသစာပေဆိုင်ရာ စာအုပ်စာတမ်းများကိုပင် စာပေစိစစ်ရေးအဖွဲ့သို့တင်ပြ၍ ခွင့်ပြုချက်ရပြီးမှသာ ပုံနှိပ်ထုတ်ဝေခွင့် ပြုတော့သည်။ထိုအကြောင်းနှင့် ပတ်သက်၍ နောက်ပိုင်း၌အသေးစိတ်ဖော်ပြပါဦးမည်။) တကယ်တော့ စာပေစိစစ်ရေးအဖွဲ့သည် ဒုတိယကမ္ဘာစစ်ကြီးမတိုင်မီ ရုရှနိုင်ငံတွင်ရှိခဲ့သော NKVD (လျှို့ဝှက် စစ်စုံထောက်အဖွဲ့)ကဲ့သို့ပင်။ သတင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်တွင် ရှိငြားသော်လည်း အမှန်တကယ်မှာမူ MIS(စစ် ထောက်လှမ်းရေးအဖွဲ့)မှ ကြိုးကိုင်နေ၍ ဖြစ်သည်။

ထိုစဉ်က သတင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက် (၃) ချက်မှာ (၁)စာပေလုပ်ငန်း၊ သတင်းလုပ်ငန်းများအတွက် လိုအပ်သော စာရင်းဇယား၊ကျင့်ထုံးဥပဒေ၊လုပ်ငန်းဆောင်တာများကို အသေးစိတ်တင်ပြရန်(၂)ဆိုရှယ်လစ်နိုင်ငံ တည်ဆောက်နိုင်ရေးအတွက် ပြည်သူတရပ်လုံး ပူးပေါင်းပါဝင်လာကြစေရန် အထောက်အကူပြုသည့် အကြောင်းအရာများ ကို ဦးစားပေးရန် (၃)ဆိုရှယ်လစ်စနစ်၏ရန်သူများကို ခုခံကာကွယ်ရန်တို့ပင် ဖြစ်သည်။

ထိုအချက် (၃)ချက်နှင့်ပတ်သက်၍ ဆက်လက်ရှင်းပြပါမည်။ နံပါတ်(၁) အချက်ကိုကြည့်ခြင်းအားဖြင့် မဆလ စစ်အစိုးရသည် အလွန်အင်မတန် သိမ်မွေ့နူးညံ့သော စာနယ်ဇင်းလောက အကြောင်းကို ဂဃနဏ မသိသေးသည်မှာ ထင်ရှားနေပေသည်။ ဂဃနဏ သိရှိနားလည်ထားပါမှ ကိုင်တွယ်ရ ထိန်းကျောင်းရ လွယ်မည်မဟုတ်လော။ "မြွေ မြွေချင်း ခြေမြင်ရန်" ကြိုးစားသည့်အချက်များပင်။ နံပါတ်(၂)အချက်နှင့် နံပါတ်(၃)အချက်တို့မှာမူ စာနယ်ဇင်းလောကကို စော်ကားသည့် အချက်များပင် ဖြစ်တော့သည်။ လူထုဆန္ဒဖြင့် ရွေးကောက်ထားသော လူထုအစိုးရလက်ထဲမှ အာဏာကို အတင်းအဓမ္မ ဓါးပြတိုက်လုယူထားပြီး နောက်ပိုင်းကျမှ "အဓမ္မ ဓါးပြတိုက်မှုသည် ကောင်းမွန်လှပါပေ၏။ တရားမျှတပါပေ၏"ဟု မဟုတ်မတရား အမိန့်အာဏာပေး၍ ရေးသားခိုင်း နေခြင်းပင်မဟုတ်လော။ "စာနယ်ဇင်းလောကသားတို့၏လက်သည် သေနတ်ကိုင်သောလက်မဟုတ်ဘဲ ကလောင်တံကိုင်သောလက်ဖြစ်သည်" ဟူသည်ကို ဒင်းတို့စစ်အာဏာရှင်တွေ မသိပေရော့သလား။ ငြိမ်းချမ်းရေးဗိသုကာ ဆရာကြီး သခင်ကိုယ်တော်မှိုင်းကို နမူနာယူ၍ပြောရလျှင် "ဆိုးရွားလှဗမာစာနယ်ဇင်းလောကသားတို့ ဘဝတွေမှာဖြင့်၊ တောကမယား စကားကို ပေါင်နှံ့ ရောင်းစားရမလို မျိုးပေကွယ့် ––––"ဟူ၍။

ထို့အပြင် အမျိုးသားစာပေဆု ရွေးချယ်ရေးမူဝါဒကိုလည်း ပြောင်းလဲ ပြင်ဆင်ခဲ့သည်။ မဆလ စစ်အစိုးရ အာဏာမသိမ်းမီကဆိုလျှင် ဇာတ်လမ်း ဇာတ်ကွက်၊ ရည်ရွယ်ချက်နှင့် တင်ပြပုံ၊ စာပေအရည်အသွေးတို့အပေါ် မူတည်ပြီး အမျိုးသားစာပေဆုကို ရွေးချယ်ပေးခဲ့လင့်ကစား မဆလ လက်ထက်တွင်မူ လုံးဝပြောင်းလဲသွားတော့သည်။ မဆလ စစ်အစိုးရ၏ အမျိုးသားစာပေဆု ရွေးချယ်ရေးမူဝါဒသည်ကား (၁) မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်စနစ်ကိုထောက်ခံသည့် စာပေမျိုးဖြစ်ရမည်။(၂)စစ်မှန်သော မြန်မာ့ရိုးရာဓလေ့ထုံးစံများကို ဦးစားပေး ဖော်ပြသည့် စာပေမျိုးဖြစ်ရမည်။(၃) မျိုးချစ်စိတ်ဓါတ်ကို မွေးထုတ်ပေးနိုင်သည့် စာပေမျိုးဖြစ်ရမည်။(၄) ဦးနှောက်ဉာဏ် ရည်နှင့် လောကနီတိတရားကို အထောက်အကူပြုသည့် စာပေမျိုးဖြစ်ရမည်။(၅) စာဖတ်သူအားလုံး မှန်ကန်ထက်မြက်သည့် အတွေးအခေါ် အသိအမြင်ကို ရရှိစေနိုင်မည့်စာပေမျိုးဖြစ်ရမည် ....ဟူသတတ်။

အမှန်တကယ်၌မူ မဆလ စစ်အစိုးရသည် မြန်မာ့နည်း မြန်မာ့ဟန် ဆိုရှယ်လစ်စနစ်အတွက် အမျိုးသားစာပေဆုကို ဝါဒဖြန့်ယန္တရားသဖွယ် အသုံးချနေခြင်းပင်။ စာရေးဆရာ၏ ကလောင်ကိုင်သောလက်အပေါ် စစ်အစိုးရအာဏာ မသက်ရောက်ခဲ့၍သာ စစ်အာဏာရှင်တို့အာဏာရပြီး အစဦးပိုင်း၌ ဆုရွေးချယ်ပေးစရာ တအုပ်တလေမျှမရှိခဲ့ခြင်း ဖြစ်ပေလိမ့်မည်။သို့တည်းမဟုတ် စာရေးဆရာတို့သည် "သေသော်မှတည့် ဩော်ကောင်း၏"ဟု နှလုံးသွင်းလေသည်လား မဆိုနိုင်။ ၁၉၆၂ခုနှစ်ကိုလည်း "အမျိုးသား စာပေဆုအတွက် အကောင်းဆုံးဝတ္ထုရှည်ဆု မပေးနိုင်ခဲ့သည့်နှစ်"ဟု ခေါ်၍ရမည် ထင်သည်။

အခြားတဖက်၌ ၁၉၆၂ခုနှစ် မေလ(၁၅)ရက်နေ့မှစ၍ မဆလ သတင်းနှင့်ပြန်ကြားရေးဝန်ကြီးဌာနသည် "ရှေ့သို့"ဂျာနယ်ဟူသော အပတ်စဉ်ထုတ် ဝါဒဖြန့်စာစောင် တခုကို မြန်မာ၊အင်္ဂလိပ်နှစ်ဘာသာဖြင့် ထုတ်ဝေဖြန့်ချိခဲ့သည်။ အရောင် အသွေးစုံလင်ခဲ့လင့်ကစား ဈေးထဲတွင် ပါကင်ထုပ်သည့်စက္ကူဘဝ ရောက်ခဲ့ကြရသည်။ "ဒင်းတို့စစ်ဗိုလ်တွေ ဝါဒဖြန့်တဲ့စာအုပ်မျိုးတော့ ကျုပ်တို့ပြည်သူတွေ မဖတ်နိုင်ဘူးဟေ့"ဟု ဆန္ဒပြ သပိတ်မှောက်ခဲ့သည်ထင့်။ စာပေ အရည်အသွေး ညံ့ဖျင်းလွန်းလှ၍လည်း ဖြစ်နိုင်ပေသည်။

ထိုနှစ် ကုန်လုဆဲဆဲအချိန်သို့ရောက်သောအခါ ဝန်ကြီးဗိုလ်မှူးကြီး စောမြင့်သည် မြန်မာနိုင်ငံ သတင်းစာဆရာအသင်းနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းတို့ကို ဖိတ်ကြားပြီး မြန်မာစာပေပြဿနာနှင့်ပတ်သက်၍ ညီလာခံတရပ်ခေါ်ယူရန် အကြံပြုခဲ့သည်။

ဆက်လက် ဖော်ပြပါမည်

## ၅၄ နှစ်မြောက်အာဇာနည်နေ့အခမ်းအနားသို့ ဒေါ်အောင်ဆန်းစုကြည်မတက်ရောက် ၆ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ် မတက်ရောက်ခြင်းဖြစ်

ယခုနှစ်တွင်ကျင်းပပြုလုပ်ခဲ့သည့် ၅၄ နှစ်မြောက်အခမ်းအနားသို့နိုဘယ်ငြိမ်းချမ်းရေးဆုရှင်နှင့် အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်း၏သမီးလည်းဖြစ်သူမြန်မာ့ဒီမိုကရေစီရေးခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်တက်ရောက်ခဲ့ခြင်းမရှိကြောင်းသတင်းအေဂျင်စီများအရသိရှိရသည်။

ထိုကဲ့သို့မတက်ရောက်ခဲ့ခြင်း မှာ ယခု ၆ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ် ဖြစ်ကြောင်းလည်း သိရသည် ။ ထို အခမ်းအနားသို့ ဒေါ်အောင်ဆန်းစုကြည်မတက်ရောက်ခြင်းနှင့်ပတ်သက်၍ နအဖ နှင့် NLD တို့အကြားတွေ့ဆုံဆွေးနွေးမှုများပျက်ပြားသွား ပြီလားဟုစိုးရိမ်မကင်းမှုတချို့နိုင်ငံတကာအသိုင်းအဝိုင်းတွင် ထွက်ပေါ်လာခဲ့ကြောင်းလည်း သိရသည်။

ထိုအဖြစ်အပျက်ကြောင့် နအဖ နှင့်တွေ့ဆုံဆွေးနွေးပွဲမပြုလုပ်မီ လွန်ခဲ့သောနှစ်စက်တင်ဘာလကတည်းကယခုဆွေးနွေးပွဲစတင်နေချိန်အထိ၎င်း၏နေအိမ်တွင်အကျယ်ချုပ်ထိန်းသိမ်းခြင်းခံနေရခြင်းအား တိုက်ရိုက်ပေါ်လွင်ထင်ရှားစေသည်ဟု သံတမန်အသိုင်းအဝိုင်းကထင်မြင်ယူဆခဲ့ကြသည်။

ဒီမိုကရေစီရေးလှုပ်ရှားသူများဘက်ကလည်းထိုကိစ္စနှင့်ပတ်သက်၍ ထင်မြင်ယူဆချက်အမျိုးမျိုးထွက်ပေါ်လာခဲ့ရာ ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ ဖဒိုစောဘသင်က ပြောကြားရာတွင်“အကယ်၍သာဆွေးနွေးမှုမှာပြဿနာတွေပြေလည်မှုရှိမဲ့တစုံတရာနားလည်မှုတွေရှိမယ်ဆိုရင်တော့ လက္ခဏာအားဖြင့် စုစုစည်းစည်းနဲ့အာဇာနည်နေ့အခမ်းအနားကိုစုပေါင်းပြီး ကျင်းပတာတွေ့မြင်ရမယ်”ဟုပြောကြားခဲ့သည်။

စစ်အစိုးရတာဝန်ရှိသူများဘက်မှလည်းဒေါ်အောင်ဆန်းစုကြည်အာဇာနည်နေ့တက်ရောက်ခဲ့ခြင်းမရှိသည့်အပေါ် တွေ့ဆုံဆွေးနွေးမှုအဆင်မပြေသည့်သဘောကို ဆောင်သည်ဟုသောရှုမြင်ခဲ့ကြသည့် စိုးရိမ်မှုများကိုပယ်ချလိုက်ပြီး၊ လမ်းကြောင်းအတိုင်း တိုးတက်ဖြစ်ထွန်းလျက်ရှိပြီး၊ ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့်စစ်အစိုးရတို့အကြား တွေ့ဆုံမှုသည် ပုံမှန်အတိုင်းလျှောက်လှမ်းလျက်ရှိကြောင်းဖြင့် ဗီယက်နမ်နိုင်ငံဟနွိုင်းမြို့၌ကျင်းပမည့်အာဆီယံနိုင်ငံခြားရေးဝန်ကြီးများညီလာခံသို့ရောက်ရှိလာစဉ် မြန်မာနိုင်ငံခြားရေးဝန်ကြီးဦးဝင်းအောင်က ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရှိရသည်။

အမျိုးသားညွန့်ပေါင်းအစိုးရရဲ့ ပြန်ကြားရေးဝန်ကြီးဦးမောင်မောင်အေးမှပြောကြားရာတွင် ဆွေးနွေးပွဲအောင်မြင်တာကိုပဲမြင်လိုကြောင်း၊ အကယ်၍ဆွေးနွေးပွဲပျက်ပြားသွားခဲ့မယ်ဆိုရင်ဒီမိုကရေစီရရှိဖို့အတွက်လုပ်ဆောင်စရာရှိတာတွေကိုဆက်လက်လုပ်ဆောင်သွားမှာဖြစ်ကြောင်းပြောဆိုသွားသည်။ ထို့နောက်ဆက်လက်ပြောကြားရာတွင် “အခု နအဖ ကနေ ပြီးတော့မှ NLD အမတ်တွေ အပါအဝင် နိုင်ငံရေး အကျဉ်းသားတွေကို ပြီးခဲ့တဲ့အပတ်ထဲမှာလွှတ်ပေးတာ တွေရှိတယ်။ နောက် NLD မြို့နယ်ရုံးတွေအချို့ကိုပြန်ဖွင့်ခွင့်ပေးတာတွေရှိတယ်။ ဒါပေမယ့်အဲဒါလောက်နဲ့ဒီတွေ့ဆုံဆွေးနွေးပွဲအခြေအနေဟာကောင်းနေတယ်၊ နောက် နအဖ ဘက်ကနေပြီး တော့မှ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက်သူတို့ကသိပ်ပြီးတော့ လိုလိုလားလားလုပ်နေတယ်ဆိုတဲ့သဘောလို့တော့ယူဆလို့မရဘူး”။

အခြားသတင်းတရပ်ကမူ “နှစ်ဘက်အကြားသဘောထားကွဲလွဲမှုအသစ်တွေသာဖြစ်စေခဲ့တဲ့ဆွေးနွေးမှုဟာ လက်ဖက်ရည်ခွက်ထဲကမုန်တိုင်းတခုလိုပဲ” ဟုလည်းတင်စားပြောဆိုသွားခဲ့သည်။

အခြားသံတမန်တဦးကလည်း “စစ်အစိုးရက တစုံတရာအကောင်အထည်ဖော်မပေးဘဲ ရှောင်နေတာမျိုး သူမအနေနဲ့လုံးဝအလိုမရှိဘူး၊ပုံမှန်အခြေအနေထက်ဘာမှမထူးခြားသေးသမျှ သူမဟာ မူလအနေအထားအတိုင်းပဲ ထိန်းသိမ်းခံနေရတယ်ဆိုတာကို ပြခဲ့တာပဲ”ရှုမြင်သုံးသပ်သွားကြောင်းဖြင့် သိရသည်။

## ⇔သုံးပွင့်ဆိုင်ဆွေးနွေးပွဲမှ

မပြောဘူး။ ဒီသတင်း အဲဒီသတင်း အနေနဲ့ရမှ ကျနော်တို့ ပါတီနဲ့ရော၊ အမျိုးသား ကရော လက်ခံမယ်။ ဒါမှမဟုတ်ရင်တော့ ကျနော်တို့ ပါတီအနေနဲ့ ဘာမှ ထောက်ခံစရာ မရှိသလို အားလည်း အားပေးစရာ မရှိဘူး။ တကယ်လို့ သုံးပွင့်ဆိုင် မဖြစ်ရင် နှစ်ပွင့်ဆိုင်ပဲ ဖြစ်ဖြစ် သုံးပွင့်ဆိုင် ဆွေးနွေးခဲ့မယ် ဆိုရင်ဒီသုံးပွင့်ဆိုင် အထောက် အကူပြုတဲ့ စကားလုံး များ တကယ် ဖြစ်ရင် ဒါမှကျနော် တို့ပါတီ အနေနဲ့ လက်ခံမယ်”။

တဖန် နအဖ စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲထားသော KIO ခေါ်ကချင်တိုင်းရင်းသားအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူဂျိမ်းလွန်းဒေါင်ကပြောကြားရာတွင်–

“ကျနော်တို့လက်နက်နဲ့ တိုက်ခိုက်တဲ့အခါမှာအပစ်အခတ်ရပ်စဲနိုင်အောင်ကြိုးစားခဲ့သလိုဒေါ်အောင်ဆန်းစုကြည်နဲ့ NLD အဖွဲ့အားလုံးက ဒီနိုင်ငံရေးအရတိုက်ခိုက်လာတဲ့ ဟာကိုပြေငြိမ်းသွားရအောင် ဆွေးနွေးနေတဲ့ အချိန်ဖြစ်မယ်လို့ ဒီလိုဘဲယူဆတယ်။ တကယ်လို့ဒီဟာ ဒီလောက်ကြာမှ ဘာမှ result အတွက် ဘူးဆိုရင် လူတွေကလဲစိတ်တို လာကြမယ် ဆိုရင်တော့ အဲ့ဒါ ကျနော်တို့ တော်လှန်ရေး အဖွဲ့တွေရှိတယ်။ စိတ်တိုတိုနဲ့ လုပ်လိုက်ရင်လည်း အောင်မြင်မှု မရှိဘူး။ ဒါကြောင့်ကျနော် ယုံကြည်တာက ဒီဟာ နိုင်ငံရေး တိုက်ရိုက် ဆွေးနွေးဖို့မဟုတ်ဘဲနဲ့ နိုင်ငံရေးအရတိုက်ခိုက်တာကို ရပ်စဲနိုင်ဖို့ပထမအဆင့်အနေနဲ့ ဆွေးနွေးကြတယ်လို့ကျနော်ထင်တယ်”

အထက်ပါသုံးသပ်ချက်များကိုကြည့်ခြင်းအားဖြင့် မြန်မာ့ နိုင်ငံရေးပြေလည်ရေးအတွက် ပထမအဆင့်ယုံကြည်မှုတည်ဆောက် ကြရန်ဖြစ်ပြီး ထိုမှဆက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊တိုင်းရင်းသား လူမျိုးစုများနှင့် နအဖ စစ်အစိုးရတို့ သုံးပွင့်ဆိုင်ဆွေးနွေးကြရေးကို ဦးတည်ကြရမှာဖြစ်ကြောင်း၊ ထိုသို့ တိုင်းရင်းသားများက အခိုင်အမာ ယုံကြည်ထားသည်ကို ရှုမြင်နိုင်လေသည်။

ကျောင်းသားခေါင်းဆောင်ဟောင်းတဦးဖြစ်သူ ကိုအောင်နိုင်ဦးကပြောကြားရာတွင်

“ရန်ကုန်မှာ ဘာတွေဆွေးနွေး နေလဲဆိုတာ မသိရတဲ့အတွက်ပြောဖို့တော့ ခက်တယ်၊ သို့သော်မြန်မာပြည် ရဲ့အနာဂါတ်ကို ပြင်ကြ၊ဆင်ကြ၊ဆွေးနွေးကြတော့မယ် ဒါမှမဟုတ်ရင် မြန်မာပြည် အနာဂတ်အတွက် အပေးအယူ လုပ်ကြရတော့မယ်။ အမျိုးသားပြန်လည် သင့်မြတ်ရေး လုပ်ကြရတော့မယ်ဆို ရင်တော့ ဒီတိုင်းရင်းသား အရေးကိစ္စက မဖြစ်မနေပါဝင်ဆွေးနွေးရမယ့် အချက်တစ်ခုဖြစ်တယ်လို့ ကျနော်ထင်တယ်။ အဲဒီတော့ နတ နဲ့ ဒေါ်အောင်ဆန်းစုကြည် တို့နဲ့ ဆွေးနွေးနေတဲ့ နေရာမှာလည်း အပြင်ကိုထုတ်မပြောတဲ့အတွက် မသိရပေမဲ့ တိုင်းရင်းသားတွေနဲ့ ပတ်သက်တဲ့ အရေးကိစ္စတွေကိုတော့ တစ်စုံတရာဆွေးနွေးကြလိမ့်မယ်လို့ ကျနော့အနေနဲ့ယုံကြည်ပါတယ်”။

သို့ရာတွင် တိုင်းပြည်၏ အနာဂတ်ရေးအတွက် ဆွေးနွေးရာတွင်ကာယကံရှင် ဖြစ်သော တိုင်းရင်းသားအင်အားစုများကိုပါ ထည့်သွင်းပြီး သုံးပွင့်ဆိုင်အကြေအလည်ဆွေးနွေးကြရမည်ဖြစ်သည်ဟု ဒေါ်အောင်ဆန်းစုကြည် အနေနှင့် မူလကတည်းကပင် ပြောဆိုထားခဲ့သော်လည်း နအဖ စစ်အစိုးရအနေဖြင့် ထိုအကြောင်းတစုံတရာကို သဘောထားထုတ်ပြန်လာခြင်းမရှိခဲ့သည့်အတွက် ပဒိုမန်းရှာက....

“ဒီနေ့အထိ နအဖက သုံးပွင့်ဆိုင် ဆွေးနွေးပွဲကို လက်ခံလုပ်ဆောင် လိုတဲ့သဘောထား လုံးဝမပေါ်ပြသေးဘူးလို့ ကျနော် ယူဆတယ်။ ထိုထက်မက ပေါ့လေ။ တိုင်းပြည် အခြေခံနိုင်ငံရေး ပြဿနာတွေကို နိုင်ငံရေးနဲ့ တရားမျှတစွာ ဆွေးနွေးဖြေရှင်းဖို့ သဘောထား တောင်မှဘဲ အခုထက်ထိ အရိပ်အရောင်မတွေ့ရသေးဘူးလို့ ကျနော်တို့အဲ့ဒီလိုဘဲပြောချင်တယ်။ အခုဖြစ်နေတဲ့ ကိစ္စတွေကတော့ ဒါအပေါ်ယံ အချင်းအရာတွေလောက်ဘဲ ကျနော်တို့မြင်တွေ့ရပါသေးတယ်။”

မွန်ပြည်သစ်မှပြောကြားရာတွင်....

“အပစ်အခတ်ရပ်စဲရေးအပေါ် မူတည်ပြီး မွန်ပြည်သစ်အနေနဲ့ နအဖ အတွင်းမှာသုံးပွင့်ဆိုင်ဆွေးနွေးပွဲ ကိစ္စဟာ ကျနော်တို့တောင်းထားတာ ဟာရှိတယ်။ ဒါပေမယ့် သူတို့ လက်မခံဘူး။ ပယ်ချလိုက်တယ်။ အခုကျနော်တို့တောင်းဆိုတာ သုံးလေးခါရှိတယ်။ အခုထိဘာမှ အကြောင်းမပြန်ဘူး။ အခုထိ သူတို့လက်မခံဘူး။”

ကချင်ခေါင်းဆောင်တဦးဖြစ်သူဂျိမ်းလွန်းဒေါင်က....

“ဒီသုံးပွင့်ဆိုင်ဆိုတဲ့နေရာမှာ .... ဆိုပါတော့ နအဖ အနေနဲ့သူတို့က အဆင်သင့်ရှိတယ်ဘဲထား၊ နောက် NLD အနေနဲ့ ပြင်ဆင်မှု ဘယ်လောက်ရှိသလဲ။ အဲ့ဒါပြန်ပြီးတော့ ချိန်ဆဖို့လိုတယ်။ အထူးသဖြင့် တော်လှန်နေတဲ့အဖွဲ့တွေဟာ တသက်လုံးပြင်ဆင်မှုရှိပေမယ့် အဲ့ဒါဖိနှိပ်တဲ့အခါမှာ ကျနော်တို့ တော်လှန်ရေးသမားဖြစ်တဲ့အတွက် တော်လှန်ရေးအနေနဲ့ ရပ်တည်ပြီးတော့ တင်ပြရမယ်ဆိုရင် အတွေးအခေါ် မတူတဲ့ဟာအများကြီး ရှိတယ်။ နိုင်ငံရေးအရသော်လည်းကောင်း၊ စစ်ရေးအရသော်လည်းကောင်း၊ တချို့ကအပစ်အခတ်ရပ်စဲထားတဲ့အဖွဲ့ထဲမှာမှ အမြင်ချင်းမတူတာတွေလည်း အနည်းငယ်ရှိမယ်။ နောက်အပစ်အခတ်မရပ်စဲတဲ့အဖွဲ့တွေလည်း အများကြီးရှိသေးတယ်။ ဒါ့ကြောင့်ရှင်းရှင်းပြောမယ်ဆိုရင် ကျနော်တို့ ငြိမ်းချမ်းရေးယူထားတယ်။ ငြိမ်းချမ်းရေးမယူတဲ့သူတွေ လည်းရှိသေးတယ်။ အဲ့ဒါကို ကိုယ်စားပြုနိုင်တဲ့ မတူတဲ့ အတွေး အခေါ်သုံးလေးမျိုးကို လူတဦးတယောက်အနေနဲ့ အဖွဲ့တဖွဲ့အနေနဲ့ ကိုယ်စားပြု ပြီးတော့မှ သုံးပွင့်ဆိုင်သွားစကား ပြောမယ်ဆိုရင် ပေါ်လစီအရတော့ ကောင်းသလိုလိုဘဲ။ ဒါပေမယ့် လက်တွေ့ပိုင်းမှာကျတော့ အောင်မြင်ဖို့တော့ခက်မယ်။ ကျနော်တို့ ရည်မှန်းတာက အနည်းဆုံး အပစ်အခတ်ရပ်စဲမယ်။ ငြိမ်းချမ်းရေး ယူထားတဲ့အဖွဲ့ တွေဟာ အမြင်ချင်းတူလာအောင် သဘောထားကျယ်ပြန့်စွာနဲ့ နိုင်ငံရေးအရ

စာမျက်နှာ(၈)ကော်လံ(၅)သို့⇔

## ⇔ဦးလွင်နှင့် RFAတွေ့ဆုံမေးမြန်းခန်း(ရှေ့ဖုံးမှ)

**RFA**။ ။ ဒေါ်အောင်ဆန်းစုကြည်မလာတာကရော၊ သူ့ကိုလာခွင့်မပြုလို့လား.... သူအထိန်းအသိမ်းခံနေရတဲ့အတွက်မလာ တာလား။ သူ့သဘောနဲ့သူ မလာတာလား....။

**ဦးလွင်**။ ။ မသိဘူးလေ။ သူက အထိန်းအသိမ်းခံနေရတော့ အစည်းအဝေးတို့ဘာတို့ မလာရဘူးလေ။ ဒါတော့...............။

**RFA**။ ။ အာဇာနည်ဗိမာန်ကိုတော့ သူ့သဘောနဲ့သူ မသွားတာပေါ့။

**ဦးလွင်**။ ။ အဲ့ဒီလို သဘောရှိတယ်ပေါ့လေ။ Invitation ပို့တယ်လေ ဒေါ်အောင်ဆန်းစုကြည်ကို။ ဒါတော့သိတယ်။ ဒါပေမယ့် Invitation က သူကမသွားဘူး၊ အန်ကယ်တို့သွားပါဆိုလို့ အန်ကယ်တို့သွားတယ်။

**RFA**။ ။ အာဇာနည်နေ့အတွက် ရုံးမှာ အန်ကယ်မိန့်ခွန်း ပြောတယ် လို့သိရပါတယ်။ အကြောင်းအရာတချို့ အကျဉ်းချုံးပြီး ပြောပြပေးပါခင်ဗျား။

**ဦးလွင်**။ ။ ပါတော်မူနေ့ကစတာပေါ့။ ဗမာတွေ စည်းကမ်းဖေါက်လို့ ထီးနန်းပျောက်တယ်။ အဲ့ဒီနောက်မှာ မတ်(၂၇) တော်လှန်ရေးနဲ့အတူ ဗိုလ်ချုပ်အောင်ဆန်းတည်ထောင်တဲ့ တနိုင်ငံလုံး ဖဆပလ ဆိုတာ ပေါ်လာပြီး ဗမာ့အဆင့်ဟာ ကမ္ဘာမှာ ထင်ပေါ်ကျော်ကြားတဲ့ အင်အားစုကြီး ဖြစ်လာတယ်။ သို့သော်လည်း ဒီ ဖဆပလ ပြိုကွဲပြီး သက်တမ်းကုန်ဆုံး တယ်ပေါ့လေ။ အဲ့ဒီကအစ ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးသွားပြီးတဲ့ နောက်မှာ တောက်လျှောက်နိုင်ငံရေး အကျိုးဆက်တွေ ကဆိုလိုရှိရင် (၆၂)ခုနှစ် မတ်လ (၂) ရက်နေ့ကျတော့ ဗုန်းဗုန်းလဲတာပဲလေ။ ဖဆပလ ကြီးပြိုကွဲသွားတာနဲ့အမျှ ဟိုတုန်းက သစ္စာဖေါက်လို့ ထီးနန်းပျောက်တယ်။ အခုတော့ နွားကွဲလို့ ကျားကိုက်ခံရတယ် ဆိုတဲ့သဘောလေ။ အဲဒီကနေ ပြီးတော့ စစ်အစိုးရအုပ်ချုပ်တယ်။ ရင်ဆိုင်ရမှုတွေကတော့ရှိတာပေါ့။ သပိတ်တွေဘာတွေပေါ့ဗျာ။ နောက်ဆုံးပိတ်ကျတော့ ရှစ်လေးလုံး ပေါ်လာပြီးတော့ မဆလ လဲပြုတ်ကျခဲ့တယ်။ စစ်အာဏာတကြိမ်သိမ်း ပြန်တာပေါ့ခင်ဗျာ။ သိမ်းပြီးတော့ ဒီဘက်ပိုင်းမှာ တမူထူးခြားတာက တရားဝင်နိုင်ငံရေးပါတီတွေ ရပ်ခွင့်ရှိတယ်။ အဲ့ဒီထက်ပိုပြီး တမူထူးခြားတာကတော့ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်တဲ့ NLD က အတိုက်အခံအဖြစ်နဲ့ ယခုထက်ထိ ရပ်တဲ့ဟာကတော့ ထူးခြားတာပေါ့။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အင်အားစုဆိုတာကတော့ အန်ကယ်တို့က ဒီထက်ပိုပြီး၊ ညီညွတ်မှုရှိအောင် စည်းစည်းလုံးလုံး ရှိမယ်ဆိုရင်ပေါ့။ တချိန်က မြန်မာတွေစည်းကမ်းဖေါက်လို့ထီးနန်းပျောက်တာမရှိခဲ့ရင်၊ နွားကွဲလို့ ကျားကိုက်ခံရတာမျိုးမရှိခဲ့ရင်ကျနော်တို့မျှော်မှန်းတဲ့၊ဆန္ဒပြင်းပြတဲ့၊စစ်မှန်သော ပြည်ထောင်စုဒီမိုကရေစီနိုင်ငံသစ်ကြီး ကိုမြင်ရမှာ မကြာပါဘူးဆိုတဲ့သဘောပါ။

**RFA**။ ။ ၆၂ ခုနှစ်မှာ အာဏာသိမ်းခဲ့တာတောင်မှ နောက်ပိုင်းမှာ ဂဂ အထိက အာဇာနည်နေ့ဆိုရင် ထူးထူးခြားခြား ပြပွဲ၊ ပြတိုက် တွေဖွင့်ခြင်း၊ သီချင်းဖွင့်ခြင်း ဥဩတွေဆွဲမယ်။ လမ်းလျှောက်တဲ့သူတွေရော ရပ်မယ်။ စစ်တပ်ထဲမှာဆိုရင် တပ်မတော်သားတွေရော ရောက်တဲ့နေရာမှာရပ်နေရမယ်။ အဲဒီလိုကနေ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင် တွေ အစဉ်အလာတွေပျောက်ကွယ်သွားတာ အန်ကယ်ဘယ်လိုမြင်ပါသလဲ။ ယူဆပါသလဲ။

**ဦးလွင်**။ ။ ဘဝနဲ့သံယောဇဉ်ပေါ့လေ။ အခုခေတ်က ဘယ်လောက်ရာထူးကြီးကြီးပေါ့လေ။ ဗိုလ်ချုပ်အောင်ဆန်းကို မမြင်ဘူးတဲ့သူများမှာပေါ့။ အန်ကယ်တို့ကတော့ ချာတိတ်ဘဝထဲက ကိုယ့်ခေါင်းဆောင်တွေနဲ့ လက်တွဲပြီး သူ့အမိန့်အတိုင်း ကြီးပြင်းလာခဲ့ရတဲ့စစ်သားဘဝဆိုတော့၊ ငြိတွယ်တဲ့သံယောဇဉ်ခြင်းက ဘယ်တူမလဲ။

**RFA**။ ။ အစဉ်အလာတွေပျောက်ကွယ်သွားတဲ့အတွက် အာဇာနည်နေ့ရဲ့ လေးနက်မှု ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဒီခေါင်းဆောင်တွေရဲ့ လွတ်လပ်ရေးအပေါ်ကြိုးပမ်းမှုတွေအပေါ်မှာ လေးစားမှုတွေရော လျော့မကုန်ဘူးလား။

**ဦးလွင်**။ ။ ဒါကတော့ လက်ရှိခေါင်းဆောင်တွေကတောင်မှ စိတ်မဝင်စားတော့၊ လျော့တာဘာထူးဆန်းလဲ။ ဥပမာ– မဆလ ခေတ်မှာ ဝန်ကြီးချုပ်က ဗိုလ်ချုပ်စိန်ဝင်း၊ အန်ကယ်က ဒုဝန်ကြီးချုပ်။ အန်ကယ်တို့ အာဇာနည်းဗိမာန်ကို ဝန်ကြီးအဖွဲ့ကသွားပြီးတော့ အလေးပြုကြတယ်။ ပန်းခွေချကြတယ်။ အန်ကယ်တို့လည်း မရှိတော့ဘူး။ ဗိုလ်ချုပ်စိန်ဝင်း လည်းမရှိတော့ဘူး။ ဒီနောက် မဆလ နောက်ပိုင်းမှာ တောင်မှပဲ သိရသလောက်တော့ ယဉ်ကျေးမှုဝန်ကြီးက ပန်းခွေချပြီး ပြီးသွားတာပဲ။ အဲ့ဒီလိုပေါ့လေ.... ဗိုလ်ချုပ်ကို မေ့သွားတဲ့ သဘောပေါ့ဗျာ။

RFAနှင့် ဦးလွင် NLD(CEC)

❖

⇔ ရေ့မျက်နှာဖုံးမှအဆက်

လွတ်မြောက်လာကြောင်း သိရှိရသည်။

အင်းစိန်အကျဉ်းထောင်အတွင်း ကျန်းမာရေးအခြေအနေအလွန်ဆိုဝါးစွာခံစားနေခဲ့ရသောအသက်(၅၆)နှစ်အရွယ်ရှိပြီဖြစ်သည့် စာရေးဆရာမ စမ်းစမ်းနွဲ့(သာယာဝတီ) သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပဲခူးတိုင်းစည်းရုံးရေးအဖွဲ့ဝင်တဦးလည်းဖြစ်ပြီးနိုင်ငံခြားသတင်းထောက်များအားသတင်းအမှားများပေးခဲ့သည်ဟူသော စစ်အစိုးရ၏ စွပ်စွဲချက်နှင့်၁၉၉၄ခုနှစ်တွင်ထောင်ဒဏ်(၁၀)နှစ်ချမှတ်ခြင်းခံခဲ့ရသည်။ ဆရာမ စမ်းစမ်းနွဲ့(သာယာဝတီ)အသက် ၁၃နှစ် အရွယ်ကစ၍ ဗိုလ်တထောင် သတင်းစာတိုက်တွင် သာယာဝတီ သတင်းထောက်တဦးအဖြစ် စတင်ဆောင်ရွက်ခဲ့ပြီးနောက်ပိုင်းတွင်ကဗျာများ၊ဝတ္ထုရှည်များပါဖန်တီး ရေးသားခဲ့သဖြင့် မြန်မာစာပေလောကတွင် ထင်ရှားသော စာရေးဆရာမ အဖြစ် ကျော်ကြားလာခဲ့သည်။ ဆရာမ ရေးသားခဲ့သောဝတ္ထုများစွာအနက် "သတ္တိရှိရင်မြေကြီးကိုနင်းကြည့်ပါလား" "ကမ္ဘာကြီးနဲ့ကိုင်ပေါက်မယ်" "တကောင်ထဲပဲ….ဒါပေမယ့်ခြင်္သေ့" "မဟူရာအကျဉ်းထောင်" "ခေါက်ထီးလေးမလို့တလို" (ဂျပန်ဘာသာသို့ပြန်ဆိုပြီး)တို့သည်ထင်ရှားလူကြိုက်များသောစာအုပ်များဖြစ်ပြီး ဆရာမသည်အိပ်မက်ဖူးမဂ္ဂဇင်းတွင် အယ်ဒီတာချုပ်အဖြစ်လည်းဆောင်ရွက်ခဲ့သည်။

ဆရာမ၏ထက်မြက်စူးရဲသော စာပေအရေးအဖွဲ့များ၊ ရဲဝံ့ပြတ်သားသော ဖြတ်သန်းမှုရပ်တည်မှု တိုက်ပွဲဝင်မှုများအတွက်နိုင်ငံတကာသတင်းနှင့်စာနယ်ဇင်းလွတ်လပ်ခွင့်ဆု(၁၉၉၈)၊ ကနေဒါ သတင်းနှင့်စာနယ်ဇင်း လွတ်လပ်ခွင့်ဆု၊ ၁၉၉၉ ပြင်သစ် (RSF)နှင့်ကမ္ဘာ့သတင်းစာများအသင်း (WAN) ကချီးမြှင့်သော လွတ်လပ်ရေးရွှေကလောင်ဆု (၂၀၀၁)တို့ကိုရရှိခဲ့သည်။

ဆရာမစမ်းစမ်းနွဲ့(သာယာဝတီ) လွတ်မြောက်လာခြင်းအတွက်ဘဝတူ ကဗျာဆရာကြီးဆရာတင်မိုးက "ဘဝဒုက္ခတွေကြုံကြုံခံပြီးတော့ကို သတ္တိဇွဲနဲ့အလံမလှဲစိတ်ဓါတ်နဲ့ တကောင်ထဲပဲ….ဒါပေမယ့်ခြင်္သေ့ဆိုတဲ့ သူ့ကြွေးကြော်သံအတိုင်းပဲအဲ့ဒီလို ရဲရဲဝံ့ဝံ့ဆောင်ရွက်တာကိုတော့ ကျနော်ဂုဏ်လဲယူတယ်၊ခုလို ထောင်က လွတ်မြောက်တာကိုလဲဝမ်းလဲဝမ်းသာပါတယ်"ဟုထုတ်ဖော်ပြောကြား



စမ်းစမ်းနွဲ့(သာယာဝတီ)

သွားခဲ့သည်။

အလားတူ"နိုင်ငံတကာသတင်းနှင့်စာနယ်ဇင်းအဖွဲ့များ"နှင့် "အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးများ"မှလည်း ဆရာမစမ်းစမ်းနွဲ့(သာယာဝတီ) လွတ်မြောက်မှုကိုကြိုဆိုပါကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြသည်။

ဆရာမနှင့်အတူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စာရေးဆရာ၊ ဆရာဝန်ဒေါက်တာအောင်ခင်ဆင့်အပါအဝင် စုစုပေါင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင် နိုင်ငံရေးအကျဉ်းသား ၁၁ ဦး လွတ်မြောက်လာခဲ့ပြီဖြစ်သော်လည်း၊ ၁၉၈၉ ခုနှစ်ကတည်းက အပြစ်မဲ့အကြောင်းရှာအကျဉ်းကျခံနေရသူ သတင်းစာဆရာကြီးဦးဝင်းတင်ကိုမူ နအဖ စစ်အစိုးရက ဆက်လက်ထိန်းသိမ်းထားဆဲဖြစ်ကြောင်းနှင့် အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်ကြီးအဖွဲ့နှင့်အခြားလူ့အခွင့်အရေး တိုက်ပွဲဝင်သူအဖွဲ့အစည်းများက မြန်မာ့စစ်အကျဉ်းထောင်များအတွင်း ကျောင်းသားခေါင်းဆောင်မင်းကိုနိုင် အပါအဝင်၊ ဒေါက်တာဇော်မင်း၊ ဦးငွေသိန်းတို့ကဲ့သို့သောလွတ်ရက်စေ့နေပြီဖြစ်သည့်အကျဉ်းသားများ လွတ်မြောက်ရေးအတွက်စစ်အုပ်စုအပေါ်ဆက်လက်၍ဖိအားပေးကြိုးပမ်းသွားမည်ဖြစ်ကြောင်းသိရှိရသည်။

❖

## လေထီး ဦးအုန်းမောင်ချာပန စစ်ထောက်လှမ်းရေးမှ ဗီဒီယိုရိုက်

ပြီးခဲ့သည့် ဒီဇင်ဘာလ (၂၈) ရက်နေ့တွင် ကွယ်လွန်သွားခဲ့သော လေထီး ဦးအုန်းမောင်(၈၂)နှစ်၏ ချာပနအခမ်းအနားကို နအဖစစ်ထောက်လှမ်းရေးမှ အချိန်ပြည့် ဗီဒီယိုမှတ်တမ်းရိုက်ယူနေခဲ့ကြောင်း သိရသည်။

ချာပနအခမ်းအနားသို့ ဝါရင့်နိုင်ငံရေးသမားကြီးများနှင့် စာနယ်ဇင်း လောကမှပုဂ္ဂိုလ်များ လိုက်ပါပို့ဆောင်ကြရာ နအဖစစ်ထောက်လှမ်းရေးများအနေဖြင့် ချာပနအခမ်းအနားကို ရိုက်ကူးခြင်းမဟုတ်ဘဲ လိုက်ပါပို့ဆောင်ကြသည့်သူများကိုသာ မှတ်တမ်းအဖြစ် ရိုက်ကူးခြင်းဖြစ်ကြောင်း သိရသည်။

မည်သည့်ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ ဗီဒီယိုရိုက်ကူးနေကြောင်း မသိရသော်လည်း ချာပနအခမ်းအနားတက်ရောက်ခဲ့သူတချို့ကမူ လေထီး ဦးအုန်းမောင်၏ ချာပနအခမ်းအနားမှ လှုပ်ရှားမှု တစုံတရာဖြစ်ပေါ်လာမည်ကို စိုးရိမ်ပြီး ယခုကဲ့သို့စောင့်ကြည့် မှတ်တမ်းခြင်းများပြုလုပ်ခြင်း ဖြစ်နိုင်သည်ဟု ခန့်မှန်းပြောဆို သည်။

လေထီး ဦးအုန်းမောင် (ခ)ကိုမြ ဖျာပုံမြို့ဇာတိဖြစ်ပြီး ၁၉၁၉ ခုနှစ်၌ အဘ ဦးဘထိန်၊ အမိ ဒေါ်ဖွားရွှေတို့မှ မွေးဖွားခဲ့သည်။

၁၉၃၈ ခုနှစ်တွင် တို့ဗမာ အစည်းအရုံးဝင်ဖြစ်ခဲ့ပြီး ၁၉၄၄ ခုနှစ်၌ နိုင်ငံတော် သမတဟောင်း မန်းဝင်းမောင်၊ သခင်ဗိုလ်၊ဗိုလ်မှူးချစ်ကောင်း၊ ဦးကျော်ရင် တို့နှင့်အတူ သီဟိုဠ်နိုင်ငံ၊ ကန္တီတွင် စစ်ပညာနှင့် လေထီးသင်တန်း တက်ရောက်ခဲ့သူ၊ ၁၉၄၅ ခုနှစ် ဗမာပြည်ကွန်မြူနစ်ပါတီ၊ဒုတိယ ကွန်ဂရက်တွင် ဗဟိုကော်မတီ စည်းရုံးရေးမှူးအဖြစ် ရွေးကောက်ခံရသူနှင့် ၁၉၅၈ ခုနှစ်၊ ၁၉၆၉ ခုနှစ်တို့ တွင် ကိုကိုးကျွန်းသို့ (၂)ကြိမ်တိုင် အပို့ခံခဲ့ရသူ ဖြစ်သည်။

❖



လေထီး ဦးအုန်းမောင် (ခ)ကိုမြ
၁၉၁၉-၂၀၀၀

**ကျနော့်ဘဝဟာ Struggle (တိုက်ပွဲ)တွေနဲ့ ပွမ်းတီးခဲ့တဲ့ ဘဝပါ။**
**ကျနော် အခုလည်း Struggle လုပ်နေတုန်းပါပဲ။**
**ကျနော်သေတဲ့အထိ ဒူးမထောက် အညံ့မခံဘဲ လုပ်သွားဦးမှာပါ။**
**ကျနော် မလုပ်နိုင်ခဲ့သေးတာတွေ တာဝန်မကျေခဲ့တာတွေ အများကြီး ရှိပါတယ်။**
**ဒါပေမယ့် ကျနော်လုပ်နိုင်သလောက်တော့ လုပ်ခဲ့ပြီးပါပြီ။**
**ကျနော် ဖြတ်သန်းခဲ့တဲ့ဘဝအတွက် ကျနော် ဂုဏ်ယူပါတယ်။**
**ကျနော် ပိုင်းဖြတ်ပြီးပါပြီ။ ခင်ဗျားတို့ ကျနော့်အတွက် ဝမ်းမနည်းကြပါနဲ့။**
**အားလည်း မငယ်ကြပါနဲ့။ ခင်ဗျား တို့နဲ့အတူ ကျနော်ရှိနေဦးမှာပါ။**
**ခင်ဗျားတို့ရဲ့နောက်မှာ ကျနော့်ဝိဉာဉ် ကျနော်တို့ရဲ့ဝိဉာဉ်တွေ ရှိနေမှာပါ။**
**မားမားမတ်မတ်ကို ရှိနေမှာပါ။** ၂၃-၁၂-၂၀၀၀

## ပိုမိုတင်းကျပ်လာသည့်သတင်းတံခါးများ

PJခေါ်သတင်းစာဆရာများစောင့်ရှောက်ရေးအသင်းကြီး၏သတ်မှတ်ထားမှုအရကမ္ဘာနှင့်အရှေ့တောင်အာရှတဝှမ်းလုံးတွင်သတင်းလွတ်လပ်ခွင့်အပိတ်ပင်ဆုံးနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံတွင်ယခုကာလအတွင်းစစ်အာဏာပိုင်များကမဂ္ဂဇင်း၊ဂျာနယ်နှင့် သတင်းစာအားလုံးတို့အပေါ်ပိုမိုတင်းကျပ်စွာစိစစ်နေကြောင်းရန်ကုန်မှလာသောသတင်းများအရသိရှိရသည်။

အထူးသဖြင့် လတ်တလောဖြစ်ပေါ်နေသည့်အင်ဒိုနီးရှားနိုင်ငံ၏နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများနှင့် သဟိတ်မြို့ရှိ နိုင်ငံတကာတရားရုံးတွင် ရုံးတင်စစ်ဆေးခံနေရသည့် ယူဂိုဆလားဗီယားသမ္မတဟောင်း မီလိုဆီဗစ်တို့၏သတင်းများအား၊ မြန်မာပြည်သူများဖတ်ရှုကြားသိမှာ အစိုးရိမ်လွန်နေသောကြောင့်ဖြစ်ကြောင်းလည်းသိရှိရသည်။

အင်ဒိုနီးရှားနိုင်ငံသည်မြန်မာနိုင်ငံနှင့်အာဆီယံဒေသအတွင်းအတူတကွတည်ရှိ၍နိုင်ငံရေးဆက်စပ်မှုဖြစ်စဉ်ကြောင့်ဖြစ်နိုင်ပြီး၊ယူဂိုဆလားဗီယားသမ္မတဟောင်းမှာမြန်မာနိုင်ငံမှစစ်ဗိုလ်ချုပ်ကြီးများနည်းတူအာဏာကို အလွန်အကျွံအသုံးပြုခဲ့သော စစ်အာဏာရှင်ကြီးတဦးဖြစ်ခဲ့သောကြောင်းငှင်း၏ကျဆုံးခန်းအားမြန်မာပြည်သူများမကြားသိနိုင်အောင် သတင်းနှင့်စာနယ်ဇင်းလောကအား ယခုကဲ့သို့ပိုမိုတင်းကြပ်လာခြင်း ဖြစ်ကြောင်းသုံးသပ်သူများကယူဆနေကြသည်။

## ပြည်ဝင်ခွင့်ဗီဇာပိတ်ပင်ခြင်းကြောင့် မြန်မာနိုင်ငံကန့်ကွက်ခံရ

မြန်မာ့အရေးနှင့်ပတ်သက်၍ နှစ်ပေါင်းများစွာ အစဉ်တစိုက်သတင်းရေးသားပေးပို့နေသည့် နိုင်ငံတကာသတင်းစာဆရာများအားမြန်မာနိုင်ငံအတွင်းဝင်ရောက်ခွင့်ဗီဇာပိတ်ပင်ထားခြင်းကြောင့်မြန်မာနိုင်ငံခြားရေးဝန်ကြီးဦးဝင်းအောင်ထံသို့ပြင်သစ်အခြေစိုက်အာရှပစိဖိတ်ဒေသဆိုင်ရာအတွင်းရေးမှူးမှဇူလိုင်လ(၁၉)ရက်နေ့ရက်စွဲနှင့်ကန့်ကွက်စာတစောင်ပေးပို့လိုက်ကြောင်းသတင်းရရှိသည်။

နိုင်ငံတကာရေးရာသတင်းထောက်တဦးဖြစ်သူ ဩစတြေးလျနိုင်ငံရုပ်မြင်သံကြားဌာနမှ အီမန်ဝီလီလျံနှင့် Newsweek အပတ်စဉ်သတင်းစာစောင်မှ သတင်းထောက်တိုနီအီမာဆန်တို့ကို မြန်မာနိုင်ငံအတွင်းဝင်ရောက်ခွင့်ဗီဇာပိတ်ပင်ထားရန်မြန်မာနိုင်ငံခြားရေးဝန်ကြီးဦးဝင်းအောင်၏အမိန့်နှင့် ကမ္ဘာအရပ်ရပ်ရှိမြန်မာသံရုံးများသို့ ညွှန်ကြားစာပေးပို့ထားမှုအပေါ် ထိုကဲ့သို့ကန့်ကွက်စာပေးပို့ရခြင်းဖြစ်ကြောင်းနယ်ခြားမဲ့သတင်းထောက်များအဖွဲ့၏ဖော်ပြချက်အရသိရှိရသည်။

အဆိုပါကန့်ကွက်စာထဲတွင်နိုင်ငံတကာသတင်းစာဆရာများအား၊ကာကွယ်စောင့်ရှောက်သည့်အနေနှင့် မြန်မာနိုင်ငံအတွင်း ပြည်ဝင်ခွင့်ဗီဇာပိတ်ပင်ထားမှုကို ရုပ်သိမ်းပေးရန်နယ်ခြားမဲ့သတင်းထောက်များအဖွဲ့မှ တောင်းဆိုထားကြောင်းသိရသည်။

# လေးလေးနက်နက် အထိမ်းအမှတ်ပြုလိုက်ပါတယ်

ဝင်းတင့်ထွန်း

**အမှတ်(၂၀)မှ အဆက်**

ဗြိတိသျှအစိုးရကို လက်နက်နဲ့တော်လှန်ဖို့ ဆွေးနွေးကြတာဖြစ်ပါတယ်။ အဲဒီ ဆွေးနွေးပွဲက သခင် ခင်အောင် မျက်နှာပေါ်မှာ အတိုင်းသားပေါ်နေပါတယ်။

ကျနော်တို့ကို နေရာချထားပေးပြီးတာနဲ့ သခင် ခင်အောင် အခန်းတခုဆီ ထွက်သွားပါတယ်။မိနစ်ပိုင်းလောက်အတွင်းမှာ သခင် ခင်အောင်ကိုယ်တိုင်ရှေ့ကခေါင်းဆောင်ပြီး ဒီ/ငြိမ်း ခေါင်းဆောင်တွေ ကျနော်တို့ဆီ ရောက်လာပါတယ်။အဲဒီတုန်းက သခင် ခင်အောင်နဲ့အတူ ဒီ/ငြိမ်း ကိုယ်စားပြုပြီးဆွေးနွေးတဲ့ ဒီ/ငြိမ်းခေါင်းဆောင် ဦးခင်မောင်မြင့် ပြောတာတွေကို ငြိမ်ပြီး နားထောင်နေပါတယ်။

ပြည်သူ့တိုးတက်ရေးပါတီရဲ့ ဟိုတုန်းက ဥက္ကဌနဲ့ အခုဥက္ကဌ၊ကျနော်ကတော့ သူတို့နှစ်ဦးရဲ့ မျက်နှာတွေဆီကိုသာ တလှည့်စီ အကဲခတ်ကြည့်ရင်း ငေးမောနေမိပါတယ်။

လွမ်းမောစရာ ပြဇာတ်တပုဒ်ကို ကြည့်နေရသလိုလဲ အမျိုးအမည်မသိဝေဒနာတခုကို ခံစားလိုက်ရပါတယ်။

(၆)

ပထမဆုံး ဆုံးပါး ကွယ်လွန်သွားရသူက အသက်ငယ်တဲ့ ဦးလေး ဦးခင်



**၁၉၉၉ ခုနှစ် ဇူလိုင်လ (၂၃)ရက်နေ့**
**ဆရာကြီး ဒေါက်တာ သခင်ကိုယ်တော်မှိုင်း နှစ်လည်အခမ်းအနားမှ**
**သခင် ခင်အောင်(သာယာဝတီ)နှင့် သခင်ကြီးများ**

တွေ (၆)ဦး(၇)ဦးလောက် ရှိပါတယ်။ သခင်သိန်းဖေ(ဝါးခယ်မ)လဲ ပါတယ် ထင်ပါတယ်။ ရုပ်ရှင်မင်းသားဟောင်းကြီး ဦးမောင်မောင်တာလဲ ပါပါတယ်။

ဆွေးနွေးဖြစ်တဲ့အကြောင်းက ဒီ/ငြိမ်းကထုတ်ပြန်တဲ့ စာတစောင်အပေါ်မှာ အခြေတည်ပြီးဆွေးနွေးကြတာ ဖြစ်ပါတယ်။ အဲဒီတုံးက နဝတ စစ်အစိုးရဟာ ၂/၈၈/၈၈ ဆိုတာတွေသာ တွင်တွင်ထုတ်ပြန်ပြီး ရွေးကောက်ပွဲကျင်းပပေးမယ်လို့သာ ပြောနေတယ်။ဘာမှ ရေရေရာရာ မပြောဆိုသေးတဲ့ ကာလပါ။ ရွေးကောက်ပွဲ ဘယ်နေ့ ကျင်းပပေးမယ် ဆိုတာတောင် တိတိကျကျ ထုတ်ပြန်မပေးသေးတဲ့အချိန်ပါ။ဦးနုက "ရွေးကောက်ပွဲရက်ကို ကြေညာပေးပါ။ ကြေညာမပေးရင် အာဏာကို ဖီဆန်ရုံသာရှိပါတော့တယ်" ဆိုတဲ့သဘော နဝတဆီ တင်ပြရင်း နိုင်ငံရေးပါတီတွေကို မိတ္တူပို့ထားတဲ့စာအပေါ် ဆွေးနွေးကြတာပါ။

ကျနော်တို့ဘက်က ဦးလေး ဦးခင်မောင်မြင့်က ဒိုင်ခံပြီး ဆွေးနွေးပါတယ်။မေးခွန်းတွေ တခုပြီးတခု မေးပါတယ်။

သခင် ခင်အောင်က ဦးလေး မောင်မြင့်ပါ။ နဝတ စစ်အာဏာရှင်တို့ရဲ့ ဖမ်းဆီး ထောင်ချထားခြင်း အောက်မှာ အင်းစိန် အကျဉ်းထောင်ထဲမှာပါ။ သူရဲကောင်းပီသစွာ သေဆုံးသွားခြင်းပါ။

အခု ဆုံးပါး ကွယ်လွန်သွားရပြန်သူက အသက်(၈၉)နှစ် ရှိပြီဖြစ်တဲ့ သခင် ခင်အောင်ပါ။

သခင်ခင်အောင်လဲ ဘဝရဲ့ နောက်ဆုံး နေဝင်ချိန်အထိ တိုင်းပြည်အတွက် တတ်စွမ်းနိုင်သမျှ အလုပ်အကျွေးပြုသွားခဲ့ပါတယ်။

ဗိုလ်မှူးအောင်နဲ့အတူ နိုင်ငံရေးသမားဟောင်းကြီးများ အတူစုပေါင်းလက်မှတ်ရေးထိုးပြီး"ထုတ်ပြန်" "ကြေညာ""တောင်းဆို"ခဲ့ကြတဲ့ စာတွေထဲမှာ သခင် ခင်အောင်လဲ ပါဝင်လက်မှတ်ရေးထိုး လှုပ်ရှားသွားခဲ့ပါတယ်။

တိုင်းပြည်အတွက်သမိုင်းဝင် ပုဂ္ဂိုလ်ကြီးတဦးဆုံးရှုံးသွားခဲ့ရပြန်ပါပြီ။

ကျနော် အဝေးကနေ ဦးညွတ်အလေးပြုလိုက်ပါတယ်။ လေးလေးနက်နက် အထိမ်းအမှတ် ပြုလိုက်ပါတယ်။

**(၄၊ ၅၊ ၂၀၀၁)ရက်နေ့**


မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

# ညအမှောင်လား လရောင်လား

ထိန်လင်း

"ရှစ်လေးလုံး နောက်တခါထပ်ဖြစ်တော့ကော၊ ဝန်ထမ်းတွေရှိသမျှ၊ ကော်ပိုရေးရှင်းတွေရှိသမျှ အကုန်လုံး သပိတ်မှောက်ဦး၊ တို့မှာ တပ်ရှိတယ်။ တို့တပ်မတော်မှာ ဆရာဝန်ရှိတယ်။ အင်ဂျင်နီယာတွေ၊ အသိပညာရှင်တွေ၊ အတတ်ပညာရှင် တပ်မတော်သားတွေ ရှိတယ်။ အစိုးရယန္တရား ရပ်သွားမယ် မထင်နဲ့၊ တက်တက်စင်လွဲသွားမယ်"

နေလင်း(အကသ)ရေးသားတဲ့ 'လူရှင်သင်္ချိုင်းများအကြောင်း' စာအုပ်ကိုဖတ်ရှုရင်း အထက်ပါ စကားရပ်များကို အမှတ်မထင် တွေ့လိုက်မိပါတယ်။ စကားရပ်တွေဟာ နအဖ အာဏာသိမ်းစအချိန်မှာ သူတို့ရဲ့ တပည့်လက်သား စစ်ထောက်လှမ်းရေး တဦးက ပြောကြားခဲ့ခြင်း ဖြစ်ပါတယ်။ ဒီစကားရပ်ဟာ အဆင့်နိမ့်ဝန်ထမ်းတစ်ဦးရဲ့စကားမျှသာ ဖြစ်တာ ကြောင့် နအဖရဲ့သဘောထား မဖြစ် နိုင်ဘူးလို့ ယူဆကောင်း ယူဆပါလိမ့် မယ်။ ဒါပေမယ့် အဲဒီအချက်ကို ကျနော် တို့ သုံးသပ်ကြည့်ဖို့ လိုအပ်ပါတယ်။

မြန်မာနိုင်ငံစစ်အုပ်စုဟာ တိုင်းပြည်အာဏာကို အနိုင်ကျင့်လုယူထားရာက အချိန်ကြာမြင့်လာတဲ့အခါ သူတို့ကိုယ်သူတို့ တရားဝင်အစိုးရ တရပ်လို့ ယူဆလာကြပုံ ရပါတယ်။ ဒါကြောင့်ပဲ နိုင်ငံရဲ့စီးပွားရေး၊ နိုင်ငံရေး အစရှိတဲ့ယန္တရားကို ပုံမှန် လည်ပတ်နိုင်အောင်ကြိုးစားခဲ့ပြီး၊ ကမ္ဘာကိုလည်း သူတို့သာ တရားဝင်အစိုးရ တရပ်ဖြစ်တယ်ဆိုတဲ့သဘောမျိုး လေသံပစ်ခဲ့ကြပါတယ်။ ပိုပြီးခိုင်မာဖို့လည်း သူတို့ရဲ့အချုပ်အခြာအာဏာကို ထိပါးစေနိုင်မယ့် ပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေကို နာလန်မထူနိုင်အောင် ဖိနှိပ်ချေမှုန်းခဲ့ပါတယ်။

မြန်မာနိုင်ငံ နေရာအနှံ့အပြားက အကျဉ်းထောင်တွေမှာ၊ ရဲဘက်စခန်းတွေမှာ နှစ်ရှည်ထောင်ဒဏ်ချမှတ်ပြီး ချုပ်နှောင်ထားတဲ့ နိုင်ငံရေး အကျဉ်းသားတွေ၊ တိုင်းပြည်အတွင်းမှာ ကျန်းမာရေး၊ လူမှုရေးစောင့်ရှောက်မှုများ ကင်းမဲ့ပြီး၊ စီးပွားရေးအဆင်မပြေမှုတွေကို ရင်ဆိုင်နေကြရတဲ့ သန်းပေါင်းများစွာသော ပြည်သူလူထုများက နအဖ အာဏာတည်မြဲရေး ကြိုးပမ်းမှုမှာ အစတေးခံကြရသူများ ဖြစ်ပါတယ်။ ဒါတင်မကသေးပါဘူး၊ ရှစ်ဆယ့်ရှစ် အရေးအခင်းကာလမှာ ဒီမိုကရေစီအတွက်တိုက်ပွဲဝင်ရင်း ကျဆုံးခဲ့ရသူတွေ၊ နဝတ–နအဖ အုပ်စိုးမှုတလျှောက် ဖိနှိပ်မှုမျိုးစုံကြောင့် ကွယ်လွန်ခဲ့ကြရသူတွေဟာလည်း စစ်အာဏာရှင်တို့ရဲ့လက်ချက်နဲ့ သေဆုံးကြရခြင်းပဲ ဖြစ်ပါတယ်။

စစ်အုပ်စုက သူတို့ဟာ နိုင်ငံတော်ကို တည်ဆောက်နေကြပါတယ်လို့ အသံကောင်းဟစ်နေပေမယ့် တကယ်ကျတော့ တိုင်းပြည် ကောင်းစားရေး၊ ပြည်သူလူထုကောင်းစားရေးတွေကို လုပ်ဆောင်နေခြင်းမဟုတ်ဘဲ၊ သူတို့ရဲ့ အာဏာတည်မြဲရေးကိုသာ ဦးစားပေး လုပ်ဆောင်ခဲ့ကြပါတယ်။ ဥပမာအားဖြင့် တက္ကသိုလ်ကျောင်းတွေ နှစ်ရှည်ပိတ်ထားခြင်း၊ စစ်တပ်ရဲ့ အရေးပါမှုကိုသာ ဦးစားပေးခြင်း၊ လစာတိုးတာတောင် စစ်တပ်ကလူတွေကို ပြင်ပဝန်ထမ်းတွေထက် အဆများစွာ ပိုပြီး တိုးပေးခြင်းတို့ဖြစ်ပါတယ်။ အဲဒီလိုနည်းမျိုးစုံနဲ့ သူတို့အပေါ် ယုံကြည်ကိုးစားသူ များပြားလာအောင်၊ သူတို့ရဲ့အသိုင်းအဝိုင်း ကျယ်ပြန့်လာအောင်၊ ဆောင်ရွက်ခဲ့ကြပါတယ်။ အတိုက်အခံတွေက တရားမဝင် အုပ်ချုပ်နေတဲ့သူတို့ကို ဖီဆန်တာကိုတောင်၊ အစိုးရကိုပုန်ကန်လို့ တည်ဆဲ တရားဥပဒေအရ အရေးယူသတဲ့လေ။

ဘယ်လိုပဲဖြစ်ဖြစ် စစ်အုပ်စုအနေနဲ့ ငြင်းလို့မရတဲ့အရာတစ်ခု ရှိနေပါတယ်။ အဲဒါကတော့ ၁၉၉၀ပြည့် ရွေးကောက်ပွဲရလဒ်ဖြစ်ပါတယ်။ အဲဒီရလဒ်ကြောင့် သူတို့ဟာ တရားဝင်အစိုးရတရပ်မဟုတ်ကြောင်း အမြဲတစေ ခြောက်လှန့်ခြင်း ခံနေကြရပါတယ်။ ဒါပေမယ့် နအဖက အဲဒီရလဒ်ပျက်စီးအောင် တဖြည်းဖြည်း ပျောက်ကွယ်အောင် ကြိုးစားခဲ့ကြပါတယ်။ အထူးသဖြင့် အင်န်အယ်လ်ဒီပါတီအပါအဝင်၊ အတိုက်အခံအင်အားစုအားလုံးက တိုင်းပြည်ကို ဖျက်ဆီးနေကြပြီး၊ တပ်မတော်ကသာ တိုင်းပြည်ကောင်းကျိုး ရှေးရှုနေတယ်လို့ ပြည်တွင်းပြည်ပကို လိမ်လည်ခဲ့ကြပါတယ်။ ဒါတင်မက အင်န်အယ်လ်ဒီပါတီကို မထောက်ခံတော့ကြောင်း၊ ဖျက်သိမ်းသင့်ကြောင်း စတဲ့ လူထုကိုခြိမ်းခြောက်ပြီးခိုင်းစေတဲ့ ဟန်ဆောင်မှုတွေနဲ့လည်း ကမ္ဘာကိုလှည့်ဖျားဖို့ ကြိုးစားခဲ့ကြပါတယ်။

နအဖဟာ ပြည်သူလူထုနဲ့ အတိုက်အခံတွေကို ဖိနှိပ်နေစဉ်မှာပဲ၊ စစ်တပ်အင်အား ကောင်းမွန်ဖို့လည်း တစိုက်မတ်မတ် ကြိုးပမ်းနေခဲ့ကြပါသေးတယ်။ စစ်သားဦးရေတိုးပွားဖို့ ကျေးလက်တွေမှာ အတင်းအကျပ် စုဆောင်းခြင်းအပြင်၊ စစ်သားစုဆောင်းပေးမယ့်သူတွေကို အခကြေးငွေ ပေးခြင်းတွေကိုတောင် ပြုလုပ်လာခဲ့ကြပါတယ်။ ကြံရာမရတဲ့အဆုံး မီးသတ်နဲ့ ကြက်ခြေနီအဖွဲ့တွေကိုတောင် စစ်တပ်ရဲ့အရံအင်အားအဖြစ် အသုံးပြုဆွဲသွင်းလိုက်ပါတယ်။ဒါကြောင့် အရင်တုန်းက တပ်ပြေး၊ ရဲပြေးတွေကိုသာ လိုက်လံဖမ်းဆီးခြင်းမျိုး ရှိခဲ့ပေမယ့် ခုအခါ မီးသတ်ပြေးတွေကိုပါ လိုက်လံဖမ်းဆီးနေပါပြီ။

စစ်တပ်နဲ့ နီးစပ်တဲ့အသိုင်းအဝိုင်းဆီက ထွက်လာတဲ့သတင်းအရ၊ မြန်မာနိုင်ငံမှာ ညူကလီးယားဓါတ်ပေါင်းဖိုတလုံး ရုရှားနိုင်ငံက ဆောက်လုပ်ပေးမယ်လို့ ဆိုပါတယ်။ အဲဒီအခါ နည်းပညာတွေကို ရုရှားမှာ သွားပြီးသင်ယူဖို့ လူလိုလာပါပြီ။ ဒီမှာလည်း စစ်တပ်အသိုင်းအဝိုင်းက ပညာတတ်တချို့ကို သာရွေးချယ်ပြီး စစ်တပ်မှာ သင်တန်းတွေ ပို့ချလျက်ရှိပါတယ်။ အဲဒီ ရွေးချယ်ထားတဲ့လူတွေဟာ ရန်ကုန်မြို့က နိုင်ငံခြားဘာသာတက္ကသိုလ်မှာ ရုရှားနဲ့ အင်္ဂလိပ်ဘာသာရပ်တွေကို သင်ယူနေကြဆဲ ဖြစ်ပါတယ်။

စစ်တပ်အနေနဲ့ အနာဂတ်မြန်မာ့နိုင်ငံရေးမှာ အရေးပါတဲ့အခန်းကဏ္ဍကပါဝင်လိုတာ တကယ် အထင်အရှားဖြစ်ပါတယ်။ အထူးသဖြင့် အရပ်သားနဲ့စစ်သားကို သီးခြားအသိုင်းအဝိုင်းတွေအဖြစ် စည်းခြားလိုက်ခြင်းပဲ ဖြစ်ပါတယ်။ အထင်ရှားဆုံး သာဓက ကတော့ အရပ်သားတွေတက်ရောက်ရာ တက္ကသိုလ်၊ကောလိပ်နဲ့ အခြားသင်တန်းတွေကိုပိတ်ထားပေမယ့် တပ်တွင်းမှာရှိတဲ့ တက္ကသိုလ်တွေကိုတော့ ပုံမှန်ဖွင့်လှစ်ထားပါတယ်။ စစ်တက္ကသိုလ်၊ စစ်ဆေးရုံ စတဲ့ စစ်တပ်အတွက် ရည်ရွယ်ပြုလုပ်ထားတဲ့ အရာတွေဟာလည်း အရပ်သားတွေအတွက်ထားရှိတဲ့ အရာတွေထက် အထောက်အကူပြုပစ္စည်း အပြည့်အစုံ ရှိပါတယ်။ ဒီလိုပြုလုပ်လိုက် ခြင်းအားဖြင့် အနာဂတ် ကာလမှာ ပညာတတ်ဟူသမျှဟာ စစ်တပ်ထဲမှာသာရှိပြီး၊ ဦးဆောင်မှုအခန်းကဏ္ဍတော်တော်များများကိုလည်း သူတို့တွေကပဲချုပ်ကိုင်ထားနိုင်လိမ့်မယ်လို့ ယူဆထားပုံ ရပါတယ်။

စီးပွားရေးလုပ်ငန်းတွေကိုလည်း ကြည့်လိုက်ပါဦး၊ စီးပွားရေးဦးပိုင်လီမိတက်ဆိုပြီး၊ စီးပွားရေးလုပ်ငန်း တော်တော်များများကို လွှမ်းမိုးလုပ်ကိုင်နေတာဟာ နေရာအနှံ့ပါပဲ။ အကယ်၍ အာဏာလက်မဲ့ဖြစ်သွားခဲ့ရင်တောင် သူတို့အတွက် ကိုယ်ပိုင်အသံလွှင့်ဌာန၊ ကိုယ်ပိုင်သတင်းစာ စတဲ့ မီဒီယာလုပ်ငန်းတွေအပြင်၊ ဘဏ်လုပ်ငန်းပါ အဆင်သင့်ရှိနေပါပြီ။ ဒါ့အပြင် အရင်တုန်းက သမိုင်းချည်မျှင်နဲ့ အထည်စက်ရုံဟာ တပ်မတော်ချည်မျှင်နဲ့ အထည်စက်ရုံ၊ ဦးပွင့်ကောင်းဆီက ပြည်သူပိုင်သိမ်းထားတဲ့ငါးပိငံပြာရည်စက်ရုံဟာ တပ်မတော်ငံပြာရည်ကြိတ်ခွဲစက်ရုံ ဆိုပြီး၊ အမည်ပြောင်းလဲ အပိုင်စီးခြင်းခံထားရပါပြီ။ ဒါက စစ်တပ်ပိုင်ပြုလုပ်ခြင်းရဲ့ အစွန်အဖျားမျှသာဖြစ်ပါတယ်။

ဒီလို နေရာတကာမှာ လွှမ်းမိုးခြယ်လှယ်နိုင်ပြီဖြစ်တာကြောင့် သူတို့ဟာ အင်အားကောင်းနေပြီလို့ ယူဆနေကြတာလည်းဖြစ်နိုင်ပါတယ်။ သူတို့ရဲ့တွက်ကိန်းအရဆိုရင်တော့ စစ်တပ်ပိုင် ဆေးတက္ကသိုလ်၊ စက်မှုတက္ကသိုလ်တွေကနေ ဆရာဝန်တွေ၊အင်ဂျင်နီယာတွေက နှစ်စဉ်ပေါ်ထွက်နေတယ်၊ တခြားပညာရှင်တွေကိုလည်း ပိုင်ဆိုင်ထားပြီဖြစ်တယ်။ စစ်တပ်အင်အားကလည်း အရင်တုန်းက သုံးသိန်းလောက်ပဲ ရှိရာက ငါးသိန်းကျော်လာပြီပေါ့။ ဒါပေမယ့် နိုင်ငံတော်ကြီးက ဒုက္ခမျိုးစုံ ပြည့်နှက်နေပြီး၊ ချွတ်ခြုံကျ အထီးကျန်ဖြစ်နေပါပြီ။ ဒီလို အဘက်ဘက်ယိုယွင်းပျက်စီးနေတဲ့အချိန်မှာ စစ်တပ်ရဲ့ အင်အားတခုတည်းနဲ့ ယန္တရားအားလုံး ပုံမှန်လည်ပတ်အောင် ထိန်းချုပ်ပြီး၊ တိုင်းပြည်တိုးတက်အောင် လုပ်ဆောင်နိုင်ပါ့မလား။ ဒါဟာ ပြက်လုံးတခုသာ ဖြစ်ပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ တိုင်းပြည်ရဲ့အုပ်ချုပ်မှုယန္တရားကို စစ်တပ်အနေနဲ့ကိုင်တွယ်လာခဲ့တာ (၁၃) နှစ် ရှိပြီမဟုတ်လား။

နအဖကတော့ သူတို့ရဲ့ ရည်မှန်းချက်နဲ့အညီ၊ တိုင်းပြည်ကို ဆက်လက်ဖိနှိပ်လျက်ရှိပါတယ်။ ဒီအတွက် ပြည်သူလူထုအားလုံး အထွေထွေကျပ်တည်းမှုတွေနဲ့ အသက်ရှင်နေကြရပါတယ်။ အဆိုးရွားဆုံး အခြေအနေကိုလည်း ရင်ဆိုင်နေကြရပါတယ်။ ညဥ့်ကတော့ နက်သထက်နက်လာပါပြီ။ ဒါပေမယ့်လည်း မကြာခင် မိုးသောက်နံနက်ခင်းကို မလွဲမသွေ ရောက်ရမှာတော့ အသေအချာပါပဲ။



ထိုင်းနိုင်ငံ၊ မယ်ဆိုင်မြို့တဖက်ခြမ်း မြန်မာပြည်အတွင်းရှိ တာချီလိတ်နယ်မြေအတွင်း မူးယစ်ဆေးဝါးထုတ်လုပ်သောစက်ရုံ(၄၀)ခန့်ရှိ ဘိန်းစိုက်ခင်းအများအပြားရှိပြီး မူးယစ်ဆေးဝါးထွက်ရှိမှုများပြား၊ အမ်ဖက်တမင်းဆေးပြား (၁)သန်းခန့်ဝယ်ယူနိုင်သလို ဘိန်းဖြူ(၁၀) ကီလို လောက်ကိုလည်း ဝယ်ယူနိုင်။

ထိုင်းလွှတ်တော်နိုင်ငံခြားရေးကော်မတီ၏ လေ့လာတွေ့ရှိချက်

⇔စာမျက်နှာ(၆) ကော်လံ(၅)မှ အဆက်

အမြင်ချင်းတူလာအောင် အဲ့ဒါလုပ်ဖို့လိုပါလိမ့်မယ်။ ပြီးတော့ တချိန်ထဲမှာ ဒီအပစ်အခတ်မရပ်သေးတဲ့အဖွဲ့တွေလည်း အမြင်ချင်းတူလာအောင် အဲ့ဒီလိုမှမဟုတ်ရင် ကျနော်တို့ယူဆတယ်၊ တော်တော်လေး ခက်ခဲတယ်။ ဒီသုံးပွင့်ဆိုင်ဆွေးနွေးဖို့ဆိုတာ ဒါကကျနော်အရှိကို အရှိအတိုင်း ကျနော်ဝေဖန်ခြင်းဖြစ်ပါတယ်။"

မွန်ပြည်သစ်ပါတီ.... "မွန်ပြည်သစ်အနေနဲ့ ပါတီတခုထဲ အနေနဲ့လိုလားချင်လို့မရဘူး။ ကျနော်တို့ တိုင်းရင်းသားအချင်းချင်း စေ့စပ်ပြီးမှ ကျနော်စိတ်ထင်တယ် ဒါမှဘာလို့တယ်။ဘာလိုလဲဆိုတာပြောလို့ရမယ်။ ဘက်သုံးဘက်တွေ့ဆုံဆွေးနွေးရေးလုပ်မယ်ဆိုရင် တိုင်းရင်းသားလူမျိုးစုတွေဘက်ကနေပြီးတော့ လွတ်လွတ်လပ်လပ်ဆက်သွယ်ကြ၊ ဆွေးနွေးကြ၊ ညှိနှိုင်းကြ၊ အဲ့ဒီအနေအထားတရပ်က မုချကျနော်တို့လိုအပ်တယ်။ အဲ့ဒီအခြေအနေမျိုးရှိမယ်ဆိုရင် တိုင်းရင်းသားလူမျိုးစုတွေရဲ့အသံဟာ တသံတည်းဖြစ်မယ်လို့ ကျနော်တို့အဲ့ဒီလိုဘဲ ယုံကြည်ထားတယ်။ ကျနော်တို့အနေနဲ့က တကယ်လို့ဘက်သုံးဘက်တွေ့ဆုံဆွေးနွေးမှု တရားဝင်လုပ်ကြတော့မယ်ဆိုရင်တော့ ဒီတိုင်းရင်းသားလူမျိုးစုတွေအပေါ်မှာ မတူကွဲပြားတဲ့ (Position) တွေရှိပါတယ်။ ဥပမာ အပစ်အခတ်ရပ်ဆိုင်း ထားတဲ့ အဖွဲ့အစည်းတွေရှိတယ်။ နောက်ပြီးတော့ လက်နက်ကိုင်တိုက်ပွဲဆက်လက်ပြီးတော့ ဆင်နွှဲနေရတဲ့ အပိုင်းတွေရှိတယ်။ နောက်တခုကတော့ ကျနော်တို့ကNLD ဆိုတာ တခုရှိသေးတယ်။ နောက်ပြီး ဘယ်အုပ်စုထဲမှာမှမပါတဲ့ အဖွဲ့အစည်းတွေလည်းရှိသေးတယ်။ အဲဒီလို အင်အားစုအမျိုးမျိုးကို ကျနော်တို့အနေနဲ့က (Ethnic Conference) တစ်ခုလောက်လုပ်ဖို့လိုအပ်လိမ့်မယ်။ အဒီလို (Ethnic Conference)တခုလုပ်ပြီးပြီဆိုလို့ရှိရင်တော့ ကျနော်တို့အားလုံးဟာ တစိတ်တည်း တဝန်းတည်း၊ တသဘောတည်း ကျနော်တို့ရပ်တည်သွားနိုင်တယ်လို့ ယုံကြည်ထားတယ်။"

ကျောင်းသားခေါင်းဆောင်ဟောင်းကိုအောင်နိုင်ဦးကပြောကြားရာတွင်.... "ပြဿနာတွေက အရမ်းများပါတယ်။ ဆွေးနွေးတဲ့သူတွေရဲ့အတွေးအခေါ်တွေ၊ အယူအဆတွေ၊ Personal ပုဂ္ဂိုလ်ရေးဆိုင်ရာပြဿနာတွေ အကြောင်းအရာတွေအများကြီးကွာခြားပါတယ်။ ဥပမာ – စစ်တပ်ဘက်ကလည်း စစ်တပ်ဘက်က အတွေးအခေါ်တွေ၊ အယူအဆတွေ၊ တိုင်းပြည်ပေါ်မှာမြင်တဲ့အနေအထားတွေ နောက် Opposition ဖြစ်တဲ့ အတိုက်အခံအင်အားစုတွေဖြစ်တဲ့ တိုင်းရင်းသားတွေကော၊ NLD ကောတွေးပုံခေါ်ပုံအယူအဆအားလုံးဟာ အရမ်းကွာခြားပါတယ်။သူတို့မှာပိုင်ဆိုင်တဲ့ ပိုင်ဆိုင်မှုတွေ၊ အာဏာတွေ၊ ပါဝါတွေစသည်ဖြင့် Resources အရင်းမြစ်တွေ စသည့်အဲ့ဒါတွေ ကွာခြားပါတယ်။ အဲ့တော့ အဖြေလိုချင်တယ်ဆိုလို့ရှိရင်တော့ Alternative ရဖို့လိုတယ်။ တဖြည်းဖြည်းချင်းနဲ့ဖြစ်နိုင်တဲ့အဖြေတခုကို ရနိုင်တဲ့အနီးစပ်ဆုံးရတဲ့ ပထမဦးဆုံး (First Agreement) ရဖို့လိုလိမ့်မယ်။ အဲ့ဒီကမှတဆင့်ဆက်သွားဖို့လိုလိမ့်မယ်။"

နောက်ဆုံးအနေဖြင့် ဒေါ်အောင်ဆန်းစုကြည် နှင့် နအဖ စစ်အစိုးရတို့၏ ဆွေးနွေးမှုရလဒ်တစုံတရာရေရာစွာ မပေါ်ထွက်လာနိုင်သေးသည့်အတွက် ကရင်အမျိုးသားအစည်းအရုံးအနေနှင့် ဤဆွေးနွေးပွဲမျိုးသည်အချိန်အကန့်အသတ်နှင့်သာဖြစ်သင့်ကြောင်း ပြောကြားသွားခဲ့သည်ကိုတွေ့ရသည်။ ပဒိုမန်းရှာ....

"ကျနော်တို့ယူဆတာကတော့ NLD နဲ့ နအဖ ဆွေးနွေးမှုဟာ တနှစ်အတွင်းလောက်မှာဘဲ ကျနော်တို့ ခုအခြေခံပြဿနာတွေကို သူတို့ ဆွေးနွေးပြီးတဲ့အခါမှာ ဒုတိယ အဆင့်အနေနဲ့ ကျနော်ဘက်သုံးဘက် ဆွေးနွေးပွဲကိုတက်လှမ်းဘို့သင့် ပြီလို့ ကျနော်တို့ယူဆတယ်။ ဘာ့ကြောင့်ကျနော် ဒီလိုပြောသလဲဆိုရင် ကျနော်တို့လူမျိုးစုတွေဟာ အခု နအဖ ကနေပြီးနေ့တိုင်း စစ်ဆင်နေတာ ဖြစ်တယ်။ အပစ်အခတ်ရပ်ဆိုင်း ထားတဲ့ အစိတ်အပိုင်းတွေ ကတော့ နည်းနည်းဘဲ။ စစ်ဆင်နေတဲ့အပိုင်းက အများကြီးဖြစ်နေတော့ဒီအနေအထားအောက်မှာ ကျနော်တို့က ကြာရှည်မခံနိုင်ဘူး။ အခုသူတို့အနေနဲ့က ဒေသစီးမိုးရေးနဲ့လက်နက်ရိက္ခာဖျက်ဆီးတဲ့အလုပ်တွေ တောက်လျှောက်လုပ်နေတယ်။ ဒါတွေကိုတော်တော်ဆိုးဝါးတဲ့ကိစ္စတွေလို့ ကျနော်တို့မြင်ပါတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ ပြည်ထောင်စုမပြိုကွဲရေးတွေကြွေးကြော်ပြီးတော့ အခုလိုပဲလူမျိုးစုတွေကို ဆက်ပြီးတော့စစ်ဆင်နေအုံးမယ်ဆိုရင်တော့ ဆန့်ကျင်ဘက်အကျိုးသက်ရောက်မှုတွေ ဖြစ်ပေါ်လာနိုင်တယ်လို့ပဲ ကျနော်တို့အနေနဲ့ ပြောချင်ပါတယ်။"

ပြည်သူ့သည်သာ အဓိ

ပြည်သူ့သည်သာ အဓိ

# စားပွဲဝိုင်းဆီ မျှော်ကြည့်ခြင်း

## ဂျနည်

"ဆွေးနွေးပွဲတွေရဲ့ အခြေအနေ ဘယ်လိုဖြစ်နေမလဲဆိုတာတော့ မျှော်ကြည့်မိပါရဲ့။ဒါပေမယ့် နှစ်ဖက်ဦးတည်ရာတွေက ဆီနဲ့ရေလို ကွာနေတာ မဟုတ်လား။ ဒေါ်စုဖက်က တိုင်းပြည်ကောင်းရာကောင်းကျိုး ဂုဏ်သိက္ခာရှိရှိ ဘယ်လိုလုပ်ကြမလဲဆိုတဲ့ စိတ်ထားရှိတယ်။ စစ်ဗိုလ်ချုပ်တွေက အာဏာလက်မလွတ်ရအောင် ဘယ်လိုကြံဖန်ရမလဲဆိုပြီး တွေးကြံနေကြတော့ ကျနော်တို့မျှော်တော်ဇောနဲ့ မောနေရတော့တာပေါ့ဗျာ"

အခုတလော လှုပ်လှုပ်ရှားရှား အနည်းငယ်ပြန်ဖြစ်လာတဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ နအဖဗိုလ်ချုပ်တွေ ဆွေးနွေးပွဲအပေါ် ရန်ကုန်က အမည်မဖော်လိုသူတဦးရဲ့ ပြောကြားချက်ပါ။ ဒေါ်အောင်ဆန်းစုကြည်နဲ့ နအဖစစ်ဗိုလ်ချုပ်တွေဟာ မနှစ်က အောက်တိုဘာလမှာ တွေ့ဆုံမှုတွေ ပြန်စခဲ့ပါတယ်။ အရင်ကလည်း တရားဝင် တွေ့ဆုံဆွေးနွေးမှုတွေရှိခဲ့ပါတယ်။ အခု နောက်ဆုံးတခါကတော့ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် မစ္စတာရာဇာလီရဲ့ ကြိုးပမ်းချက်ရလဒ်အနေနဲ့ ပေါ်ထွက်လာခဲ့ပါတယ်။ကမ္ဘာ့မီဒီယာများမှာ အတော်ပဲ အာရုံစိုက်ဖော်ပြကြပါတယ်။ ဒါပေမယ့် ယခုနှစ်မတ်လပိုင်းလောက်မှာ ဆွေးနွေးပွဲ ပြန်ရပ်ဆိုင်းသွားပြီဆိုပြီး သတင်းတွေ ပေါ်ထွက်လာခဲ့ပါတယ်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပိုဝဲလ်က မြန်မာနိုင်ငံရဲ့ တွေ့ဆုံဆွေးနွေးမှုဟာ မျှော်လင့်ချက်ရောင်ခြည်နည်းပါးနေကြောင်း ဆီးနိတ်လွှတ်တော်မှာပြောလိုက်တဲ့အခါ မြန်မာစစ်အုပ်စုရဲ့ နိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင်က ယခု ဆောင်ရွက်နေမှုဟာ မြန်မာပြည်သူ(၅၂)သန်းအတွက် လုပ်နေတာဖြစ်ပြီး ကစားကွက်တခုမဟုတ်ဘူးလို့ ပြန်ပြောခဲ့ပါတယ်။ ဟုတ်ပါတယ်။ နအဖ စစ်ဗိုလ်ချုပ်တွေဟာ အမြဲတမ်း စစ်ပွဲတပွဲ တိုက်နေတယ်လို့သာ တွေးထင်တွက်ဆခဲ့ကြတာပါ။ စကားဆွေးနွေးဝိုင်းတွေကတဆင့် တိုင်းပြည်အခက်အခဲတွေ ဖြေရှင်းဖို့ မစဉ်းစား မခံယူခဲ့ကြပါဘူး။ ဒါကြောင့်လည်း မြောက်အိုင်ယာလန်၊သီရိလင်္ကာနဲ့အရှေ့အလယ်ပိုင်းတွေက ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေကို အချိန်ဇယားမဲ့ဖြစ်တယ်လို့ ဦးဝင်းအောင်က ပြောခဲ့တာပါ။

ဒီလိုဆိုရင် အထက်က ဖော်ပြခဲ့သလို မျှော်တော်ဇောနဲ့ မောရတော့မယ့် ကိန်းဆိုက်နေပြီလား။ ဒီလိုတော့လည်း မဟုတ်တန်ရာ။ နအဖ စစ်အုပ်စုဟာ မစ္စတာရာဇာလီကို ဇွန်လထဲမှာ နောက်တကြိမ် လက်ခံတွေ့ဆုံပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံခွင့်လည်း ပြုခဲ့ပါတယ်။ အဲဒီနောက်တော့ ဒေါ်အောင်ဆန်းစုကြည်ဟာ ဖမ်းဆီး ထိန်းသိမ်းခံထားရတဲ့ ပါတီခေါင်းဆောင်တွေ ပြန်လွှတ်ပေးဖို့၊ အမျိုးသားဒီမိုကရေစီအဖွဲ့ရုံးတွေ ပြန်ဖွင့်ခွင့်ပေးပြီး ပါတီလုပ်ငန်းတွေ လွတ်လပ်စွာလုပ်ကိုင်ခွင့်ပေးဖို့၊ နိုင်ငံရေးအကျဉ်းသားတွေထဲ အသက်ကြီးရင့်သူတွေ ထောင်ဒဏ်နှစ်စေ့ပြီးသူတွေနဲ့ ကျန် နိုင်ငံရေးအကျဉ်းသားတွေကို အသုတ်လိုက်ခွဲလွှတ်ဖို့ တောင်းဆိုခဲ့ပါတယ်။ နောက်ပိုင်းမှာ ဦးစောမြအောင်၊ ဦးစိုးသိန်း (ခ)စာရေးဆရာမောင်ဝံသတို့အပါအဝင် ခေါင်းဆောင်အချို့ပြန်လွတ်လာကြပြီး ရန်ကုန်တိုင်းက မြို့နယ်အချို့မှာ ပါတီရုံးတွေပြန်ဖွင့်ခွင့်ရကြပါတယ်။ ဒါတွေဟာ မစ္စတာရာဇာလီရောက်လာပြီးတဲ့နောက်ပိုင်း ဆက်တိုက်ဖြစ်လာခဲ့တာပါ။

"UN က အခုလောလောဆယ် ပါနေရတဲ့အပိုင်းက Facilitator role ပဲ သူလုပ်နေရတယ်။ တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ပါ။ ဒီတွေ့ဆုံဆွေးနွေးမှုတွေ စလာလို့ရှိရင် နိုင်ငံတကာကနေ ကူညီမှုတွေရှိမယ် စသဖြင့် ပြောဆိုတိုက်တွန်းမှုတွေလုပ်ခဲ့နိုင်တဲ့ အနေအထားပဲရှိပါတယ်။တဖက်က NLD နဲ့ တွေ့တဲ့အခါမှာလည်း NLD ကို တွေ့ဆုံဆွေးနွေးရေးနဲ့ပတ်သက်လို့ စိတ်ရှည်ဖို့၊သည်းခံဖို့ ဒီ တွေ့ဆုံဆွေးနွေးရေးပေါ်မှာ ယုံကြည်မှုရှိဖို့ဆိုပြီး နှစ်ဖက်လုံးကို တိုက်တွန်းမှုတွေပြုလုပ်တယ်ဆိုတာ ကျနော်တို့ သိရပါတယ်။ ဒါပေမယ့် UNအနေနဲ့ နှစ်ဖက်လုံး တိုက်တွန်းရုံပဲတိုက်တွန်းပြီးတော့မှ တကယ့်တွေ့ဆုံဆွေးနွေးမှုဖြစ်နေတယ်....ဖြစ်မနေဘူးဆိုတာ UNကိုယ်တိုင်အနေလည်း မသိရသေးဘူးဖြစ်တယ်။ တကယ်တမ်းဆိုရင် ဘယ်နှစ်ကြိမ် ဆွေးနွေးနေတယ်။ဆွေးနွေးတဲ့အခါမှာလည်း ဘယ်သူတွေပါဝင်တယ်။ဘာအကြောင်းအရာတွေ ဆွေးနွေးနေတယ်။နောက် တွေ့ဆုံဆွေးနွေးမှုရဲ့ တိုးတက်မှုဟာ ဘာတွေဆိုတာကို မစ္စတာရာဇာလီကိုယ်တိုင်ကို မသိဘူးဖြစ်နေတယ်ဗလို့ အမျိုးသားကောင်စီ အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်အေးက ပြောပါတယ်။ မြန်မာ့အတိုက်အခံ နိုင်ငံရေးသမားတွေဟာ တွေ့ဆုံဆွေးနွေးမှုအပေါ် အကောင်းမြင် ကြိုဆိုခဲ့ကြပါတယ်။ဗိုလ်မှူးအောင်နဲ့ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက် သခင်ကြီးတွေက တွေ့ဆုံဆွေးနွေးပွဲရဲ့ရလဒ်တွေကို တရားဝင် ပူးတွဲကြေညာကြဖို့ တိုက်တွန်းခဲ့ပါတယ်။ဒါပေမယ့် တွေ့ဆုံဆွေးနွေးရေးကိစ္စဟာ တရားမျှတမှုမရှိသေးကြောင်းကိုတော့ အလေးအနက် ထောက်ပြကြပါတယ်။ အဆိုးဝါးဆုံးက ပြည်တွင်းမှာ စစ်အစိုးရချုပ်ကိုင်ထားတဲ့ မီဒီယာတွေကနေ ဒီသတင်းကိစ္စကို လုံးဝ အမှောင်ချထားခဲ့တာပါပဲ။ မြန်မာပြည်လူထုဟာ ပြည်ပကလွှင့်ထုတ်တဲ့ မီဒီယာများကတဆင့် ပြည်တွင်းသတင်းတွေကို သိကြရတာဖြစ်ပါတယ်။ လှိုင်းတိုအသံလွှင့်ချက်တွေကတဆင့် စားပွဲဝိုင်းဆီမျှော်ကြည့်တတ်ကြပါတယ်။

"မြန်မာပြည်သူတွေရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘဝတွေဟာ ဒီလေးငါးနှစ်အတွင်းမှာ ဘာမှပြောင်းလဲခြင်းမရှိသလို ရှေ့မှာ တိုးတက်ပြောင်းလဲမှုတွေ ရှိလာမယ်လို့လည်း ဘယ်သူကမှ နှစ်နှစ်ကာကာ မယုံကြည်ကြဘဲ စောင့်ကြည့်ကြသေးတာပေါ့ဗျာ" လို့ဘဲ စိတ်မပါ့တပါ ပြောဆိုနေကြတာကို တွေ့ရပါတယ်။ နိုင်ငံသား အခွင့်အရေး၊ နိုင်ငံရေး အခွင့်အရေးတွေနဲ့ ပတ်သက်ပြီး လက်တွေ့ဘဝမှာတစေ့မှ တိုးတက်မှုမရှိဘဲ ရေငုံနှုတ်ပိတ် ဆိတ်ဆိတ်နေရတဲ့ အဖြစ်ပါပဲ။ နိုင်ငံရေးပါတီဆိုတာ တကူးတကသွားကြည့်မှ ရွှေဂုံတိုင်လမ်းက NLD ဆိုင်းဘုတ်တခုကို ခြောက်ခြောက်သွေ့သွေ့ မြင်တွေ့နိုင်တာကလွဲရင် ပြည်သူတွေဟာ နေ့စဉ်ဘဝ ဖြစ်ပျက်ကြုံတွေ့နေရတာတွေအပေါ် ဘာမျှ ပြောဆိုလုပ်ကိုင်နိုင်ခြင်း မရှိပါဘူး။ စစ်အာဏာပိုင်တွေ အမျိုးမျိုးပြောဆိုလာခဲ့တဲ့ စကားတွေအပေါ် ရိပ်ဖမ်းသံဖမ်းလုပ်ပြီး သဘောထား ပျော့ပြောင်းလာတယ် ဘာတယ်နဲ့ အကောင်းလုပ် ပြောဆို ရေးသားနေကြတဲ့ ကမ္ဘာ့သတင်းဌာနတွေရဲ့ သုံးသပ်ရေးသားချက်တွေဟာလည်း စစ်အစိုးရ ပါးစပ်ဖျားကပြောခဲ့တာတွေကို သံယောင်လိုက်နေတာကြောင့်လို့ပဲ ယူဆမိပါတယ်။ စစ်အုပ်စုဟာ ငြိမ်းချမ်းရေးရယူထားတဲ့ လူမျိုးစုအဖွဲ့ဝင်တွေနဲ့ရော၊ NLD နဲ့ပါ မယ်မယ်ရရ စကားပြောဆိုဆွေးနွေးတယ် ဆိုတာ သူတို့ကိုယ်တိုင်က လုံးဝ ဖော်ပြခြင်းမရှိသလို ဘာဆိုဘာတခုမှ ထူးထူးခြားခြား မရှိသေးပါဘူး"

ဘီဘီစီ ကျေးတမာကဏ္ဍကို ဖွင့်ဟပေးပို့ခဲ့တဲ့ ဒဂုံမြို့နေဦးလှထွန်းရဲ့ ကောက်နှုတ်ချက်ပါ။ မြန်မာပြည်သူတွေရဲ့ တကယ့်အစစ်အမှန်ဘဝကို ရောင်ပြန်ဟပ်နေတာပါ။ ငြိမ်းချမ်းရေးရယူထားတဲ့ လူမျိုးစုအဖွဲ့အစည်းတချို့ဟာ တွေ့ဆုံဆွေးနွေးမှုကို ကြိုဆိုလိုက်ပြီး နိုင်ငံရေးဆွေးနွေးဝိုင်းတွေ စတင်ဖို့ တောင်းဆိုကြပါတယ်။ လူမျိုးစုဒေသတွင်းမှာရှိတဲ့ ပြဿနာတွေဟာ နှစ်(၅၀)ကြာ ပြည်တွင်းစစ်ကြောင့် ကြီးထွားလာပါတယ်။ ဒုက္ခသည်ပြဿနာ၊ လူ့အခွင့်အရေးချိုးဖေါက်မှုပြဿနာတို့ကအစ နောက်ဆုံး ဘိန်းနဲ့မူးယစ်ဆေးဝါး ထုတ်လုပ်ဖြန့်ချိတဲ့ပြဿနာ၊ HIV-AIDS ရောဂါပြန့်ပွားမှုနှုန်းများပြားနေတဲ့ ပြဿနာတို့လို ကမ္ဘာ့အသိုင်းအဝိုင်းက အာရုံစိုက်လာခဲ့ရတဲ့အထိ ကြီးမားလာပါတယ်။ အမျိုးသားကောင်စီ အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်အေးက တွေ့ဆုံ ဆွေးနွေးရေးဝိုင်း တကယ့်အစစ်အမှန် ဖြစ်လာတဲ့အခါ ပြဿနာအတော်များများ ဖြေရှင်းနိုင်လိမ့်မယ်လို့ မျှော်လင့်ကြောင်း ပြောပါတယ်။

"ဒီ တွေ့ဆုံဆွေးနွေးပွဲဟာ အားလုံးကမျှော်မှန်းတဲ့ တန်းတူရည်တူရှိရှိ နောက် တကယ်ပဲလွတ်လပ်မှုရှိတဲ့ တွေ့ဆုံဆွေးနွေးမှု အဆင့်မျိုးကို ရောက်ရင်တော့ ပြဿနာ အတော်များများကို ကျနော်တို့ ဖြေရှင်းနိုင်လိမ့်မယ်လို့ မျှော်လင့်ထားတယ်။နောက်အဆင့်တွေဆိုရင် တိုင်းရင်းသားတွေပါ ပါဝင်ဆွေးနွေးတဲ့ သုံးပွင့်ဆိုင်ဆွေးနွေးပွဲတွေကို ရောက်လာနိုင်ဖို့လည်း မျှော်လင့်ထားပါတယ်။ဒီနေရာမှာ ကုလသမဂ္ဂရဲ့ အခန်းကဏ္ဍဟာ အရေးကြီးတယ်။ ကုလသမဂ္ဂရဲ့ ပါဝင်ပတ်သက်မှုကို ဒီထက်နည်းနည်းပိုပြီး ကျနော်တို့က မြင့်စေချင်တယ်။ လက်ရှိအနေအထားမှာတော့ UNဟာ ဒီ တွေ့ဆုံဆွေးနွေးမှုဖြစ်အောင် လှုံ့ဆော်တယ် တိုက်တွန်းတဲ့သဘောမျိုးလောက်ပဲ ရှိတယ်။ တကယ့်တွေ့ဆုံဆွေးနွေးဝိုင်းမှာ UN ရဲ့ ကိုယ်စားလှယ်ကိုယ်တိုင်ပါဝင်ပြီး လေ့လာတာတို့၊ အကြံပေးတာတို့ ဆိုတဲ့ ထဲထဲဝင်ဝင် ပါဝင်နိုင်တဲ့အဆင့်မျိုး Mediator (ဖြန်ဖြေသူ) အဆင့်မျိုးအထိUN အနေနဲ့ပါသင့်တယ်။ အဲဒီလိုပါခြင်းအားဖြင့် ဒီ တွေ့ဆုံဆွေးနွေးပွဲဟာ ပိုပြီးအာမခံချက်ရှိလာမယ်လို့ မြင်တယ်"

ဒါပေမယ့် အခုထက်ထိ နှစ်ဖက်စလုံးက တွေ့ဆုံ ဆွေးနွေးဝိုင်းတွေအကြောင်း ဘာမှ မထုတ်ပြန်ကြသေးပါဘူး။တကယ်တမ်းက NLD ခေါင်းဆောင်တွေအချင်းချင်းကြားမှာ လွတ်လပ်စွာ ဆွေးနွေးတိုင်ပင်နိုင်တဲ့ အခွင့်အရေး၊ပါတီအနေနဲ့ နိုင်ငံရေးစည်းရုံးမှုတွေလူထုကြားမှာ ကျယ်ကျယ်ပြန့်ပြန့် ရရှိရေး၊ လူထုနဲ့ပါတီခေါင်းဆောင်တွေ တိုက်ရိုက်ထိတွေ့စေမယ့် လူထုစုဝေးဟောပြောခွင့်တွေမရှိဘဲ တွေ့ဆုံဆွေးနွေးရေးစကားဝိုင်းဟာ ပြယုဂ် သက်သက်လိုပဲ ဖြစ်စေမှာပါ။ဒါကြောင့်လည်း ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံရေးအရ စစ်မှန်တဲ့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုကိုပဲလိုကြောင်း၊ ပြယုဂ်မဟုတ်ကြောင်း ၁၉၉၉ခုနှစ် မေလထုတ် အေးရှားဝိခ်မဂ္ဂဇင်းRoger Mitton နဲ့တွေ့ဆုံမေးမြန်းခန်းမှာ ပြောသွားပါတယ်။

မှန်ပါတယ်။ မြန်မာနိုင်ငံရေး အကျပ်အတည်းဟာ စစ်မှန်တဲ့နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုတွေနဲ့သာ ထွက်ပေါက်တွေ့မှာဖြစ်ပါတယ်။ နိုင်ငံရေးအရပြောရရင် စစ်တပ်ဟာ သေနတ်ပြောင်းဝအောက်မှာ အမျိုးသား ညီလာခံရေးဆွဲစေပြီး အနာဂတ်ကာလမှာလည်း နိုင်ငံရေးဦးဆောင်မှု အပိုင်းကို ဆက်လက်ချုပ်ကိုင်ချင်တဲ့ ဆန္ဒရှိနေပါတယ်။ NLD ဖက်ကတော့ ၁၉၉၀ မေလရွေးကောက်ပွဲမှာ လူထုကတခဲနက်ထောက်ခံမှုနဲ့ တရားဝင်ဖြစ်မှုအနေအထားမှာ ရှိပါတယ်။ စစ်တပ်က လွှတ်တော်ခေါ်ယူခွင့် မပေးတာကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဖွဲ့စည်းပြီး နိုင်ငံရေးအရ ရှေ့ခြေတလှမ်းတက်ပါတယ်။ ဒါ့အပြင် အမြင်သဘောထား ကွဲပြားခြားနားမှုတွေရှိနေတဲ့ လူမျိုးစုများအရေးကိုလည်း ထည့်မတွက်ရင် မြန်မာပြည်အနာဂတ်ရေး အေးချမ်းမှုရရှိနိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် အနာဂတ်မြန်မာပြည် ကောင်းရာကောင်းကျိုးကိုရှေ့ရှုပြီး ဒီမိုကရေစီအခြေခံအုတ်မြစ်ကို စတင်တည်ထောင်ရာမှာ စစ်မှန်တဲ့ နိုင်ငံရေးဆွေးနွေးဝိုင်းဟာ အစပျိုးစမ်းသပ်ချက်တွေပဲ ဖြစ်ပါတယ်။

ဒီနေရာမှာပြောစရာတခု ရှိလာပါတယ်။ အဲဒါကတော့ မြန်မာ့နိုင်ငံရေးကို အသွင်ကူးပြောင်းဖို့ ကြိုးပမ်းကြရာမှာ အပြင်အမျိုးမျိုးရှုထောင့်အမျိုးမျိုးနဲ့ တင်ပြပြောဆိုနိုင်ပေမယ့် အဲဒါတွေဟာ လူထုရဲ့ လက်တွေ့လူမှုဘဝ

— — — — — — —

စာမျက်နှာ(၁၀ )ကော်လံ(၅)သို့.

# ငုံနေတဲ့ မနက်ခင်း

မနက်ခင်းဟာ
စပယ်ပန်းတွေ ပွင့်လေမလားလို့
ငေးကြည့်ရင်းနဲ့
သူ့အသက်ရှူသံတွေ တိမ်နေတော့တယ်။

လူတွေ မြို့ဆန်နေပုံကလည်း
နား မျက်စိတွေပြန့်ကားပြီး
ကြောက် ကြောက်နဲ့ အစာကောက်နေရတဲ့
ငှက်တကောင်အဖြစ်လိုပ ။

တို့သွေးချင်းတွေကျတော့ကော
ရိုးရာပွဲတွေကျင်းပ
သူတို့ဘဝ သူတို့ မရကြဘူး
လုံးတက်လာတဲ့ မီးခိုးအလိပ်လိပ်တွေထဲက
သူတို့ရွာ သူတို့စပါးတွေကို
ငေးဆနေမပေါ့။

ဟိုတောင်ကြော တောင်မတွေထဲက
ရှောင်စစ်ပုန်းရင်းနဲ့
ခိုးလုပ်ရတဲ့ လယ်ကွက်ကလေး
ကြည့်စမ်း
သေနတ်သံမကြားရင်
ဟောဒီစပါးတွေ ဘယ်လောက်သန်လိုက်မလဲ
ယမ်းငွေ့မလွှမ်းရင်
ဟောဒီတောပန်းတွေ ဘယ်လောက်ပွင့်လန်းလိုက်မလဲ
အဲဒီမြည်တမ်းမှုတွေ ကြေမွ
ငါတို့သက္ကရာဇ်တွေ ပြန်မရသေးဘူး။

ရွာဦးကျောင်းက တုံးမောင်းသံဟာလည်း
ကျည်ဆံရာဗရပွနဲ့ ထုံအနေပါပြီ
အမိုးပွင့်နေတဲ့ စာသင်ကျောင်းက ကလေးတွေ
ဗုံးခိုကျင်းတွေထဲမှာ ဆွံ့အ
ဘယ်က အစာ လာချမလဲ
မျှော်တ နေရှာမယ်။

စစ်ပြီးရင်းစစ်
ငါတို့ လူမဖြစ်တော့ဘူး

ပြည်တွင်းစစ်တွေ ရပ်ပါတော့
အဝမှုစစ်တွေ ရပ်ပါတော့ ။

**ငြိမ်းသစ်**
**၁၉၉၈**



# ပြောပြပါရစေ

**ယခုအပတ်ထုတ် မိုးကြိုးသတင်းစဥ်တွင် ပြောပါရစေကဏ္ဍအတွက် (7 July)နေ့အားရည်ညွှန်း၍ပြည်တွင်းရှိ ပညာရေးလောကအား တစိတ်တပိုင်းလှစ်ပြနေသည့် တက္ကသိုလ်အသီးသီးမှအသံများကိုထည့်သွင်းဖေါ်ပြလိုက်ပါသည်။**

**မိုးကြိုးသတင်းစဥ်**

၁၉၈၈ ပြည်သူတွေရဲ့ အစိုးရဆန့်ကျင်ရေးဆန္ဒပြမှုတွေကိုအစပျိုးခဲ့တဲ့ RIT ခေါ်ရန်ကုန်စက်မှုတက္ကသိုလ်ကို အခုအချိန်မှာဆိုရင် စစ်အစိုးရက YTU(Yangon Technological University)ဟုပြောင်းခဲ့ပြီး၊ တနိုင်ငံလုံးနည်းပညာတက္ကသိုလ်ခွဲများအဖြစ် HTU(Hlaingtharyar Technological University)၊ PTU (Pyay Technological University)နဲ့ MTU (Mandalay Technological University) ဆိုပြီးဖွင့်ခဲ့ပါ တယ်။ လှိုင်သာယာနည်းပညာ တက္ကသိုလ်ကို ရန်ကုန်မြို့ပေါ်ရှိ ကျောင်းသူကျောင်းသားများ အတွက် လှိုင်သာယာမြို့နယ် အစွန်မှာ ပြောင်းရွှေ့တည် ဆောက်ထားတာဖြစ်ပြီး၊ အောက်မြန်မာပြည်မှ ကျောင်းသားများအတွက် ပြည်နည်းပညာတက္ကသိုလ်၊အထက်မြန်မာပြည်ကျောင်းသားများအတွက်ကမန္တလေးနည်းပညာတက္ကသိုလ် ဖြစ်ပါတယ်။ဒီနည်းပညာတက္ကသိုလ်များဖြစ်လာရတဲ့ အကြောင်းအရင်းကတော့ ၁၉၉၆ခုနှစ်၊ ဒီဇင်ဘာလမှာ တက္ကသိုလ်ပေါင်းစုံကျောင်းသားများဆန္ဒပြမှုဖြစ်ခဲ့ရတဲ့ အပေါ်အထူးသဖြင့်အင်ဂျင်နီယာကျောင်းသားတွေရဲ့စုစည်းမှုကိုဖြိုခွဲတဲ့အနေနဲ့ပြုလုပ်လိုက်တာဖြစ်ပါတယ်။ တကယ်လက်တွေ့မှာအသစ်ဖွင့်လိုက်တဲ့နည်းပညာတက္ကသိုလ်တွေရဲ့အခြေအနေဟာအတော်ကြီးကိုဆိုးရွားပါတယ်။ အစိုးရကစနစ်တကျ ရေရှည်အတွက် မျှော်ကိုးပြီး လုပ်ဆောင်တာမဟုတ်တဲ့အတွက်ဒီတက္ကသိုလ်မှာတက်နေတဲ့ကျောင်းသူကျောင်းသားတွေဟာအခက်အခဲအမျိုးမျိုးတွေနဲ့ရင်ဆိုင်တွေ့ကြုံနေရပြီး၊ လှိုင်သာယာနည်းပညာတက္ကသိုလ်မှာနေတဲ့ကျောင်းသူ၊ကျောင်းသားတွေထဲကတယောက်ရဲ့ ရင်ဖွင့်သံကိုကြည့်ရင်မြင်သာပါတယ်။

"လှိုင်တီးခေါင်ပြင်မှာကျောင်းဆောက်ထားတော့ နေပူတဲ့အချိန်ဆိုချွေးသံတရွှဲရွှဲပေါ့။ကျောင်းသားအများစုဟာရန်ကုန်မြို့ထဲမှာနေကြတာ မို့လို့ ကျောင်းနဲ့အိမ်ကိုကျောင်းကားနဲ့ဆိုရင်တစ်နာရီခွဲလောက်သွားရပြီး၊ အပြင်လိုင်းကားနဲ့ဆိုသုံးဆင့်စီးရတယ်။ကျောင်းနဲ့Canteen ကလည်းအလှမ်းဝေးပြီး လက်ဖက်ရည်သောက်၊ထမင်းစားသွားရတာကိုကအတော်ဒုက္ခရောက်တယ်။ ဈေးနှုန်းတွေကတက်လာတော့ ကျောင်းစရိတ်လည်းပိုတက်လာပြီး ချွေချွေတာတာသုံးတာတောင်မှကျောင်းလခ၊ထမင်းဖိုး၊ကားခ၊စာအုပ်ဖိုး။၊ မိတ္တူခပေါင်းလိုက်ရင်ကျောင်းသားတယောက် ကိုတလပျမ်းမျှ(၃)သောင်းပတ်ဝန်း ကျင်လောက်ကုန်တယ်။ ကျောင်းပြီး လို့အလုပ်ရဖို့ဆိုတာကတော့အိပ်မက်ပါပဲ။ ကျောင်းသားတွေအနေနဲ့ရွေး စရာလမ်းမရှိတော့ ကျောင်းမြန်မြန် ပြီးအောင် ကြိတ်မှိတ်ပြီး တက်နေရတယ်"

**ပြည်နည်းပညာတက္ကသိုလ်မှကျောင်းသားတဦး**

"ကျောင်းကကွင်းပြင်ထီးထီးမှာဆောက်ထားပြီးသောက်စရာရေသန့်မရှိဘူး။ကျောင်းနဲ့ canteen ကအဝေးကြီးဘဲ။ တဆောင်နဲ့တဆောင်ကူးရင်အရိပ်မရှိဘူး။ရုံဖန်ရံခါ ပြည်ကိုသွားလည်ရတာခရီးဝေးသွားရသလိုပါဘဲ။ ဒီနှစ်မှာတော့ပြည်နဲ့ကျောင်းကိုကျောင်းကားထားပေးတယ်၊ရေသန့်ဗူးတော့ရှိနေပါပြီ၊ ဒါပေမယ့်ရေကုန်နေတာများ တယ်"

**အဆောင်နေကျောင်းသားတဦး**

"ကျနော်တို့အဆောင်ကနဂိုသချိုင်းကုန်းအဟောင်း နေရာမှာဆောက် ထားပြီးစနစ်တကျမဟုတ်ဘဲ မြေမရှင်းပဲအဖြစ်လုပ်ထားတာ ဆိုတော့ မြွေတွင်းတွေရှိနေတယ်၊ မြွေတွေကမြွေဟောက်တွေများတယ်၊ အဆောင်တွေက(၈)ပေ×(၁၀)ပေပတ်လည်မှာထရံကာနဲ့ဆိုတော့အခန်းထဲမြွေဝင်နေတတ်တယ်၊အိမ်သာသွားတာကအစလမ်းသွားရင် ငုံ့သွားနေကြရတယ်၊ မြွေတွေ့လို့ ရိုက်သတ်ကြရတာမနည်းဘူး၊ မိုးရွာတဲ့အချိန်ကျတော့ ခေါင်မိုးကလည်းမိုးယို၊ဘေး ကလည်း ပက်တာနဲ့ရှိသမျှစာအုပ်တွေ၊ အိပ်ရာလိပ်နဲ့ အဝတ်အစားတွေ ပလပ်စတစ်နဲ့အုပ် လူကမိုးရေချိုးနေကြရတယ်"

❖❖❖

# ပြည်သူသည်သာအစရာ အရာရာကို ပြောင်းလဲနိုင်သည်

## ကျန်းမာရေးလောက

သို့

အယ်ဒီတာ

မိုးကြိုးသတင်းစဥ်

ရိုသေစွာဖြင့် ကျနော် စာရေးလိုက်ပါသည်။ကျနော်လည်း မြန်မာပြည်သား တယောက်အနေဖြင့် ယခုမျက်မှောက် ကာလတွင် ဖြစ်ပျက်နေတဲ့မြန်မာပြည်အကြောင်းလေးတွေကိုစာဖတ်ပရိတ်သတ်အားလုံးကို သိကြစေရန်အကျိုးငှာ(မိုးကြိုးသတင်းစဥ်)အယ်ဒီတာထံသို့ရေးပို့လိုက်ရပါသည်။ ကျနော့်စာမူများကို မှားလျှင်ပြင်ဆင်ရန်နှင့်လိုအပ်လျှင် ဖြည့်စွက်ပေးပါရန်။

ယနေ့ကျနော်တို့မြန်မာပြည်ကြီးမှာမြန်မာနိုင်ငံမှာပေါ့၊ မျက်မြင်ကိုယ်တွေ့ဖြစ်ပျက်နေတဲ့ အရာတွေကဘာတွေလဲဆိုတော့ ပြည်သူလူထုကျန်းမာရေးကိုပြောချင်တယ်။လူထုကျန်းမာရေးကဘာတွေဖြစ်နေသလဲဆိုတော့ရေးလိုက်တဲ့စာတန်းကတော့(ပြည်သူ့ ဆေးရုံ)။ ဒါပေမယ့်....တကယ်က လူနာရုံ။ ကျန်းမာရေးချွတ်ယွင်းသည်ဖြစ်စေ၊ ထိခိုက်ရှနာသွေးထွက်သံယိုသည်ပဲဖြစ်စေ၊အဲဒီလူနာရုံရောက်ပြီဆိုတာနဲ့ဂွမ်းကအစဝယ်ရပြီးနောက်ထပ်လာမယ့်ဆေးထိုးအပ်၊စားဆေး၊သောက်ဆေးအကုန်ဝယ်၊ဆရာဝန်နဲ့နာ့စ်ကတော့မှာသွားတယ်။ဒီဆေးလိုတယ်၊ဒီဟာလိုတယ်။ ဆရာဝန်ဆီမှာရှိလားလို့မေးရင်မရှိဘူး။ အဲ....ဆရာဝန်ညွှန်ပြပါလိမ့်မယ်။ ဟိုဆိုင် မှာရှိတယ်သွားဝယ်ပါ၊မဝယ်ရင်ခင်ဗျားလူနာစိုးရိမ်ရတယ်။ ကဲ လူနာစောင့်ကလည်းလူနာသေမှာကြောက်တာကိုး ဝယ်ပေ့ါ။ ဘာဆိုဘာမှ တခုမှကို မစဥ်းစားနဲ့အလကားမရနိုင်ဘူး။ တကယ်တမ်း လူနာတယောက် ဟာငွေမရှိရှိရင်၊ဆင်းရဲနွမ်းပါးတဲ့သူတွေအဲ့ဒီလူနာရုံကိုသွားရင်ကျိန်းသေသေရမှာပဲ။ ဒါတွေကဆရာဝန်တွေကို အပြစ်မပြောပါဘူး။နိုင်ငံတော်က ဒီလောက်ဆေးလေးနဲ့ဒီလောက်စားဆေး၊ထိုးဆေးတွေကိုချမပေးနိုင်ဘူး။ဂွမ်းကအစလုံလောက်စွာအသုံးပြုဖို့မထားပေးနိုင်ဘူးဆိုရင်ကျနော်တို့ဘယ်လိုစဥ်းစားကြမလဲ။တခြားတိုင်းပြည်တွေကိုတော့လိမ်လိုက်တာ။ ပြည်သူလူထုကိုလည်းပြောလိုက်တာ။ ဒို့မြန်မာနိုင်ငံဟာသယံဇာတပေါကြွယ်ဝတယ်။မြေပေါ်မြေအောက်ပေါ့။ ရေပိုင်ဆိုရင်လည်းရေပိုင်ပစ္စည်းပေါ့။ ကုန်းဆိုရင်လည်းကုန်းပိုင်ဆိုင်ရာသယံဇာတပေါ့။အဲဒါသူတို့မရှက်လို့ပြောတာ။ကျနော်ဆိုရင်အဲဒီလိုမပြောရဲဘူး။ရှက်စရာကြီးပါဗျာ။ သယံဇာတပေါကြွယ်ဝရင်ဒီဆေးရုံမှာ ဒီဟာလေးတွေတောင်မထားပေးနိုင်ဘူးလား။ အပြင်ဝယ်ဘဲ။ ခုတော့ဒီလူနာ တွေဟာမြန်မာနိုင်ငံသားတွေပဲမဟုတ်လား။ ဒီသယံဇာတတွေကကော ဒီနိုင်ငံသားတွေပိုင်ဆိုင်တာပဲမဟုတ်ဘူးလား။

စာဖတ်ပရိတ်သတ်များစဥ်းစားကြည့်ပါ။ အရင်ကဆိုကြားဖူးကြပါလိမ့်မယ်။(၃၇)တန်လား(၃၂)တန်လားကျောက်စိမ်းတုံးကြီးကြည့်ချင်လား။သွားမကြည့်နဲ့တော့အစပျောက်တာမှအမှုန့်တောင်မှမကျန်ဘူးဗျာ။ နောက်ထပ် လာပါသေးတယ်။ (နဝတ)ကျောက်စိမ်း ဒါလည်းသူ့နည်းငါ့နည်းနဲ့ပဲပျောက် ခြင်းမလှပျောက်တာပါပဲခင်ဗျား။ ကဲ အခုပုလဲကြီးလည်းရတဲ့နေ့နဲ့ သယ်ဆောင်လာတဲ့နေ့စွဲပဲရှိတယ်။ ပျောက်သွားမယ့်နေ့ကဘယ်နေ့လည်းဆိုတာနေ့စွဲမရှိဘူး။ ပျောက်သွားမှာကတော့ မြေကြီးနှင့်လက်ဝါးပုတ်လို့လွဲချင်လွဲသွားမယ်။ ပုလဲကြီးပျောက်ဖို့ကတော့ မလွဲဘူးဗျာ။ (မဆလ) ပြီးတော့ (နဝတ) ပြီးတော့ (နအဖ) ဒါတွေဟာ စစ်အုပ်စု စစ်ဗိုလ်ချုပ်တွေကြီးပဲ အုပ်ချုပ်လာတဲ့တိုင်းပြည် နှစ်ပေါင်း (၄၀)လောက် အုပ်ချုပ်လာခဲ့တာ ဘယ်မှာလဲတိုင်းပြည်တိုးတက်ရာတိုးတက်ကြောင်း။အဖက်ဖက်ကဖွံ့ဖြိုးတာမရှိပါဘူး။အဲ့ဒီတော့ဒီစစ်အုပ်စုရဲ့တပါတီစနစ်တကိုယ်တော်ဝါးမြိုဖို့ စဥ်းစားတဲ့အစိုးရကိုဖြုတ်ချဖို့ ပြည်သူလူထုတရပ်လုံးကဝိုင်းဝန်းကူညီပေးကြပါလို့ပဲတိုက်တွန်းလိုက်ရပါတော့တယ်ဗျား။

မြန်မာပြည်သားတဦး။

## နိုင်ငံခြားရေးဝန်ကြီးဟောင်း ဦးအုံးဂျော်နှင့်မိသားစု ပြည်ပတွင်ပျောက်ဆုံးနေ

နအဖစစ်အုပ်စု၏ နိုင်ငံခြားရေး ဝန်ကြီးဟောင်း ဦးအုံးဂျော်နှင့်မိသားစုသည် ပြည်ပနိုင်ငံတခုတွင် ပျောက်ဆုံးနေကြောင်း ကနေဒါအခြေစိုက်အဝေးရောက်စာနယ်ဇင်းသမားတဦးကဘားမားနက်ကွန်ပြူတာသတင်းစဥ်တွင်ရေးသားထားသည်။

နအဖနိုင်ငံခြားရေးဝန်ကြီးဟောင်း ဦးအုံးဂျော်နှင့်မိသားစုသည်ပြီးခဲ့သည့် ဇွန်လကတည်းကဗုဒ္ဓဂါယာသို့ ဘုရားဖူးသွားရန်ထွက်ခွာလာခဲ့ရာ ယခုထိရန်ကုန်မြို့သို့ပြန်လည်မရောက်ရှိသေးကြောင်းဘားမားနက်ကွန်ပြူတာသတင်းစဥ်ကဆိုသည်။

ယခင်ထွက်ပေါ်နေသောသတင်းများအရ ဦးအုံးဂျော်နှင့်မိသားစုသည် ဩစတေးလျနိုင်ငံတွင်နိုင်ငံရေးခိုလှုံခွင့်တောင်းခံထားကြောင်းကြားသိရသည်။

❖❖❖

## ⇔ စားပွဲဝိုင်းကိုမျှော်ကြည့်ခြင်းမှ

အခြေခံကနေကင်းကွာလို့မရပါဘူး။ တခါတရံမြန်မာနိုင်ငံဒုတိယလွတ်လပ်ရေးတိုက်ပွဲလို့ ဒေါ်အောင်ဆန်းစုကြည် ကဂုဏ်ပြုခေါ်ဝေါ်ထားတဲ့ ဒီနေ့ခေတ်ဒီမိုကရေစီနဲ့လူ့အခွင့်အရေးလှုပ်ရှားမှုတော်လှန်ရေးကြီးထဲမှာလူထုအခြေခံနဲ့ကင်းကွာလွန်းတဲ့အကြံဥာဏ်ပေးချက်တွေ၊လုပ်ဆောင်ချက်တွေကိုကြားနေသိနေရပါတယ်။ဒါကြောင့်ပဲထင်ပါတယ်၊နယ်ချဲ့ကိုလိုနီလက်အောက်ကအမျိုးသားလွတ်လပ်ရေး ရရှိအောင်ဦးဆောင်ခဲ့တဲ့ ဗိုလ်ချုပ် အောင်ဆန်းဟာပန်းမဝင်ခင်တက်ထောင်ချင်တဲ့သူများကိုသတိပေးခဲ့သလို ဒုတိယအကြိမ်လွတ်လပ်ရေးတိုက်ပွဲကိုဦးဆောင်နေတဲ့ဒေါ်အောင်ဆန်းစုကြည်ကလည်း စကားဝိုင်းမစသေးမီ အလံဖြူထောင်ချင်ကြသူများကို အခုလိုပြောကြားသွားခဲ့ပါတယ်။

"ကိုယ်ယုံကြည်ရာလက်နက်တွေကိုင်ပြီး စစ်အစိုးရကိုရင်ဆိုင်မယ်ဆိုပြောင်းညွတ်မလွယ်ဘူးလို့စွပ်စွဲခံရမယ်။ အခြေခံစည်းမျဥ်းတွေနဲ့အညီပြတ်ပြတ်သားသားရပ်တည်ဖို့ကြိုးစားမယ်ဆို ပြောင်းညွတ်မလွယ်ဘူးလို့ စွပ်စွဲခံရမယ်။ဒီမိုကရေစီအခြေခံစည်းမျဥ်းတွေအတွက်တိုက်ပွဲဝင်နေတာကိုလက်လျှော့လိုက်မယ် ဆိုရင်တော့ ပြောင်းညွတ်လွယ်တဲ့သူလို့သတ်မှတ်ခံကြရမယ်။ ဒါဆိုရင် ကျမတို့တတွေဒီလှုပ်ရှားမှုအတွက်ဘာလို့လုပ်နေတော့မှာလဲ။"

**ရဲနည်**

**အေးရှားဝိခ်မဂ္ဂဇင်းနှင့်တွေ့ဆုံမေးမြန်းချက်မှ –**

## နယ်စပ်ခရီးစဥ်အပေါ် စစ်အာဏာပိုင်တို့အမြတ်ထုတ်

ထိုင်းနိုင်ငံနယ်စပ်သို့ အကြောင်းအမျိုးမျိုးဖြင့်ဝင်ထွက်သွားလာနေကြသော မြန်မာပြည်သားများအားဘားအံမှမြဝတီသို့အသွား ခရီးစဥ် တွင်စစ်တပ်မှနေ၍ အသက်(၃၀) အောက်လူငယ်များအား ရွေးချယ်၍ စစ်ဆေးမေးမြန်းပြီး မြဝတီမှတ်ပုံတင် မဟုတ်ပါက သွားလာခွင့်မပြုသည့် အပြင်ကားပေါ်မှဆွဲချပြီး၊၎င်းတို့၏ တပ်ပိုင်လယ်ယာမြေများအတွင် အဓမ္မထွန်ယက်စိုက်ပျိုးခိုင်းစေ နေကြောင်း၊ဘားအံ–မြဝတီကား စပါယ်ယာတဦးမှ ကိုယ်တွေ့ပြောဆို ချက်အရသိရှိရသည်။ တဖန် မြဝတီမှ ဘားအံသို့အပြန်လမ်းခရီး၌လည်း ခရီးသည်များအား မှတ်ပုံတင် စစ်ဆေးခြင်း၊ အကြောင်းအမျိုးမျိုး ပြကာ အဒမ္မဒဏ်ငွေတပ်ခြင်း၊ လိပ်စာတောင်းယူ၍ လက်မှတ်ထိုးစေခြင်း များပြုလုပ်လျက်ရှိပြီး ၎င်းခရီးသည် များအားနောက်တကြိမ်မြဝတီမြို့သို့လာရောက်ပါက ပြင်းထန်စွာ အပြစ်ပေးအရေးယူမည်ဟု စစ်အာဏာပိုင်များကခြိမ်းခြောက်ပြောကြားလျက်ရှိကြောင်းကိုလည်းထည့်သွင်းပြောကြားသွားခဲ့သည်။

ထိုကဲ့သို့ ဘားအံ–မြဝတီခရီးစဥ်၌ ကူးသန်းသွားလာနေသောခရီးသည်များအား သယ်ယူပို့ဆောင်ပေးသော ယာဥ်မောင်းနှင့်ယာဥ်နောက်လိုက်တို့ကိုလည်း စစ်ဆေးတွေ့ရှိပါက အနည်းဆုံး ထောင်ဒဏ်(၆)လ ပြစ်ဒဏ်ချမှတ်မည်ဟု အမိန့်ထုတ်ထားကြောင်းကြားသိရသည်။

Burma Independent News Agency
မြန်မာနိုင်ငံ
လွတ်လပ်သည့် သတင်းအေဂျင်စီမှ
ထုတ်ဝေဖြန့်ချိသည်။
P.O. Box (91)
Mae Sod, 63110
Tak, Thailand.
binamojo@cscoms.com



# ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် နအဖတပ်ဖွဲ့ဝင်များ၏ တိုက်ပွဲသတင်းများ



**ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ကေအဲန်အယ်လ်အေ)စစ်ဦးစီးဌာနချုပ်မှ ဇူလိုင်လ(၁၄)ရက်နေ့တွင်ထုတ်ပြန်သော ၂၀၀၁ ခုနှစ် (၆)လချုပ် တိုက်ပွဲသတင်းထုတ်ပြန်ချက်မှ ရယူသည်။**

### သထုံခရိုင် တပ်မဟာ(၁)နယ်မြေ

တိုက်ပွဲပေါင်း (၃၁)ကြိမ်၊ နအဖဘက်မှ ၄ဦးကျဆုံး၊ ၂၁ဦး ဒဏ်ရာရ၊ ၄ဦး လက်နက်ချ၊ AK ၅လက်၊ AR ၁ လက်၊ AK ကျည် ၄၆၄တောင့်၊ ကျည်ကပ်မျိုးစုံ ၂၃ချပ်၊ AR ကျည် ၆၀တောင့်၊ M-79 ဗုံးသီး ၁၂လုံးကို ကေအဲန်အယ်အေဘက်မှ သိမ်းဆည်း ရမိသည်။ ကေအဲန်အယ်လ်အေ ဘက် မှ ၆ဦးကျဆုံး၊ ၃ဦး ဒဏ်ရာရ၊ ၄ဦး နအဖထံ လက်နက်ချသွား၊ ၁ဦး အဖမ်း ခံရ၊ ကာဘိုင် ၁လက်၊ AK ၇လက်၊ AR ၃လက်၊ M-1 ၁လက်၊ MA 1လက်၊ ပစ္စတို ၂လက်၊ M-79 ၁လက်၊ လမ်းလျှောက် စကားပြောစက် ၄လုံး ဆုံးရှုံးခဲ့သည်။

ကေအဲန်အယ်လ်အေနှင့် ဒီကေဘီအေကြား တိုက်ပွဲ ၁ကြိမ်၊ ဒီကေဘီအေဘက်မှ ၅ဦး ကျဆုံး၊ ၇ဦး ဒဏ်ရာ ရ။

### တောင်ငူခရိုင် တပ်မဟာ (၂)နယ်မြေ

တိုက်ပွဲပေါင်း အကြိမ်(၂၀)၊ နအဖဘက်မှ ၂၄ဦး ကျဆုံး၊ ၆၇ဦး ဒဏ်ရာရ၊ ကျည်ကပ် ၁ချပ်၊ G-3 ကျည် ၁၀၀ တောင့်၊ကား ၂စီးအား ကေအဲန်အယ်အေမှ ဖျက်ဆီးနိုင်ခဲ့။ ကေအဲန်အယ်လ်အေဘက်မှ ၂ဦး ကျဆုံး၊ ၂ဦး ဒဏ်ရာရ၊ ပစ္စတို ၁လက်၊ လမ်းလျှောက်စကားပြောစက် ၁လုံး ဆုံးရှုံးခဲ့သည်။

### ညောင်လေးပင်ခရိုင် တပ်မဟာ (၃)နယ်မြေ

တိုက်ပွဲပေါင်း (၃၈)ကြိမ်၊ နအဖဘက်မှ ၃၇ဦးကျဆုံး၊ ၈၈ဦး ဒဏ်ရာရပြီး ကာဘိုင် ၁လက်၊ AK ၃လက်၊ AR ၃လက်၊ OC ၁လက်၊ လက်ပစ်ဗုံး ၂လုံး၊ လမ်းလျှောက်စကားပြောစက် ၁လုံး၊ စကားပြောစက်ကြီး ၁လုံး၊ ခွင်းဗုံး ၆လုံး၊ ကျည်ကပ်မျိုးစုံ ၈ချပ်၊ AR ကျည် ၄၀တောင့်၊ ကာဘိုင်ကျည် ၅တောင့်၊ G-3 ကျည် ၅၇တောင့်၊ OCကျည် ၁၀၀တောင့်၊ M-79 ဗုံးသီး ၁လုံးကို ကေအဲန်အယ်အေမှ သိမ်းဆည်းနိုင်ခဲ့သည်။ ကေအဲန်အယ်လ်အေဘက်မှ ၇ဦး ကျဆုံး၊ ၅ဦး ဒဏ်ရာရပြီး ကာဘိုင် ၁လက်၊AR ၁လက် ဆုံး ရှုံးခဲ့ရသည်။

ကေအဲန်အယ်လ်အေနှင့် ဒီကေဘီအေတို့ တိုက်ပွဲ (၄)ကြိမ် ဖြစ်ပွား၊ ဒီကေဘီအေ ၁ဦးကျဆုံး၊ ၃ဦး ဒဏ်ရာရရှိကာ ကား ၂စီးနှင့် သစ်စက် ၄လုံး ကိုကေအဲန်အယ်အေ တပ်ဖွဲ့များက ဖျက်ဆီးနိုင်ခဲ့သည်။

### ဘိတ်–ထားဝယ်ခရိုင် တပ်မဟာ (၄)နယ်မြေ

တိုက်ပွဲပေါင်း (၄၂)ကြိမ်၊ နအဖဘက်မှ ၅၃ဦး ကျဆုံး၊ ၇၄ဦး ဒဏ်ရာရ၊၄ဦး ဖမ်းဆီးရမိ၊ ကျည်ကပ် ၁ချပ်၊ AR ကျည် ၅၀တောင့်ကို ကေအဲန်အယ်အေမှ သိမ်းဆည်းရရှိခဲ့ပြီး ကား ၂စီးဖျက်ဆီးနိုင်ခဲ့သည်။ ကေအဲန်အယ်လ်အေဘက်မှ ၁ဦးကျဆုံး၊ ၅ဦး လက်နက်ချသွား၊ ကာဘိုင် ၁လက်၊ AK ၁လက်၊ AR ၆လက်၊RPG ၁လက်၊AR ကျည်၁၅၀တောင့်၊ ကျည် ၃လုံး၊ ကာဘိုင်ကျည် ၆၀တောင့် ဆုံးရှုံးခဲ့သည်။

### ဖာပွန်ခရိုင် တပ်မဟာ (၅)နယ်မြေ

တိုက်ပွဲပေါင်း (၇၉)ကြိမ်၊ နအဖဘက်မှ ၄၅ဦးကျဆုံး၊၁၇၂ဦး ဒဏ်ရာရ၊ကာဘိုင် ၂လက်၊ AK ၃လက်၊ AR ၂လက်၊ RPG ၁လက်၊ G-3 ၁လက်၊ နတ်တိုးစက်လက် ၁လက်၊ ပစ္စတို ကျည် ၄တောင့်၊ ကျည်ကပ် ၂ချပ်၊ ARကျည် ၂၄၀တောင့်၊ ကာဘိုင်ကျည် ၅၂တောင့်၊ M-79 ဗုံးသီး ၁၀လုံး၊ နတ်တိုးကျည် ၂၃၈တောင့်၊RPG ဗုံး သီး ၉လုံးကို သိမ်းဆည်းရမိသည်။ ကေအဲန်အယ်လ်အေဘက်မှ ၅ဦး ကျ ဆုံး၊ ၁၃ဦး ဒဏ်ရာရရှိခဲ့သည်။

ကေအဲန်အယ်လ်အေနှင့် ဒီကေဘီအေ တိုက်ပွဲ(၃)ကြိမ်ဖြစ်ပွား၊ ဒီကေဘီအေဘက်မှ ၁ဦးကျဆုံး၊၁ဦး အရှင်ဖမ်းမိ၊ကျောက်ဖေါက်စက် ၁လုံး၊ ကား ၁စီး၊သစ်စက် ၁လုံးကို ကေအဲန်အယ်လ် အေမှ ဖျက်ဆီးနိုင်ခဲ့သည်။

### ဒူးပလာယာခရိုင် တပ်မဟာ (၆)နယ်မြေ

တိုက်ပွဲပေါင်း (၅၉)ကြိမ်၊ နအဖဘက်မှ ၈၇ဦးကျဆုံး၊ ၉၇ဦး ဒဏ်ရာရ၊ ကာဘိုင် ၁လက်၊ AK ၃လက်၊ AR ၃လက်၊G-3 ၁လက်၊MA ၁လက်၊ လက်ပစ်ဗုံး ၁လုံး၊လမ်းလျှောက်စကားပြောစက် ၅လုံး၊ စကားပြောစက်ကြီး ၂လုံး၊ AK ကျည်၂၄၄တောင့်၊ ကျည်ကပ်မျိုးစုံ ၁၀ချပ်၊AR ကျည် ၁၉၇တောင့်၊ ကာဘိုင်ကျည် ၃၀တောင့်၊ G-3ကျည် ၁၇၃တောင့်၊ M-79 ဗုံးသီး ၄လုံး၊ RPGဗုံးသီး ၁လုံး၊ RPG ပို့ယမ်း ၄တောင့်၊ ရိုင်ဖယ်ကျည် ၁၁တောင့် ကေအဲန်အဲယ်အေမှ သိမ်းဆည်းနိုင်ခဲ့သည်။ ကေအဲန်အယ်လ်အေဘက်မှ ၂ဦး ဒဏ်ရာရရှိခဲ့သည်။ နအဖပစ္စည်းများ ဘူဒိုဇာ ၁၁စီး၊မက်ခိုးကား ၇စီး၊ ဘူဒိုဇာမြေတင်စက် ၆စီး(Pey Loader)မြေသယ်ကား(DUMP TRUCK)၃စီး၊ မြေကြိတ်စက် ၅စီး၊ မြေညှိစက် (Grader)၁စီး၊ လေမှုတ်စက် ၃စီး၊ တင်ပါကား ၇စီး၊ ရေတင်ကား ၄စီး၊ စူပါရုကား (Subaru) ၂စီး၊ ကျောက် ပေါက်စက်ကားကြီး ၂စီး၊ ကားငယ် ၉၅စီး၊ ဗီဒီယိုကင်မရာ ၂လုံး၊ ကာရာအိုကေ ၂လုံး၊ ဆီပေပါ ၁၂၀လုံး၊ ၎င်း အနက် ကားအစီး ၄၀ခန့်နှင့် ဆီပေပါ ၁၂၀ကို မီးရှို့ ဖျက်ဆီးနိုင်ခဲ့သည်။

### ဖားအံခရိုင် တပ်မဟာ (၇)နယ်မြေ

တိုက်ပွဲပေါင်း (၅၉)ကြိမ် ဖြစ်ပွား၊ နအဖဘက်မှ ၈၉ဦး ကျဆုံး၊ ၁၆၈ဦး ဒဏ်ရာရ၊ ၄ဦး လက်နက်ချ၆ဦး အရှင် ဖမ်းဆီးရမိ၊ ကာဘိုင် ၄လက်၊ AK ၃ လက်၊AR ၄လက်၊M-79 ၂လက်RPG ၂လက်၊ လက်ပစ်ဗုံး ၂လုံး၊လမ်းလျှောက် စကားပြောစက် ၁လုံး၊ AKကျည် ၃၈၈ တောင့်၊ ကျည်ကပ်မျိုးစုံ ၃၄ချပ်၊ AR ကျည် ၇၂၉တောင့်၊ ကာဘိုင်ကျည် ၅၇၇ တောင့်၊ M-79 ဗုံးသီး ၂၁ လုံး၊RPG ဗုံးသီး ၉လုံး၊ MA ကျည် ၂၀၁တောင့်၊ ခွင်းဗုံးသီး ၃လုံးကို ကေအဲန်အယ်လ် အေမှ သိမ်းဆည်းနိုင်ခဲ့သည်။ ကေအဲန်အယ်လ်အေဘက်မှ ၃ဦး ကျဆုံး၊ ၇ဦး ဒဏ်ရာရ၊၁ဦး လက်နက်ချသွားခဲ့သည်။

ကေအဲန်အယ်လ်အေနှင့် ဒီကေဘီအေတပ်ဖွဲ့ဝင်များ၏ တိုက်ပွဲပေါင်း ၂၃ကြိမ် ဖြစ်ပွား၊ ဒီကေဘီအေ ၁၉ ဦးကျဆုံး၊ ၄၁ဦးဒဏ်ရာရ၊ ၁၆ဦး ကေအဲန်အယ်အေဘက် သို့ လာရောက်ပူး ပေါင်းခဲ့သည်။

နအဖအချင်းချင်း မှားယွင်း ပစ်ခတ်မှု ၁ကြိမ်၊ ၃ဦးကျဆုံး၊၁ဦး ဒဏ်ရာ ရ။ ဒီကေဘီအေနှင့် နအဖတိုက်ပွဲ ၃ကြိမ် ဖြစ်ပွား၊ ဒီကေဘီအေ ၄ဦးကျဆုံး၊ ၅ဦး ဒဏ်ရာရ၊ ကား ၁စီး ပျက်ဆီး၊ AR ၂လက် ဆုံးရှုံး။

### ဗဟိုတပ်ရင်း (၁၀၃)(၂၀၁)၊ (၂၀၂)နယ်မြေ

တိုက်ပွဲပေါင်း (၁၈)ကြိမ် ဖြစ်ပွား၊ နအဖဘက်မှ ၃၄ဦးကျဆုံး၊ ၈၄ဦး ဒဏ် ရာရ၊ ၁ဦး အရှင်ဖမ်းမိ၊ AK ၁၁လက်၊ AR ၂လက်၊ လမ်းလျှောက်စကားပြော စက် ၁လုံး၊ AK ကျည် ၄၇၉တောင့်၊ ကျည်ကပ်မျိုးစုံ ၁၉ချပ်၊ AR ကျည် ၅၀တောင့်ကို ကေအဲန်အယ်အေမှ သိမ်းဆည်းရမိသည်။ကား ၁စီး ဖျက်ဆီးနိုင်ခဲ့သည်။ ကေအဲန်အယ်လ်အေဘက်မှ ၇ဦး ကျဆုံး၊ ၁၀ဦး ဒဏ်ရာရ၊၇ဦးလက်နက်ချ၊ ၁ဦး အရှင်ဖမ်းမိ၊ ကာဘိုင် ၁လက်၊AK ၃လက်၊ လမ်းလျှောက်စကားပြောစက် ၂လုံး ဆုံးရှုံးခဲ့ရသည်။

❖

# လူ့အခွင့်အရေးချိုးဖောက်မှုသတင်းများ

## ဘိတ်–ထားဝယ်ခရိုင်

**ဇွန်လ (ပထမပတ်)။ ။** နအဖ ခလရ(၆၁)မှတပ်ဖွဲ့ဝင်များသည် ရေးမြို့နယ်ရှိအလုပ်သမား ၂၄ ယောက်ကို အခ ကြေးငွေပေး၍ငှားရမ်းခဲ့သော်လည်း၊ အရှေ့မြို့ဟောင်းနှင့်ကာလိကျေးရွာရှိရွာသား ၅၀ တို့ဟာလုပ်အားခ မပေးချော်ချော်တပ်ဆွဲ ခိုင်းစေခဲ့ ကြောင်းဖြင့်၊ မွန်သတင်းအေဂျင်စီ၏ သတင်းတပုဒ်အရသိရှိ ရသည်။ ရေးမြို့နယ်အလုပ်သမား ၂၄ ယောက်အတွက် လုပ်အားခငွေကိုလည်း ရွာသူရွာသားများထံမှအတင်းအဓမ္မကောက်ခံရယူခဲ့ကြောင်းလည်း ဖော်ပြထား သည်။

**ဇွန်လ ၁၅ ရက်။ ။** အထက်ပါသတင်းအေဂျင်စီ၏ ဖော်ပြချက်အရ ကာလိပုတ်ကျေးရွာရှိတပ်ဖွဲ့ဝင်များအပါအဝင် ကရင်အမျိုးသမီး ၅ ဦးကိုလည်း ခြေလျင်တပ်ရင်း ၃၄၃ တပ်ဖွဲ့ဝင်များက ဖမ်းဆီးခေါ်ဆောင်သွားပြီး ဇူလိုင်လ ၉ ရက်နေ့တွင်မှ ပြန်လွှတ်ပေးခဲ့ကြောင်းသိရှိရသည်။ အဆိုပါအမျိုးသမီး ၅ ဦးလုံးအားတပ်ရင်းနှင့်အတူသွားလေရာသို့ ခေါ်ဆောင်သွားပြီးကိုယ်ထိလက်ရောက်အဓမ္မပြုကျင့်မှုများပြုလုပ်ခဲ့ကြောင်းဖြင့်သိရှိရသည်။

**ဇွန်လ ၁၆ ရက်။ ။** ဖော်ပြပါတပ်ရင်း ၃၄၃ မှ ဗိုလ်ကြီးလေးဦး ဦးဆောင်သည့်တပ်ဖွဲ့ဝင်များသည် ရေးမြို့နယ်တောင်ပိုင်း ကုတ်လိုင်ရွာသားနှစ်ဦးအားသူပုန်များနှင့် ဆက်သွယ်သည်ဟူသောစွပ်စွဲချက်နှင့် သေနတ်ဖြင့်ပစ်သတ်ခဲ့ပြီး ထိုရွာမှ အမျိုးသမီးသုံးဦးကိုလည်း နှိပ်စက်ညှင်းပမ်းအဓမ္မပြုကျင့်ခဲ့ကြောင်း ၎င်းသတင်းအေဂျင်စီမှပင်ဖော်ပြခဲ့သည်။

ထိုမျှမက အသက် ၆၀ နှစ်အရွယ်ရှိပြီဖြစ်သော မွန်အမျိုးသမီးကြီးနှစ်ဦးကိုလည်း လက်နက်ကိုင်မွန်သူပုန်များအား ထောက်ပံ့နေသည်ဟူသောစွပ်စွဲချက်ဖြင့် လယ်ကွင်းပြင်ထဲတွင်ရက်စက်စွာနှိပ်စက်ညှင်းပမ်းခဲ့ကြောင်းသိရှိရသည်။ ထို့နောက် ကုတ်လိုင်ရွာမြောက်ပိုင်းနေအသက် ၃၅ နှစ်အရွယ်ရှိ နိုင်ဘိုကိုလည်း ဈေးအလယ်ရွာသူရွာသားများ၏ရှေ့တွင်ဗိုလ်ကြီးလေးဦးကဓါးနှင့်မသေမချင်းထိုးသတ်ပြခဲ့ကြောင်းလည်း ဖော်ပြထားသည်။

ထိုညနေပိုင်းတွင် ၃၅ နှစ်အရွယ်ရှိနိုင်ယိုင်ကိုလည်းသူပုန်များ၏သတင်းကိုမပေးနိုင်သည့်အတွက်ဟုဆိုကာသေနတ်နှင့်ပစ်သတ် သွားခဲ့ပြီး၊ ၎င်း၏ဇနီး ကိုလည်းရိုက်နှက်သွားခဲ့ကြောင်းဖြင့်သတင်းများရရှိသည်။

## နယ်စပ်တိုက်ပွဲများကြောင့် ဒုက္ခသည်၂၀၀ခန့်ထိုင်းနယ်စပ်သို့ထွက်ပြေးလာခြင်း

ပြီးခဲ့သည့် ရက် အနည်းငယ်က ကေအဲန်ယူတပ်ဖွဲ့ဝင်များသည် နအဖနှင့်ဒီကေဘီအေ ပေါင်းထားသောအဖွဲ့များနှင့်တိုက်ပွဲဖြစ်ပွားခဲ့ခြင်းကြောင့် ၎င်းဒေသအနီးနေထိုင်ကြသည့် ကရင်ဒုက္ခသည် ၂၀၀ ခန့်တို့မှာ ထိုင်းမြန်မာနယ်စပ်ကို ဖြတ်ကျော်ထွက်ပြေးလာခဲ့ကြသည်။

အဆိုပါဒုက္ခသည်များအား ထိုင်းအစိုးရတာဝန်ရှိသူများက တာဆောင်ခရိုင်၊နောင်ဘိုးရွာတွင် ခေတ္တနေထိုင်ခွင့် ပေးထားကြောင်း ၊ သိရပြီး၊ကယ်ဆယ်ရေးအဖွဲ့များနှင့် မယ်လဒုက္ခသည်စခန်းအနီးရှိ ထိုင်းအရာရှိများက ထွက်ပြေးတိမ်းရှောင်လာခဲ့ကြသူများအား ကူညီခဲ့ကြကြောင်း ဇူလိုင် ၁၉ ရက်နေ့ထုတ်နေးရှင်းသတင်းစာတွင် ဖော်ပြထား သည်။

တိုက်ပွဲဖြစ်ပွားချိန်အတွင်း ၆၀ မီလီမီတာမော်တာအမြောက်ဆံနှစ်ခု ထိုင်းနယ်စပ်ကိုကျော်၍ကျရောက်လာသော်လည်းတစုံတရာထိခိုက်ဒဏ်ရာရမှုမရှိကြောင်းအဆိုပါသတင်းစာတွင်ရေးသားဖော်ပြထားသည်။

## ကြံဖွတ်အတွက်အကျဉ်းသားများ အသုံးချခံနေရ

ဇူလိုင်လ (၇) ရက်နေ့က ပြည်ထဲရေးဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်သည် ကော့သောင်းအကျဉ်းထောင်သို့ ရောက်ရှိလာပြီး အကျဉ်းသား (၂၉၁) ဦးတို့အား မွေးမြူရေး လုပ်ငန်းများ တိုးချဲ့လုပ်ဆောင်ရန် ညွှန်ကြားသွားကြောင်း သိရသည်။ အဆိုပါ အကျဉ်းသားများသည် အကျဉ်းထောင်သစ် ဆောက်လုပ်ရာတွင် အလုပ်ကြမ်းမှန်သမျှ မနားမနေလုပ်ဆောင်ပေးနေရသလို ထောင်တွင်းထောင်ပြင်ရာသီအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ၌လည်း တနေကုန် ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်ပေးနေရကြောင်းလည်း သိရသည်။

အခြို့သောလုပ်ငန်းများမှာ အကျဉ်းဦးစီး ဌာနပိုင်မဟုတ်ပဲ ပြည်ထဲရေးဝန်ကြီးဌာနမိသားစု သက်သာချောင်ချိရေး အတွက်ဖြစ်ပြီး၊ ထိုလုပ်ငန်းများမှ ရရှိသောငွေများဖြင့် ကြံ့ဖွံ့တ် အသင်းအတွက် ရံပုံငွေ သိန်းနှစ် ဆယ် ထုတ်ပေးနိုင်ခဲ့ ကြောင်းဖြင့် လည်း သိရသည်။

❖

## နအဖ နှင့် ဒေါ်အောင်ဆန်းစုကြည်တို့အကြား တွေ့ဆုံဆွေးနွေးခြင်းနှင့် ပတ်သက်၍ ကရင်အမျိုးသားအစည်းအရုံး၏ ထုတ်ပြန်ကြေညာချက်

သက္ကရာဇ်၊၂၀၀၁ ခုနှစ်၊ ဇူလိုင်လ(၄)ရက်

သက္ကရာဇ် ၂၀၀၀ ခုနှစ် အောက်တိုဘာလလောက်မှစ၍ နအဖသည် ဒေါ်အောင်ဆန်းစုကြည်နှင့် လျှို့ဝှက်စွာ တွေ့ဆုံဆွေးနွေးနေကြောင်း ကမ္ဘာ့ကုလသမဂ္ဂကိုယ်စားလှယ် မစ္စတာ ရာဇာလီအစ္စမိုင်းထံမှတဆင့် သိရှိခဲ့ရသည်။ သို့ရာတွင် ဤတွေ့ဆုံဆွေးနွေးမှုနှင့်ပတ်သက်သည့် အခြေအနေအကြောင်းအရာများကိုမူ မည်သူမျှ မည်မည်ရရသိရှိနိုင်ခြင်း မရှိခဲ့ချေ။ ဤကိစ္စများနှင့်ပတ်သက်၍ ကရင်အမျိုးသားအစည်းအရုံး၏သဘောထားကို အောက်ပါအတိုင်း ထုတ်ပြန်လိုက်ပါသည်။

၁။ မြန်မာပြည်သည် ကမ္ဘာပေါ်တွင် အေးချမ်းတည်ငြိမ်မှုအကင်းမဲ့ဆုံး နိုင်ငံတနိုင်ငံဖြစ်နေပြီး၊တိုင်းပြည်၏ အခြေခံနိုင်ငံရေးပြဿနာများကို တရားမျှတစွာ ဆွေးနွေး ဖြေရှင်းရန် အထူးလိုအပ်နေသည့် နိုင်ငံဖြစ်သည်။ဤသို့ ဆွေးနွေးဖြေရှင်းရန် ကမ္ဘာ့ကုလသမဂ္ဂနှင့်တကွ ပြည်တွင်းပြည်ပနှစ်ရပ်စလုံးကလည်း အမြဲတစေ တိုက်တွန်းတောင်းဆိုလာခဲ့သည်။သို့ရာတွင် ဤသို့ဆောင်ရွက်ရန် နအဖ က အစဉ်တစိုက်ငြင်းဆန်လာခဲ့သည်။ ဤအခြေအနေတွင် နအဖနှင့် ဒေါ်အောင်ဆန်းစုကြည်အကြား ထိတွေ့ဆွေးနွေး ဖြစ်ထွန်းလာခြင်းကို ကရင်အမျိုးသားအစည်းအရုံးက ကြိုဆိုသည်။

၂။ နအဖနှင့် ဒေါ်အောင်ဆန်းစုကြည်အကြား တွေ့ဆုံဆွေးနွေးမှုသည် ယခုအခါ တနှစ်နီးပါး ရှည်ကြာခဲ့ပြီဖြစ်သော်လည်း ဤတွေ့ဆုံဆွေးနွေးမှုနှင့်ပတ်သက်သည့် အကြောင်းအရာအခြေအနေများကို မည်သူမျှ မယ်မယ်ရရ သိရှိနိုင်ခြင်း မရှိသေးချေ။ နအဖသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်အချို့ နိုင်ငံရေးအကျဉ်းသားအချို့ကို လွှတ်ပေးခဲ့သော်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်နှင့် နိုင်ငံရေးအကျဉ်းသား ထောင်ပေါင်းများစွာ ဆက်လက်၍ အကျဉ်းချခံနေရပြီး ယင်းတို့၏ထောင်တွင်းအခြေအနေ အလွန်ဆိုးဝါးလျက်ရှိသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဌာနချုပ်ရုံးနှင့် ပြည်နယ်၊ မြို့နယ်ရုံးအနည်းငယ်ကို ဖွင့်ခွင့်ပြန်ပေးခဲ့သော်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ တရားဝင် ရပ်တည်စည်းရုံးလှုပ်ရှားခွင့်ကို တင်းကျပ်စွာ ပိတ်ပင်ဖိနှိပ်ထားဆဲဖြစ်သည်။ လူမျိုးစုများကိုလည်း ဆက်လက်၍ ထိုးစစ်ဆင်နေပြီး ပြည်သူများကို မတရားဖိနှိပ်စေခိုင်းနေဆဲဖြစ်သည်။ ဤလုပ်ရပ်အားလုံးသည် တိုင်းပြည်၏ အခြေခံနိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် မျှတစွာ ဆွေးနွေးဖြေရှင်းရမည့် ဦးတည်ချက်နှင့် ဖီလာဆန့်ကျင်ဖြစ်လျက်ရှိသည်။

၃။ နအဖနှင့် ဒေါ်အောင်ဆန်းစုကြည်တို့အကြား တွေ့ဆုံဆွေးနွေးမှုသည် တနှစ်နီးပါးရှည်ကြာလာခဲ့သော်လည်း ဤတွေ့ဆုံဆွေးနွေးမှုသည် အနှစ်သာရရှိသည့် တွေ့ဆုံဆွေးနွေးမှု၊ စစ်မှန်သော တွေ့ဆုံဆွေးနွေးမှုအဖြစ် သတ်မှတ်ရန် မည်သို့မျှ မဖြစ်နိုင်သေးချေ။ တွေ့ဆုံဆွေးနွေးမှုသည် ခိုင်မာစစ်မှန်သော တွေ့ဆုံဆွေးနွေးမှုဖြစ်စေရန် တိုင်းပြည်၏ အခြေခံနိုင်ငံရေးပြဿနာအားလုံး ပြီးပြတ်ပြေလည်နိုင်စေသည့် ဘက်(၃)ဘက်တွေ့ဆုံဆွေးနွေးပွဲအဆင့်အထိ ဖြစ်ထွန်းသွားနိုင်စေရန် လိုအပ်နေဆဲဖြစ်သည်။ ထို့ကြောင့် ဘက်အသီးသီးမှနေ၍ ဆက်၍ တိုက်ပွဲဝင်ကြိုးပမ်းကြရန် လိုအပ်နေဆဲဖြစ်သည်။

နိဂုံးအနေဖြင့် အနှစ်သာရရှိသည့် စစ်မှန်သောတွေ့ဆုံဆွေးနွေးပွဲ ဖြစ်ထွန်းလာစေရန်အတွက် ပြည်တွင်း ပြည်ပနှစ်ရပ်လုံးမှ ဆက်လက်၍ ပြင်းထန်စွာ တိုက်ပွဲဝင်ကြိုးပမ်းကြရန် လိုအပ်နေသည်ဖြစ်ရာ တက်ညီလက်ညီကြိုးပမ်းကြရန် တိုက်တွန်းလိုက်ပါသည်။

❖




## အင်ဒိုနီးရှားနိုင်ငံလွတ်လပ်ရေးဖခင်ကြီး၏သမီးမက်ဂါဝတီဆူကာနိုပူထရီသမတသစ်အဖြစ်ကျမ်းသစ္စာကျိန်ဆို

အင်ဒိုနီးရှားနိုင်ငံ၏စတုတ္ထမြောက် သမတအဖြစ် ၁၉၉၉ ခုနှစ်က ဒီမိုကရေစီနည်းလမ်းအရ ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသော ခေါင်းဆောင်အဗ္ဗဒူရာမန်ဝါဟစ်အား စစ်တပ်ကထောက်ခံသည့် အထူးပါလီမန်အစည်းအဝေး၌ ကန့်ကွက်မဲမရှိ ဖြုတ်ချခဲ့ပြီးနောက် ထင်ရှားသော နိုင်ငံရေးခေါင်းဆောင် တဦးဖြစ်သူ မစ္စက်မက်ဂါဝတီဆူကာနို ပူထရီအား သမတသစ်အဖြစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် တညီတညွတ်တည်း ရွေးချယ် တင်မြှောက်ခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ၏ ပဉ္စမမြောက်သမတသစ်ဖြစ်လာသူ မစ္စစ်မက်ဂါဝတီသည် ဒတ်ချ်ကိုလိုနီလက်အောက်ခံဘဝမှ အင်ဒိုနီးရှားနိုင်ငံကို လွတ်လပ်ရေး ရရန်ကြိုးပမ်းဆောင်ရွက်ခဲ့သူ ဗိုလ်ချုပ်ကြီး ဆူကာနို၏သမီးအကြီး ဆုံးဖြစ်ပြီး၊ ၁၉၉၆ ခုနှစ်တွင် အင်ဒိုနီးရှား သမတဖြစ်သူဆူဟာတို၏ လက်ကိုင်စစ်တပ်မှငင်း၏ပါတီဌာနချုပ်အား ဝင်ရောက်တိုက်ခဲ့ရာမှ နာမည်ထင်ရှားလာကာ သူ့အားအတိုက်အခံခေါင်းဆောင်အဖြစ် လူသိများလာခဲ့သူဖြစ်သည်။

ထိုကဲ့သို့ဒုတိယသမတမစ္စစ်မက်ဂါဝတီအား အင်ဒိုနီးရှားကွန်ဂရက်လွှတ်တော်မှ မစ္စတာဝါဟစ်နေရာတွင် ကန့်ကွက်မဲမရှိရွေးကောက်တင်မြှောက်ခဲ့ခြင်းကို မစ္စတာဝါဟစ်ကငြင်းဆန်လိုက်ပြီး မိမိသာ တရားဝင်သမတဖြစ်ကြောင်းဖြင့် ထုတ်ဖော်ပြောကြားခဲ့သည်ဟု သူ၏ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်ကရှင်းပြခဲ့သည်။

သို့ရာတွင် အဂတိလိုက်စားမှုများနှင့် နိုင်ငံကို အရည်အချင်းပြည့်မီစွာမအုပ်ချုပ်နိုင်မှုစွပ်စွဲချက်များဖြင့် သမတရာထူးမှ ဖယ်ရှားခံခဲ့ရသော မစ္စတာဝါဟစ်မှ ယခုအခါ သမတနန်းတော်မှဖယ်ရှားပေးတော့မည် ဖြစ်ကြောင်းပြောဆိုသွားသည်။

ယခုကဲ့သို့ မစ္စစ်မက်ဂါဝတီ သမတသစ်ဖြစ်လာခြင်းအပေါ် အမေရိကန်သမတဂျော့ဘုရှ်အပြင် ဂျပန်၊ဩစတေးလျ၊ အာဆီယံနှင့် ဥရောပသမဂ္ဂအဖွဲ့ကြီးများကလည်း အသိအမှတ်ပြုကြိုဆိုခဲ့ကြောင်းသိရသည်။

အင်ဒိုနီးရှားနိုင်ငံ၏ပထမဆုံး သမတဖြစ်ခဲ့သူလွတ်လပ်ရေးဖခင်ခေါင်းဆောင်ကြီးဗိုလ်ချုပ်ကြီးဆူကာနို၏သမီးဖြစ်သူ မစ္စစ်မက်ဂါဝတီဆူကာနိုပူထရီသည်ဇူလိုင်လ(၂၃)ရက်နေ့မှာပင်ကိုရမ်ကျမ်းစာအုပ်ကို ခေါင်းထက်မိုး၍ ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီဖြစ်သည်။

❖❖❖



o;wopfruf*g0gwDusrf;opEmusdefopkaepOf

## ထိုင်းမြန်မာနှစ်နိုင်ငံလက်နက်အပြိုင်တစ်ဆင်

### MIG-29 လေယာဉ်များ နအဖက အလောတကြီးဝယ်ယူနေ

မကြာသေးမီကာလအတွင်းက ထိုင်းမြန်မာနယ်စပ်အရေးတွင် မြန်မာနိုင်ငံနယ်နမိတ်အတွင်းသို့ ထိုင်းတော်ဝင်လေတပ်မတော်မှအမေရိကန်လုပ် F-16 လေယာဉ်များ ပျံသန်းကျူးကျော်မှုပြုခဲ့ သည့်အပေါ် မခံချိမခံသာဖြစ်နေခဲ့သည့် နအဖ စစ်အစိုးရသည် လေတပ်အင်အား ချိန်ခွင်လျှာညီမျှနိုင်ရန်မျှော်ကိုး၍ ရုရှားနိုင်ငံလုပ် MIG-29 တိုက်လေယာဉ် ၁၀ စီးအား ဝယ်ယူနိုင်ရန် ကြိုးပမ်းခဲ့ကြောင်း အမေရိကန်အထက်လွှတ်တော်အမတ် တဦးဖြစ်သူ Mitchell Mc Connell က Jane's Defence စာစောင်ပါ ဖော်ပြချက်ကို ကိုးကား၍ အမေရိကန်အထက် လွှတ်တော်တွင် လွန်ခဲ့သောတပတ်ခန့်က ပြောကြားခဲ့ကြောင်းဖြင့်သိရသည်။

MIG-29





AIM-30

စာမျက်နှာ(၄)ကော်လံ(၁)သို့⇔

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးများ ပြန်လည်ဖွင့်လှစ်

**ယခင် အပိတ်အဖျက်ခံရခြင်းမရှိသော ရန်ကုန်တိုင်းအတွင်းရှိမြို့နယ်များ**

| | |
|---|---|
| ကျောက်တံတား | |
| သံလျင် | အင်းစိန် |
| သာကေတ | ရွှေပြည်သာ |
| မရမ်းကုန်း | အလုံ |
| ဒဂုန်မြို့သစ် | စမ်းချောင်း |

**ယခု အသစ်ထပ်မံဖွင့်လှစ်ခွင့်ရသော မြို့နယ်များ**

| | | |
|---|---|---|
| | တိုက်ကြီး | ၂၈–၆–၀၁ |
| သုံးခွ | မှော်ဘီ | ၂၉–၆–၀၁ |
| တွံတေး | လှိုင် | |
| တာမွေ | ကွမ်းခြံကုန်း | |
| ကျောက်တန်း | ကော့မှူး | |

## စစ်အာဏာရှင်ချုပ်မှူးကြီး ဗိုလ်ချုပ်ကြီးဟောင်း နေဝင်း အိမ်ပြောင်းပြီ

မြန်မာနိုင်ငံ၌ စစ်အာဏာရှင်စနစ်ကို စတင်ပျိုးထောင်ခဲ့သူ၊ ၁၉၆၂ ခုနှစ် အာဏာသိမ်းစစ်ခေါင်းဆောင်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဥက္ကဌ



စစ်အာဏာရှင်ချုပ် ဗိုလ်နေဝင်း

ဟောင်းသည် ယူဂိုဆလားဗီးယား အာဏာရှင်ဟောင်း ဆလိုဗိုဒမ် မီလိုဆီဗစ် ကဲ့သို့ နိုင်ငံတကာခုံရုံးအတင်ခံရဖွယ်ရှိရာ နအဖ စစ်အုပ်စုအား နောက်ကွယ်မှကြိုးကိုင်နေသူ စစ်အာဏာရှင် ချုပ်မှူးကြီး ဗိုလ်ချုပ်ကြီးဟောင်း နေဝင်းသည် ရန်ကုန်မြို့ရှိ အေဒီလမ်း နေအိမ်မှ သမီးဖြစ်သူ စန္ဒာဝင်းနေထိုင် ရာ မှော်ဘီတပ်ဝင်းအတွင်းရှိ နေအိမ် သို့ ပြောင်းရွှေ့သွားပြီဟု ရန်ကုန်မှရရှိသော သတင်းများအရ သိရသည်။

နှစ်အတော်ကြာနေထိုင်ခဲ့သော ရန်ကုန်မြို့ရှိ အေဒီလမ်းနေအိမ်ကို စစ်တပ်သို့ပြန်အပ်ခဲ့သည့်အပြင် ငပလီရှိ ယင်းပိုင်ဆိုင်သော အုန်းခြံကိုလည်း စစ်တပ်သို့ ပြန်အပ်လိုက်ကြောင်း သတင်းများက ဆိုသည်။

ယခုအခါ ဗိုလ်ချုပ်ကြီးဟောင်း နေဝင်း ပြန်အပ်ခဲ့သည့် ငပလီရှိအုန်းခြံကို နအဖစစ်အုပ်စုက စိတ်ခံစစ် စစ်ဆင်ရေး သင်တန်းကျောင်းအဖြစ် ဖွင့်လှစ်ထားသည်ဟု သိရသည်။

နှစ်ရှည်လများနေထိုင်ခဲ့သည့် အေဒီလမ်းနေအိမ်မှ သမီးဖြစ်သူ စန္ဒာဝင်း နေထိုင်သည့် မှော်ဘီတပ်ဝင်းအတွင်း နေအိမ်သို့ မည်သည့်အကြောင်း ကြောင့် ဗိုလ်ချုပ်ကြီးဟောင်း နေဝင်း ပြောင်းရွှေ့သွားသည်ကိုမူ မသိရသေးသော် လည်း စစ်တပ်နှင့်နီးစပ်သော အသိုင်းအဝိုင်းကြားတွင်မူ အမျိုးမျိုး ထင်ကြေးပေးလျက်ရှိကြောင်း၊သတင်းများကဆိုသည်။

**ယူဂိုဆလားဗီးယား အာဏာရှင်ဟောင်း ဆလိုဗိုဒမ် မီလိုဆီဗစ်**



# မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

BINA
Burma's Independent News Agency
မြန်မာနိုင်ငံ လွတ်လပ်သည့် သတင်း အေဂျင်စီ

**မိုးကြိုး သတင်းစဉ် အမှတ် (၂၁)**




**၁၉-၇-၂၀၀၁ခုနှစ်၊ (၅၄)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ပြောကြားသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သဘာပတိ၏ အဖွင့်အမှာစကား**

အားလုံးမင်္ဂလာပါခင်ဗျား....

၁။ ယနေ့ဟာ (၅၄)နှစ်မြောက် အာဇာနည်နေ့ဖြစ်ပါတယ်။ ၁၉၄၇ခုနှစ် ဇူလိုင်လ (၁၉)ရက်နေ့တွင် ကျနော်တို့ မြန်မာအစိုးရအဖွဲ့ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အခြားခေါင်းဆောင်များဖြစ်ကြသော သခင်မြ၊ ဦးဘချို၊ ဦးရာဇတ်၊ ဦးဘဝင်း၊ မန်းဘခိုင်၊ မိုင်းပွန်စော်ဘွားကြီးစပ်စံထွန်းတို့နှင့်အတူ အတွင်းဝန်ဦးအုန်းမောင်၊ သက်တော်စောင့်ရဲဘော်ကိုထွေးတို့သည် လက်နက်အားကိုးအကြမ်းဖက် (အဓမ္မဝါဒီ) အာဏာရူးတို့၏ လုပ်ကြံသတ်ဖြတ်ခြင်းကိုခံလိုက်ရသည့်နေ့ဖြစ်ပါသည်။ ယနေ့တိုင်မမေ့နိုင်သည့် ဤကဲ့သို့ကြေကွဲဝမ်းနည်းဖွယ်ရာအဖြစ်ဆိုးဖြစ်ရပ်မျိုးတို့နှင့်တိုင်းသူပြည်သားအများတို့ ကြုံတွေ့ခံစားနေရဆဲ ငိုကြွေးနေရဆဲဖြစ်ပါသည်။

ဤဇူလိုင် (၁၉)ရက်နေ့ အကျိုးဆက်များကိုလေ့လာပါက အထင်အရှားကြုံခဲ့ရပြီမို့ အကျယ်မပြောလိုတော့ပါ။ တိုင်းသူပြည်သားလူအများတို့သည် အာဇာနည်ခေါင်းဆောင်ကြီးများမှ ကိုယ်ကျိုးမဖက်အသက်ကိုစွန့်၍ အများပြည်သူတို့၏ဆန္ဒကိုပြည့်ဝစေရန် ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့်အစွမ်းကုန်ကြိုးပမ်းသွားခဲ့ကြသည်များကိုသတိရတမ်းတနေမိကြပါသည်။ ဒုက္ခပင်လယ်ဝဲဂယက်ကြားမှရုန်းကန်ရတိုင်းအကယ်၍သာဗိုလ်ချုပ်ရှိခဲ့လျှင် ဘယ်လိုများအားပေးစကားပြောမလဲဟုဗိုလ်ချုပ်၏မိန့်ခွန်းများကိုကြားယောင်နေကြမည်ဖြစ်ပါသည်။ တိုင်းသူပြည်သားလူအများသည်ကိုယ်ကျိုးကို မဖက်ပြည်သူများ၏အကျိုးကိုသာဦးစားပေး၍အသက်သေသည်အထိအနားမနေအလုပ်လုပ်သွားကြရှာသောအာဇာနည်ခေါင်းဆောင်ကြီးများကို နှမြောတမ်းတနေမိကြသည်မှာ အံ့ဩဖွယ်ရာမရှိပါ။

၂။ ဤကဲ့သို့ နိုင်ငံရေးသိက္ခာကြီးမားလှသည့် ခေါင်းဆောင်ကြီးများကြောင့် ပြည်သူအများမှာ အာရှတခွင်သာမက ကမ္ဘာ့အလယ်တွင်ပါ မျက်နှာမငယ်ရသည့်အပြင် ဂုဏ်ယူဝင့်ကြွားနိုင်ခဲ့ကြပါသေးသည်။ တချိန်က ကမ္ဘာ့ကုလသမဂ္ဂတွင် အတွင်းရေးမှူးချုပ်နေရာခန့်အပ်ရန်ကမ္ဘာ့အင်အားကြီးနိုင်ငံကြီးများအကြားအငြင်းပွားနေ၍အကျပ်အတည်းဖြစ်နေစဉ် မြန်မာ့နိုင်ငံရေးသိက္ခာကြောင့်မြန်မာနိုင်ငံမှကုလသမဂ္ဂဆိုင်ရာအမြဲတမ်းကိုယ်စားလှယ်ဦးသန့်အားအများသဘောတူ ကုလသမဂ္ဂ၏အတွင်းရေးမှူးချုပ်အဖြစ် ရွေးချယ်ခန့်အပ်ခဲ့ကြရသည်။

၁၉၄၅ခုနှစ်၊ မတ်လမှ ၁၉၄၇ခုနှစ်၊ ဇူလိုင်လ(၁၉)ရက်နေ့မတိုင်မီ မြန်မာ့သမိုင်းတွင်မကြုံစဖူး ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် (ဖဆပလ)အဖွဲ့ကြီးသည် အကြီးမားဆုံးစည်းလုံးညီညွတ်ဆုံးသော နိုင်ငံရေးအင်အားစုကြီးဖြစ်ခဲ့သည်။

မြန်မာ့သက္ကရာဇ် ၁၂၄၇ခု၊ တန်ဆောင်မုန်းလဆုတ် (၈)ရက်နေ့သည် ဗမာတွေစည်းကမ်းဖေါက်လို့ ထီးနန်းပျောက်ခဲ့ရသည့်နေ့မှစ၍ မြန်မာတို့မှေးမှိန်ခဲ့ရသည်။ ၁၉၄၅ခုနှစ် မတ်လ (၂၇)ရက်နေ့သည် ဖက်ဆစ်ဂျပန်ကို မြန်မာတိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာ တော်လှန်ခဲ့သည့်နေ့မှစ၍ မိမိနိုင်ငံအတွင်းတွင်သာမက ကမ္ဘာ့အလယ်တွင် ထင်ရှားလာခဲ့ရသည်။ ဖဆပလ တည်းဟူသော နိုင်ငံရေးအင်အားစုကြီးတရပ်ကိုပါ အောင်မြင်စွာတည်ဆောက်နိုင်ခဲ့သည်။

ဤနိုင်ငံရေးအင်အားစုကြီးသည် ၁၉၄၇ခုနှစ်၊ဇူလိုင်လ(၁၉)ရက်နေ့မှစ၍တစစအင်အားပြိုကွဲစေမည့်လက်နက်အားကိုးဝါဒဆိုး၏ မှိုင်းတိုက်ခြင်းကိုခံရလေသည်။ သမိုင်းတွင်ရစ်မည့် စည်းလုံးညီညွတ်မှုနှင့် နိုင်ငံရေးသိက္ခာတိုးတက်မှု အရှိန်သည်တန့်ရုံမျှမက ကျဆင်းခဲ့ရလေသည်။ ဖဆပလ တည်းဟူသောနိုင်ငံရေးအင်အားစုကြီးသည်ဝမ်းနည်းဖွယ်ကောင်းလောက်အောင်ပြိုကွဲရလေသည်။ နွားကွဲ၍ကျားကိုက်ခံရသည့်အဖြစ်သို့ ရောက်ရှိသွားရသည်။

၃။ ၁၉၆၂ခုနှစ် မတ်လ(၂)ရက်နေ့မှ စစ်တပ်မှအာဏာသိမ်းသည်နှင့် ဖဆပလအဖွဲ့နှင့်အတူ ပေါက်ပွားလာခဲ့သည့် သန့်ရှင်းနှင့်တည်မြဲ ဖဆပလတို့ မြန်မာ့နိုင်ငံရေးဇာတ်ခုံပေါ်မှ ပျောက်ကွယ်သွားသည်။ စစ်အစိုးရသည်(၇)ဇူလိုင် အရေး အခင်းတို့ကို ဖြိုခွင်းနိုင်သော်လည်း မဆလဆိုရှယ်လစ်အစိုးရသည် အံတုရင်ဆိုင်မှုများကို ဆက်လက်နှိမ်နင်းခဲ့ရသည်။ ၈-၈-၈၈ အရေးတော်ပုံကြီးကို ရင်ဆိုင်အပြီးတွင် ဆိုရှယ်လစ်အစိုးရပြုတ်ကျရလေသည်။ စစ်တပ်မှအာဏာသိမ်းပြန်သည်။

ဤဒုတိယအကြိမ် စစ်အစိုးရခေတ်တွင် တရားဝင်ရပ်တည်ခွင့်ရရှိထားသော နိုင်ငံရေးပါတီများရှိနေခြင်းသည် ထူးခြားချက်ဖြစ်သည်။ ပို၍ထူးခြားသည်မှာ တရားဝင်ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် ကိုယ်စားလှယ် (၈၀)ရာနှုန်းကျော်ရရှိထားသော ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် စစ်အစိုးရအား အတိုက်အခံအဖွဲ့အစည်းအနေဖြင့် ရပ်တည်နေနိုင်ခြင်းဖြစ်သည်။

တချိန်က အာဆီယံအဖွဲ့ဝင် စင်ကာပူနိုင်ငံ၏ဝန်ကြီးချုပ်ဖြစ်သူ ဂိုချောက်ထောင် မြန်မာနိုင်ငံအား အာဆီယံတွင် ပါဝင်ခွင့်ရရေး ကိုထောက်ခံသည့်အနေနှင့် မြန်မာနိုင်ငံသို့ရောက်ရှိလာသည်။ မြန်မာနိုင်ငံမှ မထွက်ခွါမီ မြန်မာနိုင်ငံ၏ အခြေအနေကို သုံးသပ်ပြခဲ့ရာတွင် ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံရေးအင်အားတရပ်ဖြစ်နေကြောင်းကို အတိအလင်း ပြောကြားခဲ့ပါသည်။

၄။ ကျနော်တို့ NLD ၏ နိုင်ငံရေးဂုဏ်သိက္ခာ မည်မျှတက်နေသနည်း။ တက်နေသည်ဟုယူဆနိုင်ပါသည်။ ယခုအချိန်တွင် ဆက်လက်ထိန်းထားရန်အရေးကြီးပါသည်။ စည်းရုံးရေးသည်ကျစ်လျစ်ခိုင်မာသိပ်သည်းဖို့ အထူးလိုအပ်ပါသည်။ ဆိုင်းဘုတ်များကို ခမ်းနားသိုက်မြိုက်စွာ တင်နိုင်ရေးထက်ပြည်သူလူထု အတွင်းသို့စည်းရုံးရေး မပြုမီအဖွဲ့ချုပ်အတွင်း ညီညွတ်မှုရရှိအောင် ဦးစွာကြိုးပမ်းအားထုတ်ဖို့လိုပါသည်။

ကျနော်တို့သည် အာဇာနည်ခေါင်းဆောင်ကြီးများကို လေးစားပါက မိမိတို့၏အားနည်းချက်များကို သတိရှိရှိ အမြန်ပြုပြင်ကြပါ။ အချိန်မှီသေးသည်ဟု ရိုးသားပွင့်လင်းစွာသတိပေးလိုပါသည်။ သို့သော် (၁၃)နှစ်အတွင်း ကြုံခဲ့ရသည့် ဝမ်းနည်းကြေကွဲဖွယ်ရာဖြစ်ရပ်များသည် သမိုင်းတွင် မော်ကွန်းတင်ရစ်နေမည်သာဖြစ်ပါသည်။ ဤ(၁၃)နှစ်အတွင်း ကျနော်တို့သည် မုန်တိုင်းများမည်မျှပင် ကြမ်းတမ်းစေကာမူ တွေ့ဆုံဆွေးနွေးအဖြေရှာရေးမှုကို ရင်ဝယ်ပိုက်ကာ သည်းခံစိတ်ရှည်၊ဇွဲသတ္တိတို့ဖြင့် ဖြတ်ကျော်ခဲ့ကြရပါပြီ။ အကယ်၍ကျနော်တို့သည် ၁၂၄၇ခုနှစ် တန်ဆောင်မုန်းလဆုတ် (၈)ရက်နေ့ကဲ့သို့ ဗမာတွေစည်းကမ်းဖေါက်လို့ ထီးနန်းပျောက်ခဲ့ရသလို စည်းဖေါက်ကြလျှင်လည်းကောင်း၊ ၁၉၆၂ခုနှစ် မတ်လ (၂)ရက် နေ့မတိုင်မီက နွားကွဲလို့ ကျားကိုက်ခံရသလိုနွားမကွဲကြလျှင် ကျနော်တို့ဆန္ဒပြင်းပြခဲ့သည့် စစ်မှန်သော ပြည်ထောင်စုဒီမိုကရေစီနိုင်ငံတော်ကြီးကို မကြာမီမြင်ကြရတော့မည်ဖြစ်ပါကြောင်း ပြောကြားလိုပါသည်။

ဤ (၅၄)နှစ်မြောက်အာဇာနည်နေ့အထိမ်းအမှတ်နေ့ကျင်းပနိုင်ရန်အဖက်ဖက်မှဆောင်ရွက်ကူညီပေးကြသူများ၊ တက်ရောက်အားပေးကြသူများအားလုံး အထူးကျေးဇူးတင်ရှိပါသည်ခင်ဗျား။

၁၃၆၃ခုနှစ် ပထမဝါဆိုလပြည့်ကျော် (၁၄)ရက်
၂၀၀၁ခုနှစ် ဇူလိုင်လ (၁၉)ရက်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ် (၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

Burma's Independent News Agency
မြန်မာနိုင်ငံ လွတ်လပ်သည့် သတင်း အေဂျင်စီ

# မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

**မိုးကြိုး သတင်းစဉ် အမှတ် (၂၁)**

## (၁)

ဗမာပြည်ကျောင်းသားလှုပ်ရှားမှုသမိုင်းမှာ "(၇) ရက်ဇူလိုင် အရေးတော်ပုံ" "ဇူလိုင်(၇) ရက် အရေးတော်ပုံ"ဆိုတာ ဘယ်တော့မှ ဖျောက်ဖျက်ပစ်လို့ မရနိုင်တော့တဲ့ မှတ်တိုင်ကြီးအဖြစ် ဥဒါန်းတွင် တည်ရှိခဲ့ပါပြီ။

ဒီအရေးတော်ပုံကြီးဟာ ဗမာပြည် ကျောင်းသားထုအတွက် တော်လှန်တဲ့၊ စစ်အာဏာရှင်စနစ် ဆန့်ကျင်သူ ပြည်သူလူထုအားလုံးအတွက် ထာဝစဉ်သတိရနေရမယ့် အရေးတော်ပုံကြီး ဖြစ်သလို ........

၅၈ ခုနှစ် စစ်အာဏာသိမ်းမှုနဲ့ ဝတ်စုံပြည့်ဇာတ်တိုက်လာခဲ့ပြီး "ရာဇပလ္လင်ကို ထာဝစဉ်လုယူထားရေး" အယုတ်တမာ ဇာတ်လမ်းရှည်ကြီးကို ကပြဖို့ ဗိန်းဗောင်းတိုက်သံနဲ့ ဖွင့်လိုက်တဲ့ စစ်အာဏာရှင်တသင်းရဲ့ ပွဲဦးထွက် ရက်ရက်စက်စက် သတ်ဖြတ်ပွဲကြီးလည်း ဖြစ်ပါတယ်။

ဒီအရေးတော်ပုံကြီးထဲမှာ ရှေ့တန်းအခန်းကဏ္ဍက ပါဝင်ခဲ့ကြတဲ့ ကျောင်းသားခေါင်းဆောင် အများစုဟာလည်း လက်ချိုးရေလို့ရလောက်အောင် နည်းသွားခဲ့ပါပြီ။တချို့တောထဲမှာ.... တချို့ အကျဉ်းထောင်တွေထဲမှာ ကျဆုံးသွားကြရှာပါပြီ။ ဒီ အရေးတော်ပုံကြီးထဲမှာ ကိုယ်တိုင်တွေ့ကြုံဖြတ်သန်းခဲ့ရသူတွေလည်း တဖြည်းဖြည်း နည်းနည်းလာပါပြီ။ အသက်ရှင်ကျန်နေသေးသူတွေဟာလဲ သက်ကြီးရွယ်အိုဘဝ ရောက်လာနေကြပါပြီ။

ကျနော့်လို သာမန်ကျောင်းသားဘဝနဲ့ ဇူလိုင်အရေးတော်ပုံကြီးကို ထိတွေ့ဖြတ်သန်းလိုက်ရတဲ့ ကျောင်းသားဟောင်းကြီးတွေတောင် တတိယအရွယ်ထဲ ဝင်လာနေပါပြီ။

ဒီလိုအချိန်မှာ ကျနော့်ရဲ့ ကျောင်းသားဘဝ ဖြတ်သန်းခဲ့ရမှုနဲ့ ကျနော်ကိုယ်တိုင် မျက်ဝါးထင်ထင် ပါဝင်ကြုံတွေ့ ခံစားခဲ့ရတဲ့ (၇) ရက် ဇူလိုင်အရေးတော်ပုံကြီးရဲ့ သမိုင်းဝင် ရုပ်ပုံကားချပ် တစိတ်တပိုင်းကိုလည်း မှတ်မှတ်ရရ ပြန်လည်ဖော်ကျူးတင်ပြချင်လာပါတယ်။

ဒါကြောင့် ကျနော်ကိုယ်တိုင် ကိုယ်တွေ့ဖြတ်သန်းလာခဲ့ရတဲ့ (၇) ရက် ဇူလိုင် အရေးတော်ပုံကြီးကို၊ ကျနော်ကိုယ်တိုင် ထိတွေ့ခံစားခဲ့ရတဲ့ ရှုဒေါင့်ကနေ ပြန်လည်မှတ်တမ်းတင် ဖော်ပြရင်း လေးလေးနက်နက်အထိမ်းအမှတ်ပြုလိုက်ပါရစေ ....

## (၂)

၁၉၆၁–၆၂စာသင်နှစ် ကျောင်းသားသစ် ဘဝပါ။

ကျနော်ဟာ အခန်းအမှတ် (၅၀)ပင်းယဆောင်မှာ နေရပါတယ်။ ကျောင်းရောက်စက ကျနော်တို့ ပင်းယဆောင်နဲ့ ဘေးချင်းကပ်၊ ပဲခူးကျောင်းဆောင် အလယ်ထပ် ဒေါင့်ခန်းအနီးမှာ ဗိုလ်ချုပ်အောင်ဆန်း ကျောင်းသားဘဝက နေထိုင်သွားခဲ့တဲ့ အခန်းကို မကြာခဏ သွားကြည့်မိပါတယ်။ ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်းရဲ့ကုတင်မှာ ဇာခြင်ထောင်လေး တင်ထားပုံ၊အိပ်ယာခင်းနဲ့ စောင်ကလေး ဖရိုဖရဲခေါက်ထားပုံ တို့ကို လက်ရာမပျက် မြင်ရပါတယ်။ စားပွဲပေါ်မှာလည်း နိုင်ငံရေးသိပ္ပံ စာအုပ်တွေနဲ့ ဝိဇ္ဇာတန်း စာအုပ် စာတမ်းတချို့ကို လက်ရာမပျက် အမှတ်တရအဖြစ် ပဲခူးဆောင်ကနေ တာဝန်ယူ ထိန်းသိမ်း ပြသပေးထားပါတယ်။

၁၉၆၂ ခုနှစ် မတ်လ (၂) ရက် ....

ဦးနုအစိုးရကို ဖြုတ်ချပစ်ပြီး ဗိုလ်နေဝင်းက အာဏာသိမ်းလိုက်ပါတယ်။ ကျနော်တို့ ကျောင်းသားထုအတွင်းမှာ ဝေဖန်သံတွေ စီစီညံလာခဲ့ရပါတယ်။ ကျနော်တို့ ကျောင်းသားထုရဲ့ "ဗကသ"က တရားဝင် ကန့်ကွက်ရှုတ်ချလိုက်ပါတယ်။

မေလဆန်းမှာ ဗိုလ်နေဝင်းက ရန်ကုန်တက္ကသိုလ် ကောင်စီဝင်များ ဖိတ်ခေါ်ပြီး၊**တက္ကသိုလ်ကျောင်းသားများကြား နိုင်ငံရေးပယောဂ ဝင် တယ်**လို့ စွပ်စွဲပြီး၊ တက္ကသိုလ်ကောင် စီကို ဖျက်သိမ်းလိုက်ပါတယ်။ ပါ မောက္ခချုပ် ဒေါက်တာသာလှ ရာထူး က ထွက်လိုက်ရတယ်။ ဒီနောက် စစ် ဗိုလ်ချုပ်များပါဝင်တဲ့ တက္ကသိုလ် ကောင်စီကို ပြန်လည်ဖွဲ့စည်းပြီး ဗိုလ်ချုပ်နေဝင်းရဲ့ဆရာရင်း ဦးကာကို ပါမောက္ခချုပ် ခန့်လိုက်တယ်။ပါမောက္ခချုပ် ဦးကာဟာ ခါးကြားမှာ ပစ္စတိုထိုးပြီး၊ အဓိပတိခန်းမကြီး ရုံးခန်းမှာ ရုံးထိုင်တယ်။ ရုံးတက် ရုံးဆင်းမှာလဲ ပစ္စတိုကို လူမြင်အောင်ထိုးထားတဲ့ ကိုယ်ရံတော် ဗိုလ်ကြီးတယောက်နဲ့ အဓိပတိလမ်းမကြီးဘေးက ပါမောက္ခချုပ် အိမ်ကို ပြန်တော်မူတယ်။

၁၉၆၂ခု ဇွန်လထဲမှာ တက္ကသိုလ် အဆောင်စည်းကမ်းများ ထုတ်ပြန်လာတယ်။ တက္ကသိုလ်ကျောင်းဆောင်များ ညအချိန်မှာ လွတ်လပ်စွာ သွားလာခွင့် မရှိတော့ဘူး။ ည ၉ နာရီလောက်မှာ သံတခါးပိတ် ထွက်လည်တဲ့ ကျောင်းသားတွေကို စာရင်းမှတ်တယ်။ နေထိုင်စားသောက်မှုတွေ ကန့်သတ်ချုပ်ချယ်လာတယ်။ အဆောင်နေ ကျောင်းသားကျောင်းသူများသာမက ဆရာ၊ ဆရာမများနဲ့ အဆောင်မှူးများပါ မကျေမနပ် ခံစားနေကြရတယ်။ ဇူလိုင်လ (၃)ရက်နေ့လောက်မှာ ကျောင်းသားသမဂ္ဂဦးစီးပြီး ကျောင်းသားထု အခွင့်အရေးနဲ့ပတ်သက်ပြီး သမဂ္ဂ အဆောက်အဦးမှာ ညှိနှိုင်း ဆွေးနွေးကြတယ်။ ကျောင်းသားထုက မတရားတဲ့ ကျောင်းဆောင်စည်းကမ်းများ ဖျက်သိမ်းပေးရန် အာဏာပိုင်များအား တောင်းဆိုတယ်။ ဇူလိုင်လ ၆ ရက်နေ့မှာတော့ ဗိုလ်ချုပ်နေဝင်း အစိုးရက တက္ကသိုလ်ကောင်စီ၊ တက္ကသိုလ်ဆီးနိတ်အဖွဲ့နဲ့ ကျောင်းဆောင်ကော်မတီများကို ပြန်လည် ဖွဲ့စည်းကာ ဝက်အူရစ် တင်းလာပြန်တယ်။ သူတို့ အလိုကျအဆောင်မှူး၊ ကျောင်းသား–ကျောင်းသူများကို ပွဲထုတ်လာတယ်။

ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂကလဲ စစ်အစိုးရက တက္ကသိုလ်ဆီးနိတ် ပြန်လည်ဖွဲ့စည်းတာနဲ့ ပတ်သက်ပြီး ညှိနှိုင်း ဆွေးနွေးကြတယ်။ ဇူလိုင် ၇ ရက် စနေနေ့မှာ ကျောင်းသားထုကြီး အစည်းအဝေးကြီး ပြုလုပ်ရန် ပြင်ဆင်ကြပါတယ်။

၆ ရက်နေ့ နေ့ခင်းကစပြီး သမဂ္ဂအဆောက်အဦး အပေါ်ထပ် အသံချဲ့စက်ကနေပြီး ခွပ်ဒေါင်းတေးသံများ၊ တကသ – ဗကသ သီချင်းများ၊ ၁၃၀၀ပြည့် ရေနံမြေအရေးတော်ပုံ သီချင်းများ ထုတ်လွှင့်နေပါတယ်။ **စစ်ကိုမလိုပြီ စစ်ကိုမလိုပြီ ငြိမ်းချမ်းရေးသာ.... ပေးသာ.... ပေးကြပါ** စတဲ့ သာယာလှတဲ့ ငြိမ်းချမ်းရေးတေးသံလဲ အဓိပတိလမ်းမကြီးမှာ ပဲ့တင် ထပ်နေတော့တယ်။ အဆောင်နေ ကျောင်းသူကျောင်းသားများနဲ့ ကျောင်းသားထု တရပ်လုံး ဇူလိုင် (၇) ရက် အစည်းအဝေးကြီးကို ပါဝင်တက်ရောက်ကြရန် ဆော်သြနေပါတယ်။ ညနေစာ စားပြီးရင်ပဲ အဆောင်ကျောင်းသား ကျောင်းသူတွေ သမဂ္ဂမြက်ခင်းပြင်ရှေ့မှာ၊ ဗိုလ်အောင်ကျော် ကျောက်တိုင်မှာ စုဝေးပြီး စကားတီးတိုးပြောဆို အနားယူနေကြတယ်။ တချို့ ကျောင်းသားများက အစည်းအဝေးအတွက် ကြွေးကြော်သံများ၊ပိုစတာများ ရေးနေကြတယ်။ ကျောင်းသားတချို့က သမဂ္ဂနံရံနဲ့ တက္ကသိုလ်ခြံစည်းရိုး မိန်းဂိတ် ကျောက်တိုင်မှာ ပိုစတာတွေ ကပ်နေကြတယ်။ တချို့က ခွပ်ဒေါင်းအောင်လံနဲ့ရောင်စုံအလံများကို သမဂ္ဂအဆောက်အဦးရှေ့နဲ့ အဓိပတိလမ်းမကြီးထိပ်မှာ လွှင့်ထူနေကြတယ်။ ကျောင်းသားကျောင်းသူတွေ အတွေးကိုယ်စီနဲ့ဇူလိုင် ၆ ရက်နေ့ညနေမှာ အလုပ်ရှုပ်နေကြပါတယ်။ သမဂ္ဂ စားသောက်ဆိုင်နဲ့ တကသ ဆံသဆိုင်တို့မှာလဲ ကျောင်းသား/သူတွေ ပြည့်လျှံနေတယ်။ ညဖက်မှာတော့ သမဂ္ဂမြက်ခင်းပြင်ရှေ့မှာ အပန်းဖြေ ရုပ်ရှင်ပြသပါတယ်။

ဇူလိုင် (၇) ရက် စနေနေ့ နံနက်ခင်းကစပြီး ခွပ်ဒေါင်းတေးများ တက္ကသိုလ်နယ်မြေတခုလုံး လွှင့်ပျံ့နေပါတော့တယ်။ နံနက် ၉ နာရီကျော်လောက်ကစပြီး ကျောင်းသူ ကျောင်းသားတွေ ကျောင်းသားသမဂ္ဂ အဆောက်အအုံ ရှေ့မှာ တဖြည်းဖြည်းစုဝေးရောက်ရှိ လာပါတယ်။အဆောင် ကျောင်းသူ ကျောင်းသားများ၊ပြင်ပ ကျောင်းသား ကျောင်းသူများ၊ဗကသ–ရကသ–နကသ ကျောင်းသားကိုယ်စားလှယ် များပါ စုံစုံညီညီ ရောက်ရှိလာကြ တယ်။သမဂ္ဂ အဆောက်အအုံရှေ့က ဗိုလ်အောင်ကျော် ကျောက်တိုင်မှာလဲ နီရဲတဲ့ ခွပ်ဒေါင်းအောင်လံကို မြင့်မြင့်မားမား စိုက်ထူထားတယ်။ နေရာအနှံ့ ရောင်စုံအလံများလဲ လွှင့်ပျံနေတယ်။ "မတရားတဲ့ အဆောင်စည်းကမ်းများ ဖျက်သိမ်းကြ"စတဲ့ နံရံကပ်ပိုစတာများ၊ ကျောင်းသားအခွင့်အရေး တောင်းဆိုတဲ့ ကြွေးကြော်သံပိုစတာများ နေရာတကာမှာ အစီအရီ ပိုစတာတိုက်ပွဲ ဆင်ထားကြပါတယ်။ ၁၀ နာရီကျော်လောက်မှာတော့ ဖိတ်ကြားထားတဲ့ ဧည့်သည်များ၊ ကျောင်းသားသမဂ္ဂ ခေါင်းဆောင်ဟောင်းများ၊တကသ အမှုဆောင်များ၊ လူမျိုးစု ကျောင်းသား ကိုယ်စားလှယ်များ၊ သဟာယနဲ့ စာဖတ်အသင်း အမှုဆောင်ကော်မတီများ သမဂ္ဂ အစည်းအဝေးခန်းမမှာ နေရာယူကြပါတယ်။ အစည်းအဝေးခန်းမကြီး တခုလုံး ကျောင်းသား ကျောင်းသူတွေနဲ့ ပြည့်လျှံနေပါတယ်။ ကျနော်နဲ့ သူငယ်ချင်းတစုက အစည်းအဝေးခန်းမရဲ့ နောက်ကြောဖက်မှာ နေရာယူကြတယ်။အစည်းအဝေးခန်းမ ပြည့်လျှံနေလို့ တချို့က သမဂ္ဂမြက်ခင်းပြင်ကနေ အစည်းအဝေးမိန့်ခွန်းတွေ နားထောင်နေကြရတယ်။

သမဂ္ဂအစည်းအဝေး စင်မြင့်ပေါ်က အုတ်နံရံမှာ ခွပ်ဒေါင်းအလံတော်ကို အလျားလိုက် ချိတ်ဆွဲထားတယ်။ရောင်စုံအလံများနဲ့ နံရံကပ်ပိုစတာများလဲ တခန်းလုံး ပြည့်နှက်နေပါပြီ။ ခွပ်ဒေါင်းအလံတော်ရဲ့အောက်မှာတော့ ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော် ရဲ့ ဓာတ်ပုံ၊ကျောင်းသားခေါင်းဆောင် ကိုဗဟိန်း၊ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်းတို့ရဲ့ ဓာတ်ပုံကြီးများ ချိတ်ဆွဲထားတယ်။ ကျောင်းသား ကျောင်းသူအားလုံး နေရာယူပြီးတာနဲ့ အစည်းအဝေး အခမ်းအနား စတင်ပါတယ်။

အခမ်းအနားမှူး ကျောင်းသားခေါင်းဆောင် ကိုသက်က အစည်းအဝေးကြီးဖွင့်လှစ်ကြောင်း ကြေညာတာနဲ့တပြိုင်နက် လက်ခုပ်လက်ဝါးသံများ၊ ကြွေးကြော်သံများ မိုးလုံးညံသွားပါတော့တယ်။ အခမ်းအနားစ စခြင်း ခွပ်ဒေါင်းအောင်လံကို အလေးပြုကြပါတယ်။ဒီနောက် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလမှာ ကျဆုံးသွားကြတဲ့ အာဇာနည် ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော်နဲ့ တကွ အာဇာနည်ကျောင်းသားရဲဘော်တွေကို ဦးညွှတ် အလေးပြုကြပါတယ်။ ခန်းမတွင်းက ကျောင်းသားထုကြီးလဲ အပ်ကျသံပင် ကြားနိုင်လောက်အောင် ခေတ္တ တိတ်ဆိတ်ငြိမ်သက်သွားတယ်။ ကိုသက်က **"ရဲဘော်တို့ စစ်သံခွာအောက်မှာရောက်နေတဲ့ အဆောင် စည်းကမ်းတွေ တိုက်ဖျက်ကြ"**ဆိုတဲ့ ရဲရဲတောက်ကြွေးကြော်သံကို လက်သီးလက်မောင်းတန်းပြီး တိုင်လိုက်တော့ လက်ခုပ်လက်ဝါးသံများ အဓိပတိခန်းမကြီးဆီသို့တိုင် ပဲ့တင် ထပ်သွားပါတော့တယ်။ ကိုယ်လုံးကိုယ်ထည် အနေတော်၊ အရပ်အမောင်း ခပ်ပြတ်ပြတ်၊ နဖူးပြောင်ပြောင်၊ဆံပင်နောက်ပြန် ဖီးထားပြီး၊ တိုက်ပုံအင်္ကျီက ခပ်နွမ်းနွမ်း လုံခြည်ကခပ်တိုတို၊ ကပိုကရို ဆီးထားတဲ့ ကိုသက်ရဲ့ နိမ့်ချီမြင့်ချီသံစဉ် အားမာန်အပြည့်နဲ့ ပဲ့တင်နေတဲ့တောင်းဆိုချက်ကြွေးကြော်သံတွေဟာ ကျောင်းသားထုရဲ့ နှလုံးသားတွေထဲ သံမှိုနဲ့စွဲစိုက်ချလိုက်သလို လေးလေးနက်နက် စူးဝင်တုန်ခါ ကျန်ရစ်စေပါတော့တယ်။

ကိုသက်ဟာ ကျနော်တို့ ရန်ကုန်ဟိုက်စကူး (နောင် ဗဟိုစံပြ အထက်တန်းကျောင်း)က ကျောင်းသားဟောင်း တဦး ဖြစ်ပါတယ်။ ရန်ကုန်ဟိုက်စကူးဟာ မြို့မအမျိုးသားကျောင်းလို၊ ကိုလိုနီခေတ်ကစပြီး နယ်ချဲ့ဆန့်ကျင်ရေး မျိုးချစ်စိတ်ထက်သန်တဲ့ ကျောင်းသားလူငယ် အများအပြား မွေးထုတ်ပေးခဲ့ပါ တယ်။ကိုသက်ဟာ ကျောင်းသားကျောင်း သူတွေရဲ့ သာရေးနာရေး လူမှုရေးတွေ ကို အားတက်သရော ကူညီလေ့ရှိပါ တယ်။တက္ကသိုလ်ကျောင်းဆောင်တွေရဲ့နာရေးကိစ္စပေါ်တိုင်း အဆောင်ရှေ့မှာ ဘတ်စ်ကားတစီး ရောက်လာလေ့ရှိတယ်။ ကားရှေ့မှာတော့ ကိုသက်ထိုင်နေလေ့ ရှိပါတယ်။ နာရေးအတွက် အဆောင်နေ ကျောင်းသားကျောင်းသူတွေကို လာကြိုတာပါ။ သက်ဆိုင်ရာ ကျောင်းသားကျောင်းသူရဲ့ နာရေး အမိန့်ပြန်တမ်းကိုလည်း ကျောင်းသားထုကိုယ်စား ဖတ်ကြားပြီး နောက်ဆုံးနှုတ်ဆက်လေ့ ရှိပါတယ်။ ကိုသက်ဟာ ကျောင်းသားကျောင်းသူတွေရဲ့ နာရေး အပါအဝင်လူမှုရေးတွေကိုအဲဒီလို တက်တက်ကြွကြွ ကူညီတတ်သူ တဦးပါ။

အခမ်းအနားမှူးကိုသက် အဆိုတင်သွင်းပြီးနောက်မှာ ကျောင်းသားခေါင်းဆောင်ကိုဘဆွေလေးက သဘာပတိအစီရင်ခံစာ တင်သွင်းတယ်။ ကိုဘဆွေလေးက ကိုလိုနီပညာရေးစနစ် တိုက်ဖျက်ရေး၊ တန်းခွဲ တန်းချစနစ် ဖျက်သိမ်းရေး၊ ဒီမိုကရေစီပညာရေး၊ ကျောင်းသားအခွင့်အရေး စတာတို့ကို အကျယ်အပြန့် ဆွေးနွေး အစီရင်ခံသွားတယ်။ ရန်ကုန်တက္ကသိုလ် ကောင်

# (၇) ရက် ဇူလိုင် အရေးတော်ပုံစိတ်ဓာတ် အမွန်ရှင်သန်ပါစေ

**ရန်ကုန်တက္ကသိုလ် ကျောင်းသား ဟောင်းတဦး**

**အခန်းအမှတ်(၅၀) ပင်းယဆောင်**

# မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

မိုးကြိုး သတင်းစဉ်     အမှတ် (၂၁)

Burma's Independent News Agency
မြန်မာနိုင်ငံ လွတ်လပ်သည့် သတင်း အေဂျင်စီ

စီ၊တက္ကသိုလ်ဆီးနိတ်အဖွဲ့မှာ ကျောင်းသားသမဂ္ဂကိုယ်စားလှယ် ထားရှိခွင့်ပြုရေးတို့ကို နယ်ချဲ့ဆန့်ကျင်ရေးကာလ ကျောင်းသားထုသမိုင်းများနဲ့ လေးလေးနက်နက် ရှင်းလင်း တင်ပြသွားပါတယ်။

သဘာပတိ ကိုဘဆွေလေးရဲ့ တင်ပြချက်များကို တကသ၊ ဗကသ၊ ရကသ ကျောင်းသားကိုယ်စားလှယ်များက ထောက်ခံ ဆွေးနွေးကြတယ်။ ရှမ်းပြည်နယ်ကျောင်းသားများ ကိုယ်စားလှယ်အနေနဲ့ ရှမ်း ခေါင်းပေါင်း စ တိုတို၊ ရှမ်းရိုးရာဝတ်စုံကို သပ်သပ်ရပ်ရပ်ဝတ်ဆင်ထားတဲ့ စိုင်းအောင်ဝင်းကလည်း သဘာပတိရဲ့အဆိုကို ထောက်ခံ ဆွေးနွေးသွားတယ်။မွန်းတည့်(၁)နာရီကျော်မှာ ကျောင်းသားကိုယ်စားလှယ်အသီးသီးရဲ့ အဆိုပြုချက်၊ တင်ပြကန့်ကွက်ချက်တွေကို အတည်ပြုကြပြီး၊ ဇူလိုင် (၇) ရက် ကျောင်းသားထု အစည်းအဝေးကြီးကို အောင်မြင်စွာ ကျင်းပပြီးသွားပါတယ်။ ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂက ဦးစီးကျင်းပတဲ့ ကျောင်းသားထု အစည်းအဝေးကြီးရဲ့ ဆုံးဖြတ်ချက်အနေနဲ့ **မတရားတဲ့အဆောင်စည်းကမ်းဖျက်သိမ်းရေး** ကျောင်းသားထု ဆန္ဒပြပွဲကို ကျောင်းသားသမဂ္ဂ အဆောက်အအုံ ပတ်လည်မှာ စီတန်းလှည့်လည်ရန် တင်ပြရင်း အစည်းအဝေးကြီးကို ခေတ္တရပ်နားလိုက်ပါတယ်။ ကြွေးကြော်သံများ လက်ခုပ်လက်ဝါးသံများဟာ ကျောင်းသားသမဂ္ဂ အဆောက်အအုံကြီးတောင် တုန်လှုပ်သွားခမန်း မိုးလုံးညီသွားပါတယ်။

အစည်းအဝေးကြီး ခေတ္တနားလိုက်တော့ တချို့ ကျောင်းသားကျောင်းသူတွေ အဆောင်ပြန်ကြပါတယ်။တချို့လည်းသမဂ္ဂစားသောက်ဆိုင်မှာ ဝင်ထိုင်ကြတယ်။ တချို့ကတော့ မြက်ခင်းပြင်မှာ စကားလက်ဆုံကျနေကြပါတယ်။ကျနော်နဲ့ သူငယ်ချင်းတစုလဲ ရန်ကုန်မြို့ထဲ ထွက်လည်ကြတယ်။ ညနေ ၃နာရီကျော်မှာ ဆူးလေဘုရားလမ်း ကားဂိတ်အမှတ် (၈)ကားနဲ့ အဆောင်ကို ပြန်လာတယ်။ ကုက္ကိုင်းလမ်းဆုံရောက်တော့ ကားတွေ တန်းစီရပ်ထားတာ တွေ့ရတယ်။ ကျနော်တို့စီးလာတဲ့ကားလဲ ဆက်မထွက်တော့ဘူး။ ကိုက္ကိုင်းလမ်းဆုံမှာ ကျောင်းသားကျောင်းသူတွေ ဟိုတစု၊ ဒီတစု စကားတီးတိုး ပြောနေကြတယ်။ နောက် ဘယ်သူဘယ်ဝါက စ ပြောလိုက်မှန်း မမှတ်မိတော့ပါဘူး။ "ခင်ဗျားတို့ကား ဆက်မထွက်ဘူး။ လိုင်းကားတွေ ကျောင်းထဲဝင်လို့ မရဘူး။ အဝိုင်းလေးဘက်က သေနတ်သံကြားတယ်။စစ်တပ်က ကျောင်းသားတွေကို ဝိုင်းထားတယ်"တဲ့။ အဆောင်နေ ကျောင်းသူကျောင်းသား တချို့လဲ ခရီးလွန်နေကြလို့ အဆောင်မှာ ဘာတွေဖြစ်နေကြလဲ မသိတော့ပါ။ကျနော်တို့လည်း လိုင်းကား ဆက်မထွက်လို့ အင်းလျားလမ်းမကြီးအတိုင်း ခြေလျင် အပြေးအလွှား လျှောက်ကြတယ်။ ကျောင်းသူ ကျောင်းသားတချို့လဲ အိမ်ကြိုအိမ်ကြားဖြတ်၊ ခြံစည်းရိုးတွေ အတန်တန်ကျော်ပြီး ကိုယ့်အဆောင်ကို ရောက်အောင်ပြန်ကြရတယ်။ ကျနော်တို့လဲ ဆရာ၊ဆရာမတွေရဲ့ အိမ်တွေကြားကဖြတ်ခြံစည်းရိုးကျော် ပုဂံလမ်းကနေပြီး ပိတောက်လမ်း လျှောက်လာတော့ သထုံဆောင်ထိပ်က ပိတောက်လမ်းဆုံမှာ မောင်းပြန်သေနတ် ကိုင်ထားတဲ့ စစ်သားတယောက်နဲ့ တွေ့တယ်။ကျနော်တို့ ဆက်လျှောက်တော့ စစ်ဗိုလ်တယောက် ဘယ်ကထွက်လာတယ် မသိဘူး။ "မင်းတို့အဆောင်ကို သွားလို့မရဘူး"ဆိုတဲ့ တုံးတိတိ ပြောသံ ကြားလိုက်ရတယ်။ ကျနော်တို့ ကျောင်းဆောင်လမ်းတွေကို စစ်သားတွေ ပိတ်ထားပြီဆိုတာ မျက်မြင်ကိုယ်တွေ့ ကြုံကြပြီ။

တက္ကသိုလ်စာတိုက်နဲ့ အဝိုင်းကလေးတဝိုက်မှာ မောင်းပြန်သေနတ်နဲ့ စစ်သားတွေကိုလဲ တွေ့ကြရတယ်။ ကျောင်းဆောင်အရောက် ပြန်ကြမယ်ဆိုပြီး နောက်ကြောင်းလမ်းတိုင်း ပြန်ဆုပ်ကြပြီး တက္ကသိုလ်နည်းပြဆရာတွေ၊ကထိကတွေနေတဲ့ အဆောင်ဘက်ဆီလှည့်ပြီး ခြံစည်းရိုးတွေ၊ တိုက်ကြားတွေ ကျော်ကြတယ်။ တက္ကသိုလ်နယ်မြေ ခြံစည်းရိုးကျော်ဖြတ်တာ ကျွမ်းနေလို့ နွားရိုင်း သွင်းချိန်မှာ ပါမောက္ခအိမ်တွေ ဖြတ်ကျော်ပြီး သထုံဆောင်ဘေး ရောက်လာတယ်။ ကျနော်က ပင်းယဆောင်ဘက်ကို ကော်ရစ်ဒါကနေ ဖြတ်ကျော်သွားတယ်။

ကျနော် အဆောင်ရှေ့ ပြန်ရောက်တော့ သူငယ်ချင်းတွေ ဟိုတစု ဒီတစု စကားပြောနေတာတွေ့ရတယ်။ အဆောင်ပတ်ဝန်းကျင်တခုလုံး တိတ်ဆိတ်နေတယ်။ ကိုယ့်အဆောင် ကိုယ်ပြန်ရောက်တော့ ဝမ်းလည်းသာတယ်။ ဝမ်းလည်းနည်းသလို ခံစားရတယ်။ အဆောင်နေကျောင်းသားတွေရဲ့ မျက်နှာက ပြုံးရွှင်နေတဲ့ အရိပ်အရောင် မတွေ့ရဘူး။ သူငယ်ချင်းအားလုံးရဲ့ မျက်နှာတွေဟာ ညိုမဲပြီး၊ စိတ်မသက်မသာခံစားနေရတဲ့ပုံဟာ အတိုင်းသားပေါ်နေကြပါတယ်။

ကျနော်လဲ အခန်းသော့ဖွင့်ပြီး တခြားအခန်းတွေ လျှောက်ကြည့်တယ်။အဆောင်နေ ကျောင်းသားတွေ အများအပြား ပြန်မလာကြဘူး။ တချို့ အခန်းက သော့ပိတ်ထားဆဲ၊ တချို့ အခန်းက သော့တန်းလန်းနဲ့၊ ကျောင်းသားပေါင်း ၂၀၀ နီးပါးရှိတဲ့ ကျနော်တို့အဆောင်ဟာ ကျောင်းသား ၅၀လောက်ပဲ အဆောင်မှာ ကျန်တော့တယ်။ ဘယ်ရောက်လို့၊ ဘယ်ပေါက်ကုန်မှန်း မသိတော့ဘူး။ သထုံဆောင်၊ စစ်ကိုင်း ဆောင်၊ပဲခူးဆောင်၊ ရွှေဘိုဆောင်တွေမှာလဲ ကျောင်းသားအများစု ပြန်မလာကြဘူး။ ကျောင်းဆောင်မှာကျန်တဲ့ ကျောင်းသားအများစုကတော့ ရပ်ဝေးနယ်ဝေးကကျောင်းသားတွေ များပါတယ်။

ညနေ ၆ နာရီလောက်မှာ G3/G4 မောင်းပြန်သေနတ်ကိုင် အသင့်အနေအထားနဲ့ စစ်သားတွေ အဓိပတိလမ်းမကြီးအတိုင်း နေရာဝင်ယူလာတာ အဆောင်ထဲကနေမြင်နေရတယ်။ အဆောင်ရှေ့က မိန်း တံခါးမကြီးကိုလဲ သော့ခတ်ပိတ်ထားပြီး စစ်ဗိုလ်တယောက် တံခါးဝမှာစောင့်နေတယ်။ အဓိပတိလမ်းမကြီးဖြတ်ပြီး တောင်ငူ၊ မန္တလေးကျောင်းဆောင်ဘက် သွားလို့ မရတော့ဘူး။ကျောင်းဆောင်တခုနဲ့ တခု သွားလာတာတွေ ပိတ်လိုက်ပြီ။ ကျနော်လဲအချိန်ရတုန်း ကျနော်တို့ အညာက သူငယ်ချင်း သန်းနိုင်နေတဲ့ အင်းဝဆောင်ဘက် သွားတယ်။သူငယ်ချင်းကို အခန်းမှာပဲ သွားတွေ့တော့ တော်တော်ပျော်သွားတယ်။ ဘယ်လိုဖြစ်ကြတာလဲ၊ အခြေအနေ ဖြစ်ကြောင်းကုန်စင် သူငယ်ချင်းကိုပဲ မေးရတော့တယ်။

"မင်းတို့ အစည်းအဝေးပြီးလို့ မြို့ထဲထွက်သွားပြီးတဲ့နောက်မှာ အရပ်ဝတ် ဝတ်ထားတဲ့ စစ်စုံထောက်တွေ သမဂ္ဂအဆောက်အဦးထဲ ရောက်လာတယ်။ ရဲတချို့လဲ နောက်မှာ ကပ်ပါလာတယ်လို့ သိရတယ်။ အရပ်ဝတ်ဝတ်ထားတဲ့ စစ်စုံထောက်တွေက ကျောင်းသားခေါင်းဆောင်တွေကို ဝင်ဖမ်းတယ်။ကျောင်းသားနဲ့ စစ်စုံထောက်တွေ အပြန်အလှန် ထိုးကြိတ်ကြပြီး ရုန်းရင်းဆန်ခတ် ဖြစ်ကြတယ်။ ကျောင်းသားတွေကလည်း စုံထောက်တွေနဲ့ ရဲတွေကို တွေ့ရာခဲတွေနဲ့ ပစ်ပေါက်ကြတော့ ရဲတွေနောက်က တပ်တွေပြန်ပါလာပြီး ကျောင်းသားတွေကို သေနတ်တွေနဲ့ ခြိမ်းခြောက်ကြတယ်။ မျက်ရည်ယိုဗုံးတွေနဲ့ ကျောင်းသားတွေကို လူစုခွဲတယ်။

ညနေ ၅ နာရီကျော်လောက်မှာ စစ်ကား ၂ စီးရောက်လာပြီး မန္တလေးဆောင်၊ရာမညဆောင်နဲ့ အဓိပတိလမ်းတလျှောက် မောင်းပြန်သေနတ်တွေနဲ့ ပစ်တော့တာပဲ။သေနတ် စပစ်တော့ ကျောင်းသားတွေလဲ ဦးတည်ရာ ပြေးကြတယ်။ "ငါလဲ မန္တလေးကျောင်းဆောင်ရှေ့က အဓိပတိလမ်းမကြီးရဲ့ ရေမြောင်းအတိုင်း ပြေးလာလို့ အဆောင်ပြန်ရောက်တာ၊နို့မဟုတ်ရင် မင်းနဲ့ငါ တွေ့ကြရမှာမဟုတ်ဘူး" လို့ ဝမ်းနဲပက်လက်ပြောပြတယ်။ ပြီးတော့"အဓိပတိလမ်းမကြီးပေါ်က ပြေးကြတဲ့ ကျောင်းသားတွေကတော့ သေနတ်ဒဏ်ရာနဲ့ သွေးရဲရဲအတုံးအရုံး လဲကျသွားကြတယ်။မန္တလေး ကျောင်းဆောင် ပေါ်တီကိုပေါ်က ရပ်ကြည့်နေတဲ့ ကျောင်းသားကို G3 မောင်းပြန်သေနတ်နဲ့ ပစ်တာ မြေညီထပ်ကျပြီး အသက်ပျောက်သွားတယ်။ စစ်သားတွေဟာ ကျောင်းသားတွေကို အပြေးချီတက်ပြီးတိုက်ခိုက်တာ ပင်းယကျောင်းဆောင်ရှေ့အထိ ရောက်လာတယ်" လို့ ဆက်ပြောတယ်။ ကျနော်တို့ရဲ့ ပင်းယကျောင်းဆောင် ပေါ်တီကို လေးဒေါင့်တိုင်ကြီး မျက်နှာစာမှာလဲ သေနတ်ကျည်ဆံရာ ၄ပေါက်၊ ၅ ပေါက်တွေ့ရတယ်။ကျနော်တို့အဆောင်ကျောင်းသားတွေနဲ့ ကျနော်တို့ လက်ညှိုးထိုးပြီးလှည့်ကြည့်ကြတယ်။အဆောင်တွေကိုလဲ အဝေးကနေ သေနတ်နဲ့လှမ်းပစ်တယ်။ ကျနော့်သူငယ်ချင်း ညောင်လေးပင်က ကျောင်းသားဟာ ကျည်ဆံ ၃ချက်ထိပြီး လဲသွားတယ်။ ဆေးရုံကြီးကို အချိန်မီရောက်လို့ အသက်ရှင်နေပေမယ့် ပါးစပ်ရဲ့ ပါးကြိုးနဲ့ မျက်နှာတပိုင်း ပျက်စီးသွားရတယ်။ တချို့ ကျောင်းသားတွေဟာ သေနတ်ဒဏ်ရာနဲ့ ကျောင်းသားသမဂ္ဂအဆောက်အဦးထဲမှာ ဝင်ပုန်းနေကြရတယ်။ မြောင်းမြကကျောင်းသား ကိုကျော်ဝင်းဟာ သေနတ်ဒဏ်ရာရခဲ့ပြီး နံရံမှာ သူ့သွေးနဲ့ စာရေးသွားခဲ့တယ်။ ကျောင်းသား အများအပြား ကျဆုံးခဲ့ရပြီး တချို့ အင်းစိန်ထောင်မှာ ဖမ်းဆီးထားခြင်း ခံနေကြရပြီ။

စစ်အစိုးရက ကျောင်းသား (၁၇)ဦးသာ သေဆုံးကြောင်း ရေဒီယိုက ကြေညာပေမယ့် အားလုံးပေါင်း သေကြေဒဏ်ရာရတာ (၁၀၀)ကျော်ပါတယ်။

ည ၆နာရီကျော်လောက်မှာ ကျနော်တို့ အဆောင်တံခါးကို သော့လာခတ်ပါတယ်။ အလားတူ ပဲခူး၊သထုံ၊ အင်းဝ၊ရွှေဘို၊ စစ်ကိုင်းကျောင်းဆောင်တွေကိုလဲ သော့ခတ်လိုက်ပါတယ်။ ကျောင်းသားတွေ တဆောင်နဲ့ တဆောင် သွားလည်လို့ မရတော့ပါ။ အဓိပတိလမ်းမကြီးရဲ့ တဖက်မှာရှိတဲ့ မန္တလေး၊ တောင်ငူ၊ ရာမညစတဲ့ အမျိုးသားကျောင်းဆောင်တွေနဲ့ အင်းလျား၊ ရတနာ၊သီရိစတဲ့ အမျိုးသမီး ကျောင်းဆောင်တွေနဲ့ပါ အဆက်ပြတ်သွား တော့ အဲဒီဘက်က ဘာတွေဖြစ်နေ ကုန်လည်း မသိရတော့ပါ။ အဓိပတိ လမ်းမကြီးရဲ့ ကတ္တရာ လမ်းမပေါ်မှာ တော့



သမိုင်းဝင် ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ အဆောက်အဦးကြီး



ဗိုလ်နေဝင်းနှင့် အပေါင်းပါတို့၏လက်ချက်ကြောင့်ပျက်စီးခဲ့ရသည့် သမိုင်းဝင် ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ အဆောက်အဦးကြီး



မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီမှထုတ်ဝေသည်

မြန်မာနိုင်ငံ လွတ်လပ်သည့် သတင်းအေဂျင်စီ

# မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

မိုးကြိုး သတင်းစဉ် အမှတ် (၂၂)

G3သေနတ်ကို ကျောင်းဆောင် ဖက်လှည့်ထားပြီးဦးထုပ် ခေါင်းအုံးလုပ်ကာ ပက်လက်လှန်ပြီး စစ်သားများ နေရာယူအိပ်စက် နားနေကြပါတယ်။ တက္ကသိုလ်ကျောင်းဆောင်အသီးသီး တိတ်ဆိတ်နေပါတယ်။ ကျောင်းသားအနည်းစုသာ သဟာယနဲ့စာဖတ်သင်းခန်းမမှာ သတင်းစာဖတ်၊ရေဒီယို နားထောင်နေကြတယ်။ညဘက် မှောင်ကျနေပေမယ့် ကျောင်းဆောင် တဆောင်နဲ့တဆောင် သံချောင်းခေါက်ပြီး ဆက်သွယ်ကြတယ်။ တချက် တချက် အဆောင်ကြားက စစ်အစိုးရဆန့်ကျင်ရေး ကြွေးကြော်သံတွေ ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာပါတယ်။ ကျနော်နဲ့အတူနေတဲ့ သူငယ်ချင်း ဝင်းနိုင်လည်း ပြန်ရောက်လာတာမို့ တယောက်နဲ့တယောက် တီးတိုး စကားပြောကြတုန်း မီးပြတ်သွားပါတယ်။ တခြားအခန်းတွေလဲ မီးမလာကြတော့ပါ။ တခြား အဆောင်တွေလဲ မီးရောင်မတွေ့ရတော့ပါ။ တက္ကသိုလ်ကျောင်းဆောင်တွေကို စစ်အစိုးရက မီးဖြတ်၊အဆောင်တံခါးတွေ ချိတ် ပိတ်ပြီး တက္ကသိုလ်နယ်မြေတခုလုံး စစ်တန်းလျား လုပ်လိုက်ပါပြီ။

ရန်ကုန်တက္ကသိုလ်ကြီးရဲ့ အသည်းနှလုံး အဓိပတိလမ်းမပေါ် စစ်ဖိနပ်သံတွေ ကျူးကျော်ရောက်ရှိနေပါပြီ။ သားကောင်းရတနာ၊ သမီးကောင်း ရတနာ ကျောင်းသား ကျောင်းသူတွေရဲ့ နီရဲတဲ့သွေးစက်တွေ အမိတက္ကသိုလ်မြေတပြင်လုံး စွန်းထင်းပေကျံနေရပါပြီ။ ယမ်းနံ့ယမ်းခိုးတွေကို ရှူရှိုက်လိုက်ရတဲ့ ကံ့ကော်တောဟာ ကြေကွဲစွာအမှောင်ရိပ်မှာ တိတ်ဆိတ်စွာ မျက်ရည်ကျနေပါပြီ။

ကျနော်တို့လဲ မှောင်ကြီးမဲမဲကြားမှာ ရင်နင့်စရာစကားတွေ ပြောကြရင်း မောမောနဲ့ အိပ်မောကျသွားကြပါတော့တယ်။

ဇူလိုင်လ'၈'ရက် ဝေလီဝေလင်းမှာ အဆောင်တခုလုံး တုန်လှုပ်သွားတဲ့ "ပေါက်ကွဲသံကြီး" မြည်ဟီးသံ ကြောင့် ကျနော်တို့ သူငယ်ချင်း နှစ် ယောက် အိပ်ယာက လန့်နိုးလာပါ တယ်။ သူငယ်ချင်း ဝင်းနိုင်က ကုတင်ပေါ်ကလန့်ပြီး အခန်းပြင် ထွက်ပြေးပါတယ်။အခန်းကလဲ တုန်လှုပ်ပြီး ပွင့်သွားပါတယ်။ ကျနော်လဲ အိပ်ယာကထပြီး ရေချိုးခန်းကနေ သထုံဆောင်ဘက် မျှော်ကြည့်လိုက်ပါတယ်။

တက္ကသိုလ် အလေးမခန်းမဆောင်ဘက်က မိုးကောင်းကင်ကို မော့ကြည့်လိုက်တော့ မီးခိုးလုံးကြီးတွေ လှိမ့်တက်နေပါတယ်။ စာရွက်စာတမ်းတွေ လေထဲမှာဝဲပျံပြီး မီးလောင်ပြာတွေ ကျလာနေပါတယ်။ ဘာဖြစ်မှန်းမသိကြလို့ ကျောင်းဆောင်ခန်းကနေ သထုံကျောင်းဆောင်ဘက်ဆီ ထွက်ကြည့်ကြတယ်။ တက္ကသိုလ် အလေးမအသင်း ခေါင်မိုးတွေ ပြိုကျနေတယ်။ နံရံတွေလဲ အက်ကြောင်းတွေနဲ့ ပြိုလဲနေတယ်။ မန္တလေးကျောင်းဆောင်ရဲ့ ကော်ရစ်ဒါလဲ အက်ကြောင်းပေါ်လာတယ်။တောင်ငူဆောင်တံခါးက ကျောက်တိုင်လဲ ဗုံးဒဏ်ကြောင့် အက်ကွဲသွားတယ်။ နောက် ကျောင်းသားသမဂ္ဂအဆောက်အအုံကြီးဘက် လှည့်ကြည့်တော့ သမဂ္ဂ အဆောက်အအုံကြီးဟာ သဲပုံစေတီပမာ ပြင်းထန်တဲ့ နံရံကပ်ဗုံးကြောင့် ပြိုကျပျက်စီးသွားပါပြီ။ စစ်အစိုးရက"သမိုင်းဝင်ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ အဆောက်အဦးကြီး"ကို မိုင်းဗုံးနဲ့ ဖြိုခွဲလိုက်ပါပြီ။ မီးလောင်ဗုံးရဲ့ဒဏ်ကြောင့် မီးခိုးပြာများ အနံ့အသက်များဟာ တက္ကသိုလ်တခွင် လွင့်စင်နေပါတော့တယ်။ နောက် စစ်သားများ မီးလောင်မြေ သမဂ္ဂအဆောက်အဦးတဝိုက် ကင်းချထားပါတယ်။နံနက် ၇နာရီကျော်လောက်မှာ ပြန်လာပြီး အလေးမရုံအတွင်းကို ဝင်ကြည့်ကြတယ်။ အလေးမရုံရဲ့ စားသောက်ခန်းလဲ ပျက်စီးသွားတယ်။ နို့ပုလင်းတွေ၊ဖျော်ရည် ဘီလပ်ရည်ပုလင်းတွေလဲ ကွဲအက်ပြိုလဲနေတယ်။

အဆောင်နေ ကျောင်းသားတွေဟာ သမဂ္ဂ မီးလောင်မြေကိုကြည့်ပြီး ကိုယ့်အဆောင် ကိုယ် ပြန်ကြတယ်။ အဆောင်လည်း ပြန်ရောက်ရော ရေလဲမလာ၊ မီးလဲမလာ၊ ထမင်းလဲ မစားကြရတော့ပါ။ စစ်အစိုးရက အဆောင်နေကျောင်းသားတွေကို မီး၊ ရေ၊ ရိက္ခာ ဖြတ်လိုက်ပြန်ပါပြီ။ ကျောင်းဆောင်တွင်းကျောင်းသားတွေဟာ ဆူညံလာပြီး ဒေါသူပုန်ထကြပါတော့တယ်။ သံချောင်းတွေ ခေါက်ကြပြီး "စစ်အစိုးရအလိုမရှိ" ကြွေးကြော်သံတွေနဲ့ ကျောင်းသားသီချင်းများ ဆိုကြပါတယ်။ ရေဒီယိုနားတောင်နေတဲ့ ကျောင်းသားတယောက်က "ဗိုလ်နေဝင်း ရေဒီယိုကနေ မိန့်ခွန်းပြောမယ်"ဆိုလို့ ကျောင်းသားအများစုဟာ သဟာယနဲ့ စာဖတ်အသင်း အခန်းထဲ စုဝေးရောက်ရှိ လာကြပါတယ်။

ဇူလိုင်လ(၈)ရက်နေ့နံနက် ၈ နာရီ ရေဒီယိုသတင်းကနေပြီး ဗိုလ်နေဝင်းက"ဓါးကိုဓါးနဲ့ လှံကိုလှံနဲ့ ရင်ဆိုင်ဖို့ပဲ ရှိတော့တယ်" ဆိုတဲ့ ဓါးဓါးချင်း၊ လှံလှံချင်း မိန့်ခွန်းတိုနဲ့ ကျောင်းသားထုကြီးကို ခြိမ်းခြောက်ပြန်ပါတယ်။ မိုက်ရိုင်းလှချည်ကလား။ လက်နက်ဆိုလို့ အပ်တို တချောင်းတောင် ကိုင်မထားကြတဲ့ တိုင်းပြည်ရဲ့ အညွန့်အဖူးကျောင်းသူ ကျောင်းသားတွေအပေါ်၊ စစ်ရှူး စစ်ဘီလူးသဘက်တွေ ဗိုဗိုဂျီသရီး၊ဂျီဖိုးမောင်းပြန်သေနတ်တွေနဲ့ ထင်သလိုရမ်းကား သတ်ဖြတ်ပြီးတာတောင် အားမရနိုင်သေးဘဲ၊ "ဓါးကိုဓါးချင်း လှံကိုလှံချင်း"လို့ ရမ်းရမ်းကားကား လူမိုက်စကား ခေါ်နေပြန်ပါကလား။

အင်္ဂလိပ် နယ်ချဲ့များကတောင် လက်ဖျားနဲ့မတို့ဝံ့ခဲ့တဲ့ သမိုင်းအစဉ်အလာ၊ သမိုင်းတန်ဖိုး ကြီးမားလှတဲ့ ကျောင်းသားသမဂ္ဂ အဆောက်အဦကြီးကို ပြာပုံဖြစ်အောင် မိုင်းခွဲပြီး ဖြိုချ ရဲတာဟာ ရောမ သတ္တိကြီးတဲ့လား။ စစ်အာဏာရှင်ရူးတွေဟာ အာဏာက လွဲလို့ ဘာမှ တန်ဖိုးနားလည်သူတွေ မဟုတ်ကြောင်း၊ ယုတ်မာကောက်ကျစ် သူတွေသာ ဖြစ်ကြောင်း ထပ်လောင်း ဖော်ပြလိုက် တာပဲ ဖြစ်ပါတယ်။ သူတို့ သေတောင်ဆပ်လို့မကြေနိုင်တော့မယ့် သွေးကြွေးတွေ တင်ကျန်ခဲ့ပြီဆိုတာ အာဏာဆိပ်တက်နေသူတွေ မသိနိုင် ကြ ခဲ့ပါကလား။

အဆောင်နေ ကျောင်းသားတွေ ၂၄ နာရီအတွင်း အဆောင်က ထွက်ကြရမယ်တဲ့....ရန်ကုန်တက္ကသိုလ်ကြီးကိုလည်း ရက်အကန့်အသတ်မရှိ ပိတ်လိုက်ပြီလို့ ကြေညာချက်ထုတ်ပြန်တယ်။

ကျောင်းဆောင်တွေမှာ နောက်ဆုံး ကျန်နေတဲ့ ကျောင်းသားတွေလဲ ဗိုလ်နေဝင်းရဲ့ ထုတ်ပြန်ကြေညာချက်တွေကြောင့် စစ်အစိုးရအပေါ် ကလဲ့စားချေချင်တဲ့စိတ်တွေ ပိုပြီးတိုးလာတယ်။ စစ်အစိုးရရဲ့ ရန်လိုမုန်းထားမှုတွေကို နာကျည်းကြတယ်။ စစ်အစိုးရကို ကမ္ဘာမကြေ ဥဒါန်းမကြေ အတွင်းကြိတ်ပြီး စစ်ကြေငြာကြတော့တယ်။

အဆောင်နေကျောင်းသားများ နံနက် ၁၀ နာရီ ထိုးပေမယ့် နံနက်စာမစားကြရသေး၊နံနက် ၁၁ နာရီကျော်လောက်မှာ ကျောင်းသားရေးရာမှူး ဦးစံထွန်းနဲ့အတူ ဗိုလ်မှူးတဦး ပင်းယဆောင်ရှေ့မှာ ရောက်လာတယ်။ကျောင်းသားရေးရာမှူးကို ကျောင်းသားတွေ အဝေးကမြင်တွေ့ရင်ပဲ"ဒို့ဆရာ လာပြီကွ.... ဒို့ဆရာ လာပြီကွ" ဆိုပြီး အော်ဟစ်နှုတ်ဆက်ပါတယ်။ ကျောင်းသားတချို့ကလည်း ဆရာရေ ထမင်းမစားရသေးဘူး၊ ထမင်းဆာလှပြီဟု အော်ကြပါတယ်။ ကျောင်းသားရေးရာမှူး ဦးစံထွန်းက "မင်းတို့ မပူကြနဲ့ ဆရာလာပြီ၊ မင်းတို့ထမင်းစားဖို့ ပြင်ဦးမယ်"လို့ ရင်ဆို့သံကြီးနဲ့ ပြန်ပြောပါတယ်။ ကျနော်တို့ရဲ့ ကျောင်းသားရေးရာမှူး ဦးစံထွန်းဟာ အမြဲတမ်း ပြုံးရွှင် ဖော်ရွေနေတဲ့ မျက်နှာသွင်ပြင်ရှိပါတယ်။ ကျောင်းသား ကျောင်းသူနဲ့ တပြုံးပြုံး စကားပြောလေ့ ရှိပါတယ်။ ကျောင်းသားထုက ကျောင်းသားရေးရာမှူး ဦးစံထွန်းကို ချစ်လဲချစ်ခင်၊ လေးလည်း လေးစားကြတယ်။ ဆရာရဲ့ ဆုံးမ ဖြောင့်ဖြမှုတွေကို လက်ခံကြတယ်။ အခုအကြိမ် ဆရာ့မျက်နှာဟာ အပြုံးရောင် မသန်းနိုင်တော့ပါ။ ဆရာ့မျက်နှာကြီးဟာ ညိုမဲနေပါတယ်။ငိုမလိုလိုနဲ့ မဲ့နေပါတယ်။ငါတို့ဆရာလည်း ငါတို့လို ခံစားနေရပြီဆိုတာ ဆရာရဲ့ မတက်မကြွ လှုပ်ရှားမှုတွေက ဖေါ်ပြနေပါပြီ။ တချို့ ကျောင်းသားတွေက လက်ခုပ်လက်ဝါးတီးရုံမက သံတိုင်များ ခေါက်ပြီး "ငါတို့ဆရာကွ ငါတို့ဆရာ"လို့ အားပေးနှုတ်ဆက်ကြတယ်။ဆရာဟာ အဆောင် ၅ ဆောင်က ကျောင်းသားတွေကို သွားရောက်နှုတ်ဆက် အားပေးစကားပြောပြီး၊ ကျောင်းဆောင်တွေကျောပေးပြီး ဗိုလ်မှူးတဦးနဲ့ ခေါင်းငိုက်စိုက်ချပြီး ထွက်ခွာသွားပါတော့တယ်။ (၆၂ခုနှစ်က ကျောင်းသားရေးရာမှူး ဆရာဦးစံထွန်းနဲ့ ဆရာဦးယုခင် ကျောင်းသားရေးရာမှူး နှစ်ယောက် ရှိပါတယ်။ ဆရာဦးစံထွန်း အနားယူပြီးနောက် ဦးယုခင် တာဝန်ယူပါတယ်။ ၆၄ ခုနှစ်ရောက်တော့ ကျောင်းသားရေးရာမှူးစနစ်များ ဖျက်သိမ်းပစ်လိုက်ပါတယ်။ )

မွန်းတည့် ၁၂ နာရီမှာ ကျောင်းဆောင် ၆ ဆောင်က ကျောင်းသားတွေစုစည်းကြပြီး သထုံကျောင်းဆောင်ထမင်းစားခန်းမမှာ ထမင်းကြော်ပြီး ကြွေးပါတယ်။ ပဲခူး၊ ပင်းယ၊ ရွှေဘို၊ စစ်ကိုင်း၊အင်းဝ၊ သထုံကျောင်းဆောင်မှာ ကျန်နေကြတဲ့ ကျောင်းသားတရာကျော် အတွေးကိုယ်စီနဲ့ ထမင်းကြော်စားနေတာကြည့်ရင်း ရင်ထဲမှာ တခုခုလိုနေသလို ခံစားရတယ်။

ရန်ကုန်တက္ကသိုလ် နယ်မြေရှိပင်မအဆောင်တွေ၊ မန္တလေး၊ တောင်ငူကျောင်းဆောင်တွေ၊အင်းလျား၊ ရတနာအမျိုးသမီး ကျောင်းဆောင်တွေ မှာ ကျန်ရှိနေတဲ့ ကျောင်းသူ ကျောင်းသားတွေအားလုံး ဇူလိုင် (၉) ရက်နေ့ နံနက် ၁၂ နာရီ နောက်ဆုံးထားပြီး အဆောင်များကထွက်ခွာရန် အမိန့်ထုတ်ပြန်တော့တာမို့ ကျောင်းသူ ကျောင်းသားအားလုံး အမိတက္ကသိုလ်မြေက မခွဲခွာချင်ဘဲနဲ့ ထွက်ခွာကြရမှာမို့ အထုပ်အပိုး ပြင်နေကြရတယ်။ အဆောင်အသီးသီးက အဆောင်မှူးတွေကလည်း တက္ကသိုလ်ကျောင်းကြီး ရက်အကန့်အသတ်မရှိ ပိတ်လိုက်တာမို့ မိမိအရပ်ပြန်ပြီး အနားယူကြရန် ဖြောင့်ဖြ ပြောဆိုပါတယ်။ ကားဂိတ်၊ မီးရထားဘူတာ၊ လေယာဉ်ကွင်းအထိ လိုက်လံပို့ဆောင်ပေးမယ်လို့လဲ ဆိုလာပါတယ်။ အဆောင် ကျောင်းသားများလည်း မွန်းတည့် ၁၂နာရီထိုးမှာ အဆောင်အသီးသီးက အမိတက္ကသိုလ်မြေကို နှုတ်ဆက်ရင်း ဒေသအသီးသီးကို ထွက်ခွာကြရပါတော့တယ်။

ကျနော်လဲ စိတ်လက် လေးလံစွာနဲ့ အထုပ်အပိုး တနိုင်သယ်ပြီး အဆောင်ရှေ့မှာ အသင့်စောင့်နေတဲ့ တက်စီကားပေါ် တက်လိုက်ရပါတယ်။ ကားကလေးဟာ အဆောင်ရှေ့က ထွက်လာပြီး အဓိပတိလမ်းမကြီး အတိုင်း အဝိုင်းကလေးကို ဦးတည်မောင်းနေတယ်။ လမ်းမကြီးရဲ့ ဝဲယာမှာ သမဂ္ဂအဆောက်အဦး မီးလောင်မြေမှာ မောင်းပြန်သေနတ်တွေနဲ့ ကင်းလှည့်နေတဲ့ စစ်သားတွေကို ငေးမောကြည့်ရင်း သုဿန်တစပြင်မှာ ကောင်သေကောင်သားစားရန် ဆိုင်းငံ့နေတဲ့ လင်းတ၊ငှက်သိန်းတို့ကို မြင်ယောင်နေရင်း၊အံကို တင်းတင်း ကြိတ်မိရင်း ကားဘီးလိမ့်ရာ ရန်ကုန် မီးရထားဘူတာကြီးဆီ လိုက်ပါသွားရပါတော့တယ်။

ဇူလိုင် (၇) ရက် အရေးတော်ပုံကြီးမှာ ကျဆုံးသွားကြတဲ့ ကျောင်းသူ ကျောင်းသားအပေါင်းအား ဦးညွှတ် အလေးပြုလိုက်ပါတယ်။

❖



## အလုံ ပိတ်ထား သော ပြတင်း ပေါက်မှ ချောင်းကြည့်ခြင်း

အဲဒီ နေရာမှာ
ချစ်စရာအပြုံးတွေ ရှိခဲ့တယ်
အဲဒီ နေရာမှာ
လမ်းပြမယ့် အလင်းရောင်ရှိခဲ့တယ်။

အဲဒီ နေရာမှာ
စည်းလုံးမှုအင်အား ရှိခဲ့တယ်
အဲဒီ နေရာမှာ
မိသားစုစိတ်ဓာတ် ရှိခဲ့တယ်။

အဲဒီ နေရာမှာ
အတတ်ပညာမျိုးစုံ ရှိခဲ့တယ်
အဲဒီ နေရာမှာ
အနာဂတ်အသစ်တွေ ရှိခဲ့တယ်။

အဲဒီ နေရာမှာ
အမှန်တရားနဲ့ သစ္စာရှိခဲ့တယ်
အဲဒီ နေရာမှာ
နှလုံးသားအဖြူရောင် ရှိခဲ့တယ်။

အဲဒီ နေရာမှာ
ခေါင်းဆောင်ကောင်းတွေ ရှိခဲ့တယ်
အဲဒီ နေရာမှာ
နောက်လိုက်ကောင်းတွေလည်း ရှိခဲ့တယ်။

အဲဒီ နေရာမှာ
မဟုတ် မခံတဲ့စိတ် ရှိခဲ့တယ်
အဲဒီ နေရာမှာ
သူရဲကောင်းတွေ ရှိခဲ့တယ်။



အဲဒီ နေရာမှာ
ပန်းပေါင်းမျိုးစုံ ပွင့်ခဲ့တယ်
အဲဒီ နေရာမှာ
မွှေးရနံ့မျိုးစုံ ကြိုင်ခဲ့တယ်။

တချိန်တုန်းက
အဲဒီ နေရာမှာ
ကျနော်တို့ရဲ့ တက္ကသိုလ်ကြီး
တည်ရှိခဲ့ဖူးတယ်။ ။

မင်းရဲ